www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**စီစဉ်သူ**

ကိုမိုး (တောင်ကြီး)

ဆဋ္ဌမအာရုံ မဂ္ဂဇင်း (အယ်ဒီတာချုပ်)

**စီမံအုပ်ချုပ်ရေးမှူး**

ဒေါ်ငွေးငွေးလှိုင်

**မျက်နှာဖုံးဒီဇိုင်း**

ဆဋ္ဌမအာရုံ

**ပန်းချီသရုပ်ဖော်**

ဖိုးအောင်

**ထုတ်ဝေသူ**

ဦးဟန်စိန် (၀၁၀၃၅)

ကျီတော်ရုပ်ပြ

**ပုံနှိပ်သူ**

ဦးကျော်သင်း (၀၀၆၂၆)

(သံလွင်ဦးပုံနှိပ်တိုက်)

**ပုံနှိပ်ခြင်း**

၂၀၁၆ ခုနှစ်

**တန်ဖိုး**

၁၅၀၀ ကျပ်

**ဖြန့်ချိရေး**


ဆဋ္ဌမအာရုံစာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း (၅၀) အထက်၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၇၆၆၅၀၊ ၀၉ ၃၀၀၅၀၁၆၀။

www.burmeseclassic.com

www.burmeseclassic.com



# စေတန်

# သရဲမနဲ့ ညားတဲ့ လူ


- သရဲမနဲ့ ညားတဲ့ လူသားတစ်ယောက်၊
- သရဲနဲ့ လူ အတူနေသောအခါ ဘာတွေ ဖြစ်လာမလဲ၊
- ချောက်ချားစရာများ နှင့် ပြည့်နှက်နေသော

ဖြစ်ရပ်မှန်ဇာတ်လမ်းကို

အမည်နာမများ လွှဲပြောင်း၍ ဖော်ပြခြင်း ဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



# စေတန်

## ရုပ်ဆိုးမ သရဲ

မကျေနပ်တဲ့အစွဲနဲ့ သေသွားခဲ့ရင် သရဲဖြစ်တယ်ဆိုတာ တချို့ဖြစ်ရပ်တွေမှာ ရှိတတ်ပါတယ်။ အဲ့ဒီလို ရှိတတ်တဲ့အထဲကမှ လက်စားချေတတ်တဲ့ သရဲဆိုတာလည်း ရှိသေးရဲ့။

အ.ထ.က ကျောင်းကြီးတစ်ကျောင်းရဲ့ ဒသမတန်း (B) စာသင်ခန်းထဲက အုတ်နံရံချောမှာ မိုးရေကွက်သလိုပုံစံမျိုး၊ လူရုပ် လိုပုံစံမျိုး ပေါ်လာရင် သတိထားပေတော့ပဲ။

www.burmeseclassic.com

www.burmeseclassic.com

# SATAN

# သရဲမနဲ့ ညားတဲ့ လူ

## မာတိကာ


Episode 1) လူသေ မင်္ဂလာဆောင်

Episode 2) မသေမရှင် မောင်လူခင်

Episode 3) အပေါင်းအဖော်ပေး နည်းလမ်းလေး

Episode 4) ပြန်ရှင်လာနည်း

Episode 5) အသက်ဝင်ပြီ

Episode 6) ထင်ယောင်ထင်မှား

Episode 7) လန့်ပြီ . . ကြောက်ပြီ

Episode 8) ပိတ်ခေါ်သံ

Episode 9) ကြောက်စရာကြီး

Episode 10) စူးစမ်းရှာဖွေ . . ဘာအဖြေလဲ

Episode 11) နိုးမှ ဆိုး

Episode 12) ကြောက်တတ်သူ မလာရ

Episode 13) စောင့်ကြည့်လေ . . ကြောက်မိလေ

Episode 14) နာမည်ကြီးပြီ

Episode 15) ချွတ်သူနှင့် ဖွတ်လူ

Episode 16) သရဲလား . . တစ္ဆေလား

Episode 17) လူခင် နောက်ဆုံး လက်စတုံး




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode(1)

## လူသေ မင်္ဂလာဆောင်

"အာ . . အစ် . . အစ်"

"ဟင်! . . မေဘရဏီ . . ဘာဖြစ်တာလဲ . . သတိထားဦး လေ . . ဧည့်ပရိတ်သတ်တွေ ရှေ့မှာ . . ဟာ! . . မေဘရဏီ . . မေဘရဏီ လုပ်ပါဦး"

မောင်လူခင်နှင့် မေဘရဏီတို့ မင်္ဂလာဆောင်နေကြစဉ် သတို့သမီးလေး မေဘရဏီခင် ရုတ်တရက် လေတံစို့ထိုးပြီး ရင်ဘတ်ဖိကာ လဲကျသွား၏။ တွဲပြီး တတွတ်တွတ် သတိပေးနေသော မောင်လူခင်ရဲ့အော်သံကြောင့် အနီးအပါးမှလူတွေ ပြာယာခတ်ပြီး မေဘရဏီခင်ကို ဝိုင်းဝန်းပြုစုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ညော့်ပရိတ်သတ်တွေကလည်း စိုးရိမ်တကြီး ဝိုင်းကြည့် နေကြသည်။

"မေဘာရဏီ . . မေဘာရဏီ"

သတို့သမီး ဇက်ကျိုးသွားပြီ။ လှုပ်ခေါ်လည်း မရတော့။ မင်္ဂလာပွဲကို တက်ရောက်ချီးမြှင့်သော ညော့်ပရိတ်သတ်တွေထဲမှာ ဆရာဝန်တစ်ဦးလည်း ပါနေ၏။ ဆရာဝန်က ချက်ချင်းထလာပြီး စစ်ဆေးပေး၏။

"စိတ်မကောင်းစရာပဲ . . သတို့သမီး အသက် မရှိတော့ဘူး။ မြန်မာအခေါ် လေတံစို့က ဆောင့်ထိုးလိုက်တာ . . တစ်ခါထဲ အသက် ပါသွားတယ်"

"ဗျာ! . ."

"ဟင်! . ."

"ဟယ်! . ."

"အမလေး . . ဖြစ်မှဖြစ်ရလေတယ်"

မျက်ရည်လွယ်သော မေဘာရဏီခင်ရဲ့ အုပ်ထိန်းသူ ဒေါ်ကြီး စိုးရဲ့အော်ဝိုသံက မင်္ဂလာတေးသံဖွင့်ထားသော ဆောင်းဘောက်(စ်) တွေကို တိတ်သွားစေ၏။ လူတွေ တစ်ယောက်၊ တစ်ပေါက်နဲ့ ပြောဆို သံ ညံဝေသွား၏။

ဖြစ်တောင့်ဖြစ်ခဲ၊ ကြုံတောင့်ကြုံခဲ ကိစ္စရပ်ကြီး။

"တို့တစ်သက်နဲ့ တစ်ကိုယ် . . ဒါမျိုး မကြုံဖူးပါဘူး"

"အေးဟယ် . . သနားဖို့ ကောင်းလိုက်တာ၊ သတို့သမီးလေး ခမျာ မင်္ဂလာဆောင်နေရင်းတန်းလန်း . . သေရတယ်ဆို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . တရားရဖို့ကောင်းလိုက်တာ. . နေ့မြင်၊ ည ပျောက်ပါလား"

"ဘုရားဟောတဲ့ တရားသဘောတွေ လက်တွေ့မြင်ရတာ ပဲဗျ . . သံဝေဂရလိုက်တာ"

သတို့သားမောင်လူခင်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ တော့။ ဘေးလူတွေက ဆေးရုံကားခေါ်ပေးကြ၏။ မောင်လူခင်က မေဘရဏီလေးကို ပွေ့ဖက်ထား၏။ ဘယ်သူ့ကိုမှ ကူညီထွေးပွေ့ မခိုင်း။

လှပလွန်းသော ဖနီးလောင်းလေးရဲ့ မျက်နှာပေါ်ကို မျက်ရည် တွေ ပိုးပိုးပေါက်ပေါက်ကျတဲ့အထိ စိုက်ကြည့်နေမိ၏။

"ဒါ တကယ်လား . . အိပ်မက်လား . . သူ မသေပါဘူး။ မင်္ဂလာဆောင်အတွက် အစားအသောက်မမှန်၊ အအိပ်မမှန် လုံးပန်း ခံရတာ ပင်ပန်းလွန်းပြီး ခဏအိပ်ပျော်သွားတာပါ"

ဆေးရုံကား ရောက်လာ၏။ အလောင်းကို သယ်သွားကြ တော့မည်။ မင်္ဂလာပွဲမှာ ထားခွင့်မရှိ။ ရဲစခန်းတိုက်ထဲ ပို့ရမည်။ တစ်ယောက်ယောက် အကြောင်းကြားထား၍ ရဲတွေပါ ရောက်လာ ကြ၏။ အဆိပ်မိတာလား။ ဘာကြောင့်လဲဆိုတာ စစ်ဆေးကြ၏။ ဆေးရုံမှာ မှူခင်းဆရာဝန်ကြီးရဲ့ စစ်ချက်ယူရဦးမည်။

မောင်လူခင်ကိုပါ စခန်းခေါ်နေကြပြီ။ မောင်လူခင်က ဖွတ် ပေကပ်နေ၏။ သတို့သမီးလေးကိုလည်း ခေါ်မသွားရ။ သူကိုယ်တိုင် လည်း မလိုက်။ မင်္ဂလာပွဲကျင်းပနေတာ မပြီးသေး။ မင်္ဂလာပွဲ အချိန် ကုန်ဆုံးသွားသည်အထိ ဒီလိုလေးပွေ့ဖက်ပြီး မင်္ဂလာဆောင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ချည်း လုပ်နေတော့၏။

"လူခင် . . လွှတ်ပေးလိုက်"

"မလွှတ်ဘူးဗျာ . . ကျုပ်နဲ့ သုံးနှစ်၊ သုံးမိုးမက ကြိုက်လာတဲ့ ကျုပ်ချစ်သူဗျ၊ သူနဲ့ မင်္ဂလာဆောင်ပြီးအတူနေဖို့ သုံးနှစ် မကဘူး . . ပြင်ဆင်လာတာ။ ခုလို ကောက်ခါ၊ ငင်ခါကြီး ဖြစ်သွားတာ၊ ဘယ်လိုဖြေလို့ရမှာလဲ"

"တရားနဲ့ ဖြေပေါ့ကွာ . . "

ရဲတွေက လူခင့်ကို အတင်းဝိုင်းချုပ်ပြီး စခန်းခေါ်သွားကြ၏။ မင်္ဂလာပွဲပျက်ပြီ။ မပျက်ရင်တောင် "လူသေတဲ့ မင်္ဂလာဆောင်ကြီး" ဖြစ်သွားခဲ့ပြီ။

◸ ◸ ◸



www.burmeseclassic.com

www.burmeseclassic.com





# Episode(2)

## မသေမရှင် မောင်လှူခင်

မေဘရဏီလေးကို မြေချပြီးသွားပြီ။ သူ့ဘာသာ လေတစို့ ဖြစ်ပြီး သေသွားကြောင်း စစ်ဆေးတွေ့ရှိရ၍ လှူခင်ကိုလည်း ရဲစခန်း က ပြန်လွှတ်လိုက်ပြီး လှူခင်မှာတော့ ဖြေမဆည်နိုင်။ ကြက်နာကြီး လည်လိမ်ထားသလိုပင်။

လှူခင့်မှာလည်း မိဘတွေ မရှိတော့။ အုပ်ထိန်းသူ ဦးလေးသာ ရှိ၏။ မေဘရဏီမှာလည်း မိဘတွေ မရှိကြ။ အုပ်ထိန်းသူ ဒေါ်ကြီးစိုးသာ ရှိ၏။

လှူခင်တစ်ယောက် ရှင်လျက်နဲ့ သေသူပမာ။ မင်္ဂလာဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေကြဖို့ ဝယ်ထားသော တိုက်ခန်းထဲမှာ ငူငိုင်နေ၏။ ဦးလေး ထွန်းအောင်ကျော်က ခဏလာနေပေးရ၏။

"လှခင် . . မင်း ဒီလိုကြီးဖြစ်နေလို့ သေတဲ့သူက ပြန်ရှင်လာမှာမှ မဟုတ်တာကွာ၊ ထမင်းလေး . . ဘာလေး စား၊ တရားလေး ဘာလေး . . ရှုမှတ်ပြီး စိတ်ကို ဖြေယူစမ်းပါ"

လှခင် ဘာမှ ပြန်မပြောနိုင်။ ဘာမှလည်း လုပ်ချင်၊ ကိုင်ချင် စိတ်မရှိ။ ယုတ်စွအဆုံး ရေမိုးပင် မချိုးတော့။ ရေတိုက်ရင် သောက်၏။ အစာကျွေးလျှင် သုံးလေးဖွန်းသာ . . မဝါးချင်၊ ဝါးချင်နှင့် ဝါး၏။ စိတ်ဓာတ်ကျဆင်းသွားတာမှ သုညမှတ်အောက်ကို ဒုတ်ဒုတ် ထိ ရောက်သွားတဲ့သူလိုပင်။

လှခင်က သင်္ဘောသား။ လက်ထပ်ပြီး (၁)နှစ်ကြာလျှင် သင်္ဘောပေါ် ပြန်တက်ရမည်။ ပြည်ပသင်္ဘောသား။ ဝင်ငွေကောင်း၏။ လှခင်က အနေအေးပြီး အပေါင်းအသင်းဆံ့၏။ လှခင် သူငယ်ချင်းတွေကို ဦးထွန်းအောင်ကျော် ဖုန်းနဲ့ အကြောင်းကြား၏။

နေလင်းမောင်၊ ကျော်သူရစိုး၊ ဥက္ကာမင်းတို့တတွေ ရောက်လာကြ၏။ လှခင့်ကို အတင်း ရေမိုးချိုးပေးပြီး အပြင်ကို ခေါ်ထုတ်သွားကြ၏။ K.T.V မှာ သွားပျော်ကြ၏။ လှခင့်ဘေးမှာ အပျော်မယ် အနိပ်စားလေးတွေ ဝိုင်းဝိုင်းလည် နေရာချပေး၏။ အပျော်မယ် နတ်မိမယ်လေးတွေက လှခင် စိတ်ပျော်ရွှင်လာအောင် အမျိုးမျိုး မြူဆွယ်ပြီး ပြုစုပေးကြ၏။

လှခင်က လဒကြီးလိုသာ မှိုင်နေ၏။ စိတ်နဲ့ လူနဲ့ မကပ်။

"ရှင်တို့လူက စိတ်ရောဂါရနေတာနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ . . သူ့ရည်းစား မင်္ဂလာဆောင်ကျမှ သေသွားတော့ အကြီးအကျယ် စိတ်ထိခိုက်နေမှာပေါ့"

"သစ်ငုတ်တိုသာ လှုပ်ပါများရင်း နဲ့သွားလိမ့်မယ်။ ဒီလူကတော့ လှုပ်မှာ မဟုတ်ဘူး"

"ကျောက်ရုပ်တုသာ ခေါင်းညိတ်၊ ခေါင်းခါ လုပ်ချင်လုပ်လာမှာ . . ဒီလူက မလှုပ်ဘူး။ ဟူး! . . မောလာပြီ"

"မသေမရှင် လူကြီးပါနော် . . ဟွန့်"

"ဒီမှာ အလန်းလေးတွေ ရှိရဲ့သားနဲ့ . . သူ့စော်ကြီးမှ မိန်းမထင်နေသလား မသိဘူး။ ဘဲငိုင်ကြီး . . လာပါ။ ကဲရအောင် . . တစ်ပုဒ်လောက် ဒန့်စ်ကလိုက်ရအောင် . . ဟော့"

လူခင်က မလှုပ်။ သူငယ်ချင်းတွေကလည်း ဝိုင်းလှော်ပေးကြ၏။

"လူခင် . . ဒီစော်လေးတွေလည်း မိုက်ပါတယ်။ ကဲ . . ကြည့်စမ်းပါ . . လုပ်စမ်းပါ . . မင်းကလည်း ထ . . ထ"

"ထ ကလိုက်ပါ လူခင်ရာ . . မင်း ရင်ထဲမှာ ရှိတာတွေ မြှုမထားနဲ့ . . ဖောက်ခွဲပစ်လိုက် . . စကားလည်း မပြော၊ တုံဏှိဘာဝေကြီးလုပ်နေရင် မင်းကို အားလုံးက ဖွန်ကြောင်၊ ဂေါက်ကြောင်၊ မယားတရူးလို့ ထင်ကုန်ကြလိမ့်မယ်။ ယောကျ်ားသိက္ခာ ကျတယ်။ အပြောမခံနဲ့"

" ဖိုးလူ . . သီချင်းဆိုလေ။ ဘီယာသောက်ဆိုလည်းမသောက်၊ အတင်း ပါးစပ်ဖြဲပြီး လောင်းထည့်ရမယ်။ ကောင်မလေးတွေကို ဝိုင်းချုပ်ခိုင်းပြီး လောင်းထည့်ခိုင်းမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



လူခင်ကတော့ မလှုပ်။ စော်လေးတွေ ဝိုင်းချုပ်ပြီး လူခင့် ပါးစပ်ထဲ ဘီယာတွေ လောင်းထည့်ပေး၏။ လူခင်လည်း အလိုက်သင့် သောက်ရတော့၏။ ဘီယာသုံးခွက်စာလောက် ဝမ်းထဲရောက်သွား၏။

အမြည်းအဖြစ် ကြက်ကြွပ်ကြော်ကိုလည်း ပါးစပ်ထဲ အတင်းထိုးထည့်ပြီး စော်လေးတွေက ဝါးခိုင်းကြ၏။ စော်လေးတွေ လူခင့်ကို ဂရုစိုက်နိုင်အောင် ဥက္ကာမင်းက ဆင်တွေ တစ်ရွက်ပြီး တစ်ရွက် လက်သိပ်ထိုးပေးနေရ၏။

"အော့ . . ဂေ့"

လူခင် လေချဉ်တက်လာပြီ။

"ဟော . . ဟော့ . . မသေမရှင် မောင်လူခင်ကြီး အသက်ဝင်လာပြီ . . အသက်ဝင်လာပြီဟေ့ "

" ချစ်တယ် . . မေဘရဏီလေးရယ် . . မောင်တို့ . . ဝေးရပြီ။ မောင် မနေနိုင်ဘူး . . မောင် မဖြေနိုင်ဘူး။ မေဘရဏီ နောက်ကို မောင် . . လိုက်ခဲ့မယ်။ လွမ်းတယ် . . အရမ်းလွမ်းတယ် . . မောင့်ရင်တွေ ကွဲကြေကုန်ပြီ။ မောင့်ဘာသာမောင် သတ်သေပြီး မေ့ နောက်ကို လိုက်ခဲ့မယ်"

လူခင်က အနားကဝိုင်းနေတဲ့ စော်တွေကို တွန်းဖယ်ပြီး ဒယီးဒယိုင်နှင့် ထရပ်၏။ စားပွဲပေါ်က ဘီယာပုလင်းကို ဆတ်ခနဲကောက်ကိုင်ကာ–

"ခွမ်း! . ."

နံရံကို ရိုက်ခွဲပစ်၏။ ဘီယာပုလင်းကွဲဖြင့် သူ့လည်ပင်းကို



www.burmeseclassic.com

www.burmeseclassic.com



သူ ဆောင့်ထိုးဖို့ပြင်လိုက်သောအခါ–

"ဟာ! . . ဟော့ကောင် လူခင်"

"မလုပ်နဲ့ . . လူခင်"

သူငယ်ချင်းတွေက ဝိုင်းဆွဲတား၏။ စော်လေးတွေ လန့်ဖျန့်ပြီး အကုန်ထွက်ပြေးကုန်၏။ လူခင့်လက်ထဲက ပုလင်းကွဲကို ဂရုတစိုက်ဖြုတ်ယူပြီး အမှိုက်ပုံးထဲ ပြန်ထည့်လိုက်၏။ လူခင့်ကို အတင်းဆွဲပြီး K.T.V ခန်းထဲက ပြန်ထွက်လာရသည်။ သူငယ်ချင်းတွေ မျက်ကလဲဆန်ပြာ ဖြစ်ကုန်ရလေပြီ။

⊠ ⊠ ⊠



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode(3)

## အပေါင်းအဖော်ပေး နည်းလမ်းလေး

**လူခင်** အမူးပြေပြီး ပြန်နိုးလာတော့ လူခင့်ရဲ့ တိုက်ခန်းဆီ ပြန်ရောက်နေ၏။ အနားမှာ သူငယ်ချင်းတွေသာ ရှိကြ၏။

"လူခင် . . မင်း နိုးလာပြီလား"

"အေး . . ဘရဏီကော ဟင်! . . ဘရဏီ "

အပေါင်းအသင်းတွေ တစ်ယောက်မျက်နှာ၊ တစ်ယောက် ကြည့်ကုန်၏။ လူခင်က–

" အိပ်မက် . . ငါ အိပ်မက်,မက်တယ်။ ဘရဏီ ငါ့ဆီမှာ နေမယ်တဲ့ . . သူ သေသွားတာ အိပ်မက်မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လူခင် စိတ်ထိန်းကွာ . . ဘရဏီ တကယ် သေသွားပါပြီ။ မင်းဦးလေးလည်း သူ့ဇာတိနယ်ကို အားချင်း ခရီးထွက်သွားတယ်။ မင်းတို့ရဲ့ ကြီးတော်၊ ဦးလေးရဲ့နှမအလတ် ဆုံးသွားလို့တဲ့ . . အဲဒါ မင်းကို တို့လက်ထဲ အပ်သွားတယ်"

"အော် . . ကြီးတော်မွေး . . ဆုံးရှာပြီကိုး"

"တရားနဲ့ ဖြေပါကွာ၊ တစ်နေ့ လူတိုင်း ဒီလမ်းကိုသွားရမှာပဲကိုး။ မင်းအနေနဲ့ . . ရသေ့စိတ်ဖြေလုပ်ချင်တယ် ဆိုရင်တော့ တို့သူငယ်ချင်းတွေစုပြီး တိုင်ပင်ထားတဲ့နည်းလမ်းရှိတယ်"

"ဘာ နည်းလမ်းလဲ၊ ဘရဏီ အသက်ပြန်ရှင်လာမှာလား"

"အေး . ."

"ဟင်!. . မြန်မြန်ပြောစမ်း . . ဘာနည်းလမ်းလဲ"

"ဟ . . ဟ လန့်လိုက်တာ၊ အခုကျတော့လည်း ခုန်ထလာလိုက်တာ မကြာခင် အသက်ထွက်တော့မယ့် လူနာကျနေတာပဲ"

"ပြောစမ်းပါကွာ"

"ဒီလိုကွာ . . လူသားအရွယ် လုပ်ထားတဲ့ ဖယောင်းရုပ်တုလိုပုံစံမျိုး ရုပ်တုရှိတယ်။ ဆီလီကွန်တွေနဲ့ ရာဘာပျော့ဖတ်တွေနဲ့ တကယ့်လူသား မိန်းကလေးအသွင် လုပ်ထားတဲ့အရုပ်ပေါ့ . . အဲဒီအရုပ်ကုမ္ပဏီကို အော်ဒါပေးပြီး အရုပ်သစ်လုပ်နိုင်းမယ်။ မင်းရဲ့ဘရဏီနဲ့ ရုပ်ချင်းချွတ်စွပ်တူတဲ့ အရုပ်၊ လူမိန်းမအရုပ်ပေါ့။ အဲဒါမျိုး နိုင်ငံခြားမှာ ပေါ်နေပြီ။ ထိုင်၊ ထ၊ အိပ်၊ ဒူးထပ်တင်၊ ကော့၊ လှန်နဲ့ ပုံစံမျိုးစုံ နေခိုင်းလို့ရတယ်"

"တချို့ လူပျိုကြီးတွေဆိုရင် နိုင်ငံခြားမင်္ဂလာသမီး သူတို့



www.burmeseclassic.com

www.burmeseclassic.com


ကြိုက်တဲ့သူရဲ့ ပုံစံတူအတိုင်း အော်ဒါပေးပြီး လုပ်ခိုင်းကြတယ်။ အဲဒီ အရုပ်မနဲ့ပဲ ပေါင်းဖက်တယ်။ အဲဒီအရုပ်က လိင်ဆက်ဆံလို့လည်း ရတယ်။ နောက်ဆို မှတ်ဉာဏ်တွေသွင်းပြီးရင် လူသား တစ်ယောက်အသွင် မင်းကို ပြန်တောင်ပြောလာနိုင်ဦးမယ်"

"မင်းတို့ကလဲကွာ . . အရုပ်ကြီး၊ ငါက . . ဘာလုပ်ရမှာလဲ"

"မေဘရဏီရဲ့ ကိုယ်ခွဲ၊ ကိုယ်ပွားလေ . . မင်းဆီမှာ မေဘရဏီကို ပုံစံအမျိုးမျိုးနဲ့ ရိုက်ထားတဲ့ အလှဓာတ်ပုံတွေ ရှိပါတယ်။ အဲဒါတွေ ကုမ္ပဏီကိုပို့လိုက်ရင် ကုမ္ပဏီက ကွန်ပျူတာနဲ့ ပုံဖော်ပြီး ဒီဂျစ်တယ် ရုပ်လုံး၊ ရုပ်ကြွတွေနဲ့ မေဘရဏီအသွင် လုပ်ပေးကြမှာ"

"ဆံပင်ပုံစံကအစ အဲဒီအတိုင်းပဲ။ မင်း . . တိုက်ခန်းမှာ မေဘရဏီရဲ့အဝတ်အစား၊ အသုံးအဆောင်တွေ ရောက်နေပြီပဲ။ အဲဒါတွေသာ ဝတ်စားပေးလိုက်ရင် မေဘရဏီဖြစ်သွားပြီပေါ့"

"အတုဟာ . . အတုပဲ။ အစစ်မှ မဟုတ်တာ"

"အစစ်ဖြစ်ချင်ရင် သိပ္ပံနည်းနဲ့ ဝိဇ္ဇာနည်းကို ပေါင်းလိုက်ရုံပေါ့"

"ဘယ်လို ပေါင်းမှာလဲ"

"မေဘရဏီရဲ့ ဝိညာဉ်ကို အဲဒီအရုပ်ထဲ ခေါ်သွင်းရုံပေါ့။ လူသေတယ်ဆိုတာ ဒီလိုလေ . . လူမှာ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာ နှစ်မျိုးပဲရှိတယ်။ လူသေရင် ရုပ်ခန္ဓာကြီးက ကျန်ခဲ့တာ။ နာမ်ခန္ဓာက ထွက်သွားတာ . ."

"ရုပ်ခန္ဓာကြီးကို မြေချသင်္ဂြိုဟ်လိုက်တော့ နာမ်ခန္ဓာ


www.burmeseclassic.com

www.burmeseclassic.com



နောက်ဘဝ တွယ်စရာမရှိဘဲ လွင့်မျောနေရင် နာမ်ခန္ဓာ မှီတွယ်နေနိုင်တဲ့ အရုပ်ကို လုပ်ပေးလိုက်မယ်။ အဲဒီတော့မှ နာမ်ခန္ဓာက ရုပ်ခန္ဓာ သဘောထားပြီး အရုပ်မှာ လာအသက်ဝင်မယ်။ ဒီလောက် ဗဟုသုတတော့ မင်းလည်း သိတန်သလောက် သိပါတယ်။ ဒုံးမဝေးပါဘူး . . လူခင်ရာ"

"အေး . . ငါ သဘောပေါက်လာပြီ။ အဲဒီနည်းလမ်း မဆိုးဘူး။ ဒါပေမယ့် . . နာမ်ခန္ဓာကို ဘယ်လိုခေါ်သွင်းမလဲ"

"နည်းလမ်းတွေ ရှိတယ်။ သူယောင်မယ်တွေ ခေါ်သွင်းတဲ့ ဆရာနဲ့သွင်းမလား . . အဲဒါက အမှားအယွင်းတွေ ရှိနိုင်တယ်။ နောက်တစ်နည်းက နာမ်ခန္ဓာက ပြိတ္တာဘဝနဲ့လွင့်မနေမယ်"

"မင်းကို ဘရဏီကလည်း စွဲလန်းပြီး မကျွတ်ဘူး။ အဲဒီတော့ ဘရဏီရဲ့ အုတ်ဂူကိုသွား၊ သင်္ချိုင်းစောင့်တွေကို ခွင့်တောင်းပြီး တစ်လပြည့်ဆွမ်းသွပ်၊ အမျှဝေမလိုလိုနဲ့ သစ်ခက်ရိုက်ပြီး ဒီထဲမှာ ဝင်နေ . . ဒါ နင့်နေရာဆိုပြီး လုပ်လိုက် . . အဲဒါမျိုးဆို နာမ်ခန္ဓာ သွင်းလို့လွယ်မယ်"

"ဟာ! . . ဟုတ်ပြီ . . မင်းပြောတာ ကောင်းတယ်။ အဲလိုလုပ်မယ်။ ထူးခြားမှု ကျိန်းသေ ရှိလာမှာပဲ။ မေဘရဏီအစစ်ကို နာမ်ခန္ဓာက ရတယ်။ ရုပ်ကိုတော့ ပုံတူရုပ်ကပဲ ရမယ်။ အဲဒီဟာ မေဘရဏီကိုယ်တိုင်ပဲ ဖြစ်သွားတော့မှာပေါ့"

"ဒါပေါ့ . . ဒီနည်းလမ်းကို ငါတို့တွေ ဝိုင်းဝန်းကြိုးစားပြီး အကောင်အထည်ဖော်ကြမယ်"

"အေး . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်း စိတ်ဆင်းရဲလွန်ပြီး လိုက်သတ်သေသွားမှာစိုးလို့ ငါတို့မှာ ခေါင်းပူအောင်စဉ်းစားပြီး ဒီနည်းလမ်းကို အဖြေရှာထားရတာ မင်းကိုယ်မင်း သတ်သေဖို့တော့ ဘယ်တော့မှ မကြိုးစားနဲ့"

"အင်းပါကွာ . ."

"ငါတို့လုပ်ငန်း အကောင်အထည်ဖော်နေတာ တစ်လ၊ နှစ်လလည်း ကြာချင်ကြာမယ်။ မင်း စိတ်ပျက်မှာစိုးလို့ ငါတို့က မင်းကို နေ့တိုင်း . . သုံး၊ လေးလထိကြာအောင် လာစောင့်ကြည့်ပေးနိုင်တာမဟုတ်ဘူး။ မင်းကိုယ်မင်း စိတ်ထိန်းရမှာ . . စိတ်ထိန်းပါ့မယ် . . သတ်မသေပါဘူးဆိုတဲ့ကတိ ငါတို့ကို ပေးရမယ်။ ယောကျ်ားကတိနော်"

"အေးပါကွာ . . မင်းတို့ရဲ့ မေတ္တာ၊ စေတနာတွေကို ငါအလေးထားပါတယ်။ ယောကျ်ားကတိကို ရဲရဲကြီးပေးပါတယ်။ ငါ့အတွက် အမြန်ဆုံးဖြစ်အောင် ဝိုင်းကြိုးစားပေးကြပါ . . မေဘရဏီရဲ့ခါတ်ပုံ၊ အဝတ်အစား၊ အတိုင်းအထွာ၊ အရပ်အမောင်း၊ အသားအရောင် . . အို . . လိုအပ်တာ ငါအကုန်ရှာပေးမယ်"

"အေး . . အခုကတည်းက မင်္ဂလာမွေ့ရာပေါ်မှာ မေဘရဏီအတွက် သီးသန့်ပြင်ထား . . မင်းတို့ချင်း လက်မထပ်ခင်တစ်လလောက်က အတူလာနေကြဖူးတာပဲ။ အဲဒီအတိုင်း ပြောဆို၊ ဆက်ဆံ၊ လေ့ကျင့်ပေါ့"

"ငါ သဘောပေါက်တယ် သူငယ်ချင်း၊ မေဘရဏီမသေဘူး။ ဘဝချင်းခြားနေရင်တောင် မရ,ရအောင် ငါပြန်ခေါ်င်းမယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ချစ်ခြင်းကို ဘာနဲ့မှ ပစ်ခွင်းဖြိုလို့ မရစေရဘူး”

စိတ်အားတက်ကြွ လန်းဆန်းစွာ ပြောလာသော လူခင့်ကို ကြည့်ကာ သူငယ်ချင်းတွေလည်း ပြန်လည်ပျော်ရွှင်လာမိကြ၏။ လူခင့်အတွက် မေဘရဏီတစ်ယောက် ပြန်ရလာဖို့ သူတို့တတွေ အသေးစိပ် တိုင်ပင်ဆွေးနွေးကြတော့၏။

အရူးတကာ့ အရူးထဲမှာ အချစ်ရူးက တစ်မျိုး၊ တစ်ဘာသာ ဆိုးပေမယ့် အရသာသစ် တစ်မျိုးကို ထွက်ပေါ်လာစေတာ အမှန်။

ချစ်ခြင်းတစ်ယူသန်တော့ ဘယ်သူက အယူခံဝင်ရဲမှာတဲ့လဲ?

☒ ☒ ☒



www.burmeseclassic.com

www.burmeseclassic.com





# Episode(4)
## ပြန်ရှင်လာနည်း

**နှစ်လ**ပင် မကြာလိုက်။ မောရဏီနှင့် ရုပ်ချင်းဆင်တူသော အရုပ်လေး ရောက်လာ၏။ တကယ့်ကို မောရဏီအတိုင်းပင်။ အဝတ်အစားတွေ ဝတ်ဆင်ပေးလိုက်သည့်အခါ–

"အားပါးပါး . . တကယ် အသက်ဝင်နေသလိုပဲ"

"ဟိုက်ရှားပါး . . မောရဏီမှ မောရဏီပဲကွာ၊ စက်ရုပ်လို ထသွား၊ ထလာမရှိ။ လှုပ်ရှားတာပဲ မရှိတယ်။ ထိုင်နေ၊ ရပ်နေတော့လည်း မောရဏီပဲ"

"အသားအရေကလည်း နူးညံ့နေတာပဲ။ သေချာကိုင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက်ကြီး ဖြစ်မနေဘူး”

“ကိုယ်လုံး၊ ကိုယ်ပေါက် အချိုးအစားကလည်း မေဘရဏီ ဆိုဒ်မျိုး၊ ဒီလို အရုပ်ပညာရှင်မျိုးကို လုံးဝလက်ဖျားခါတယ်”

“ဟော့ကောင်တွေ . . ငါ့ချစ်သူကို ဟိုကိုင်၊ ဒီကိုင် လိုက်မလုပ်နဲ့ . . ငါ သဘောထား မကြီးနိုင်ဘူး။ ဖယ် . . ဖယ်၊ ဝေးဝေး ကသာကြည့်”

“အံမယ် . . လာသေးတယ်။ ဒါအရုပ်ကြီးပဲဟာကို”

“အရုပ် မဟုတ်ဘူး။ မေဘရဏီ အစစ်ကွ”

လူခင်က ပြုံးပြုံးပြံပြံ ငြင်းဆိုပြောနေ၍ နေလင်းမောင် ခေါင်းကုတ်သွား၏။ ကျော်သူရစိုးက ဥက္ကာမင်းနဲ့ နေလင်းမောင်ကို မသိမသာ မျက်လုံးတစ်ဘက်မှိတ်ပြလိုက်ပြီး–

“ဟုတ်ပါတယ် . . မေဘရဏီပါ။ ဒီကောင် နေလင်းမောင် လျှောက်နောက်နေတာ”

လူခင်က မေဘရဏီခင့်ကို အသာမ,ပွေ့ပြီး အိပ်ခန်းထဲ သွင်းသွား၏။ အိပ်ခန်းထဲက တော်တော်နှင့် ပြန်ထွက်မလာ။ သူငယ်ချင်း တွေလည်း မစောင့်နိုင်တော့၍ အော်ဟစ်နှုတ်ဆက်ပြီး ပြန်ကုန်ကြ၏။ လူခင်က တိုက်ခန်းတံခါး သွားပိတ်ပြီး အိပ်ခန်းထဲ ဝင်နေလိုက်၏။

မေဘရဏီခင်အရုပ်ကို အိပ်ရာပေါ်မှာ ကျကျနန သိပ်ထား၏။ လူခင်က ပွေ့ဖက်နမ်းရှုပ်ရင်း မှေးခနဲ . . အိပ်ပျော်သွား၏။ အိပ်မက်ထဲမှာ မေဘရဏီခင် အသက်ပြန်ဝင်လာ၏။ နှစ်ယောက်သား မြတ်နိုးစုံမက်စွာ ပွေ့ဖက်ပြီး နမ်းရှုပ်ကြ၏။ အဲဒီနောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အချစ်နယ်ကျွံမိကုန်ကြ၏။

"ဘရဏီ"

"မောင်"

"ဘရဏီ . . ပြန်ရှင်လာတာ တကယ်နော်"

"တကယ်ပေါ့ မောင်ရယ်၊ မောင့်အနားမှာ ဘရဏီ တစ်ဖဝါး မှမခွာ နေသွားမှာပါ။ မောင့်ရဲ့အိမ်ရှင်မဟာ ဘရဏီပဲပေါ့"

"မောင် . . ဝမ်းသာလွန်းလို့ ဘာပြောရမယ်မှန်းတောင် မသိ တော့ပါဘူးကွယ်"

"မောင်က နေခွင့်ပေးလို့သာပေါ့ . . နေခွင့်သာ မပေးရင် ဘရဏီ အရမ်းဒုက္ခရောက်နေရမှာ၊ ဘရဏီလေ . . မောင်နဲ့ ဝေးရ တော့မယ်ဆိုတာ ခဏကြုံလိုက်ရတော့ ငိုလိုက်ရတာ ပြောရင်းနဲ့ အခုတောင် ဝမ်းနည်းလာပြီ . . အဟင့် . . ဟင့်"

"မငိုပါနဲ့ . . ဘရဏီလေးရယ်၊ မောင်တို့ မဝေးရတော့ ပါဘူး။ ဘရဏီနဲ့တိုက်ခန်းကျယ်ထဲမှာ လွတ်လွတ်လပ်လပ် ပျော် ကြတာပေါ့"

လူခင်တစ်ယောက် အိပ်ချိန်ကုန်တော့ ပြန်လည်နိုးထလာ ၏။

"ဘရဏီ . . ဘရဏီ"

အရုပ်ကြီးကို အတင်း လှုပ်နှိုးခေါ်နေမိ၏။ အရုပ်ကြီးက တော့ အရုပ်ပုံစံပဲ ဆက်ဆံတာပေါ့။ လူခင့်ရင်ထဲမှာ လှိုက်ခနဲ . . ဝမ်းနည်း ဆို့နင့်သွား၏။ ဘရဏီနဲ့ အိပ်မက်ထဲမှာတင် တွေ့နေရ တာပါလား။ အိပ်မက်မဟုတ်တဲ့ လက်တွေ့ဘဝထဲမှာလည်း ဘရဏီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တွေ့ချင်နေသည်။ ဘရဏီရဲ့ဝိညာဉ် အရုပ်ထဲ ဝင်တွယ်နေနိုင်အောင် လုပ်ဆောင်ရဦးမည်။

ဘရဏီ အသက်ပြန်ဝင်လာဖို့ စဉ်းစားထားတဲ့နည်းလမ်းတွေကို ပြန်တွေးကြည့်၏။ သူငယ်ချင်းတွေနဲ့ ပူးပေါင်းပြီးလုပ်လျှင် အပေါက်အစပ်များ၏။ ကိုယ့်ဘာသာ တစ်ယောက်ထဲလုပ်ဖို့ ဆုံးဖြတ်လိုက်၏။ ပြန်ရှင်လာနည်းလည်း ရှိနေပြီလေ။ ဖြစ်မြောက်အောင် လုပ်ဖြစ်ဖို့သာလိုတော့၏။

◻ ◻ ◻





www.burmeseclassic.com

www.burmeseclassic.com





# Episode(5)

## အသက်ဝင်ပြီ

မေ ဘာရဏီခင်ကို မြှုပ်နှံထားသော သင်္ချိုင်းဆီကို အငှားကားနှင့် ရောက်သွား၏။

ပရလောကသား သင်္ချိုင်းအစောင့်တွေကို ပြောတတ်သလိုသာ အခွင့်တောင်းပြီး နှင်းဆီပန်းခက်ကလေးနှင့် မေဘာရဏီရဲ့အုတ်ဂူကို သုံး၊ လေးခါပုတ်ရိုက်ပြီး ခေါ်လာလိုက်၏။

နှင်းဆီပန်း သုံး၊ လေးပွင့်က ကိုင်လာစဉ်ကထက် ပိုလှနေ၏။ ကားနှင့်တိုက်ခန်းရောက်အောင် ပြန်လာလိုက်၏။ တိုက်ခန်းရောက်သောအခါ အရုပ်မရဲ့ ခန္ဓာကိုယ်ကို ပန်းနဲ့ ရိုက်သွင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အရုပ်မလေးရဲ့ ဆံကေသာမှာပင် ကလစ်နှင့်တွဲပြီး ပန်းပန်ပေးလိုက်လေ၏။

အရုပ်မလေး ပန်းပန်ထားတာ ပိုလှနေ၏။ နှုတ်ခမ်းလေးက ပြုံးယောင်သမ်းလာ၏။ အရုပ်မလေးရဲ့မျက်နက်ဆံတွေက လူခင့်ဘက်လှည့်လာ၏။ အရုပ်မလေးရဲ့လက်ချောင်းလေးတွေ စတင်လှုပ်ရှားလာ၏။

တောင့်တောင့်လေး ထိုင်နေရာက နွဲ့လျလာသည်။

"ဘရဏီ . . ဘရဏီ"

အရုပ်မလေးရဲ့ နှုတ်ခမ်းနှစ်လွှာ ပွင့်အာပြီး အသံထွက်လာ၏။

"မောင်"

"ဟာ! . . ဘရဏီ အသက်ဝင်လာပြီ . . ဘရဏီ"

"မောင်"

လူခင် ကြောက်စိတ်ဝင်လာ၏။ ဝမ်းသာစိတ်လည်း ဖြစ်ပေါ်လာမိ၏။ တခြား အစိမ်းသရဲမများ ပူးဝင်ကပ်တာလား။

"မင်း . . မင်း ဘရဏီပါနော်"

"ဟုတ်ပါတယ် မောင်"

ဝမ်းသာသွား၏။ လက်ကလေးကို ဆုပ်ထွေးမိ၏။ နွေးထွေးနေ၏။ သူမဘက်က အားနှင့်ပြန်ဆုပ်တာကို ခံစားလိုက်ရ၏။

"ဘ. . ရ . . ဏီ"

"ရှင်"

"မင်း . . မင်း"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ . . မောင်။ ကျွန်မ မောင်နဲ့အတူနေလို့ ရသွားပါပြီ။ မောင်နဲ့ . . အကြာကြီးတော့ နေခွင့်ရမယ်မထင်ဘူး"

"ဘယ်လောက်ပဲ နေခွင့်ရမှာလဲ . . ဟင်"

"(၇)ရက်"

"ဟင်! . ."

"သချိုင်းစောင့်တွေကို တောင်းပန်ပြီး . . ရက်တိုးတောင်းရင်တော့ သူတို့ တိုးပေးချင် တိုးပေးမှာပေါ့"

"မောင် . . တိုးတောင်းမှာပါ။ မောင် . . ဘရဏီနဲ့ မခွဲနိုင်ဘူး"

ကြောက်စိတ်တွေ ပျောက်လွင့်ပြီး ချစ်စိတ်၊ လွမ်းစိတ်နှင့် ဘရဏီ့ကို လက်ကကိုင်မပြီး မတ်တပ်ရပ်စေကာ အသာထွေးပွေ့ ပစ်လိုက်၏။ ဘရဏီကလည်း ပြန်လည်ထွေးပွေ့ထား၏။

နှစ်ယောက်သား မျက်နှာချင်း ပြန်ဆိုင်လိုက်၏။ အရုပ်မလေးရဲ့မျက်ဝန်းတွေ အချစ်ရည်စွန်းပြီး ရွှန်းလဲ့တောက်ပနေ၏။ အရုပ်မလေးရဲ့ နှုတ်ခမ်းလွှာ ပန်းနုရောင်လေးတွေ လှုပ်ရှုရှုဖြစ်နေပြီ။ လူခင်လည်း နှုတ်ခမ်းချင်း တေ့ကပ်လိုက်သည်နှင့် အချစ်ဓာတ်တွေ တရစပ် လည်ပတ်ကုန်တော့၏။

အချစ်စိတ်က တရိပ်ရိပ်တက်ပြီး အချစ်ရေအလျဉ်ကြောမှာ နှစ်ဦးသား မျောပါကုန်ကြလေပြီ။

◸ ◸ ◸



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode(၆)

## ထင်ယောင်ထင်မှား

**လူခင်** ရဲ့ အခန်းဘေးမှာ အပျိုကြီးညီအစ်မ နှစ်ယောက် နေထိုင်၏။ အသက်(၃၅)နှစ်အရွယ် ညီမအမည်က သီတာလင်း။ အစ်မ ဖြစ်သူက ဒေါ်ကြည်ပြာဝင်း။ အငယ်မက ကျောင်း ဆရာမ ဘဝကနေ ဆေးပင်စင်နှင့် နားထားသူ။

အကြီးမက အစိုးရဌာနတစ်ခုမှာ ညွှန်မှူး။ အကြီးမကလည်း ပင်စင်ထိုင်နေပြီ။ အကြီးမလည်း အသက်(၄၀)နှင့် ဆေးပင်စင်ယူ ထား၏။ မိဘအမွေအနှစ်တွေ ဘဏ်အပ်ထားပြီး ထိုင်စားနေကြသူ တွေ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အလွန်လည်း စပ်စုတတ်ကြ၏။ အတင်း တုတ်တတ်ကြ၏။ ညီအစ်မနှစ်ယောက်လုံး သတို့သမီး သေဆုံးသွား၍ အချစ်ရူးကြီး ရူးနေသော လူခင့်ကို ကြင်နာ သနားပိုနေမိကြသည်။ ဖြစ်နိုင်လျှင် အစားထိုးစရာအဖြစ် လူခင့်အနေနှင့် သူတို့ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးစေချင်နေကြ၏။

လူခင့်ကို ထမင်း၊ ဟင်း လာပို့ပေးကြ၏။ မုန့်ပဲသရေစာ လာကျွေးကြ၏။ လူခင်ကတော့ အိမ်နီးချင်း အစ်မကြီးတွေလိုသာ သဘောထားမိ၏။

ဒီနေ့လည်း ညီအစ်မနှစ်ယောက် ရွှေတောင်ခေါက်ဆွဲ ချက်စားကြ၏။ လူခင့်အခန်းတံခါးကို ခေါက်ပြီး ရွှေတောင်ခေါက်ဆွဲလာပို့၏။ ဘယ်လောက်ပဲခေါက်ခေါက် အထဲက အသံမတုံ့ပြန်။ သော့လည်း ခပ်မထား။ အထဲမှာ လူရှိနေရဲ့သားနဲ့။

"အစ်မရေ . . မောင်လူခင် အိပ်နေတာတော့ မဖြစ်နိုင်ဘူး။ ဒီလောက်ခေါက်နေတာကို တံခါးဖွင့်မပေးရင် သူ့ကိုယ်သူ စိတ်ညစ်ပြီး သတ်သေပစ်လိုက်ပြီလား မသိဘူး"

"မဖြစ်နိုင်ပါဘူးအေ . . မောင်လူခင်ရဲ့ပုံစံက ပုံမှန်ပြန်ဖြစ်လာပါပြီ။ သူ့ခမျာ . . ရေအိမ်တက်တာ ကြာနေလို့၊ ဒါမှမဟုတ် အဝတ်လျှော်၊ ရေချိုးလုပ်နေလို့ မကြားတာ နေမှာပါ။ နောက်ပြီး ကျတော့မှ တံခါးခေါက်ပြီး ရွှေတောက်ခေါက်ဆွဲ သွားပို့ပေါ့"

ညီအစ်မနှစ်ယောက် သူတို့ တိုက်ခန်းတံခါးဖွင့်ပြီး လူခင်ရဲ့ အခန်းက အသံဗလံကို နားစွင့်ကာ စကားတပြောပြောဖြင့် စောင့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဟော . . ကြားလား မမ"

"အေး . . မောင်လူခင်ရဲ့ စကားပြောသံပဲ"

"သွားပို့လိုက်တော့မယ်"

"အေး . . မမလည်း လိုက်မယ်"

"နေခဲ့ပါ . . မမရယ်"

"ညည်းကလည်း . . မောင်လူခင်က ညည်းက ပိုငယ်လို့ ညည်းကိုပဲ စိတ်ဝင်စားတယ်နေတယ်လို့ ထင်နေတာလား၊ ဟွန့် . . မပြောလိုက်ချင်ဘူး . . အသက်ကြီးပေမယ့် မပျက်စီးသေးတဲ့ တို့ကို ခိုက်ချင်လည်း ခိုက်နေမှာပေါ့ . . သူ့ဘာသာ သူရွေးချယ်လိမ့်မယ်။ လာ မတားနဲ့ . . လိုက်မှာပဲ"

ညီအစ်မနှစ်ယောက် အလှဆုံးပြင်ဆင်ပြီး လူခင်ရဲ့အခန်းရှေ့မှာ ရပ်တန့်လိုက်၏။ အထဲက လူခင်စကားပြောနေသံကို အတိုင်းသား ကြားနေရ၏။

"အချစ်ကလဲကွာ . . မောင်က အပြင်မှာ သွားစားချင်တာ အချစ်က လိုက်လို့မဖြစ်ဘူးဆိုတော့ . . အချစ် ချက်ကျွေးမှာလား။ ဟင်းစားတွေ ဘာမှ ဝယ်မထားဘူး။ မောင်နဲ့လိုက်ပြီး ဈေးဝယ်ပါလား"

". . ."

"မလိုက်ရဲဘူး . . လုပ်ပြန်ပြီ။ မောင်တစ်ယောက်ထဲ မသွားချင်ဘူး . . လိုက်ခဲ့ပါ . . အချစ်ရယ်"

". . ."

"အချစ်က သိပ်ငြင်းတတ်တာပဲ။ အကြောင်းပြချက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မျိုးကိုစုံနေတာပဲ"

"ဒေါက် . . ဒေါက် . . ဒေါက်"

"ဟော . . အချစ် . . သူငယ်ချင်းတွေလာတာနဲ့ တူတယ်။ ကိုယ် တံခါးသွားဖွင့်ကြည့်လိုက်ဦးမယ်။ ဒီကောင်တွေဆို ပြန်ခိုင်းရမယ်။ ဒီနေ့ အချစ်နဲ့ပဲ မောင်နေမှာ"

တံခါးကို သံကြိုးချိတ်လေးဟပြီး ဖွင့်ကြည့်လိုက်၏။ အားအခန်းက ညီအစ်မနှစ်ယောက် ချိုင့်ကြီးကိုင်လို့ ရပ်ကြည့်ပြီး မောင်လူခင့်ကို ပြုံးရယ်ပြနေကြသည်။

"ဟာ!. . မမတို့ပါလား"

"ဟုတ်တယ်ကွဲ့ . . မောင်လူခင်ရဲ့ . . ဒီနေ့ ဖလေးမွေးနေ့မို့ ရွှေတောင်ခေါက်ဆွဲချက်တာ အဲဒါလေးလာပို့ပေးတာ၊ မောင်လူခင် စားရအောင်လို့"

"ကျေးဇူးပါပဲ . . ဗိုက်ဆာနေတာနဲ့ အတော်ပဲ ဖြစ်သွားတယ်"

လူခင်က သံကြိုးချိတ်ဖြုတ်ပြီး ချိုင့်ကို လှမ်းယူလိုက်၏။ မကြီးက အထဲကို လှမ်းငေ့ဝဲကြည့်လိုက်ရင်း–

"ဧည့်သည် ရောက်နေတာလား"

"မရောက်ပါဘူး"

"မကြီးနဲ့မလေးကို အထဲ ပေးမဝင်တော့ဘူးလား . . မောင်လူခင်ရဲ့ . . လာ . . စကားထိုင်ပြောကြတာပေါ့"

"ဪ . . အော် . . ဝင်ပါခင်ဗျာ . . လာပါ . . ထိုင်ပါ"

မဖိတ်ခေါ်၍ မကောင်းသဖြင့် ဖိတ်ခေါ်လိုက်ရ၏။ ညီအစ်မနှစ်ယောက် ကျီးကန်းတောင်မှောက် မျက်လုံးတွေနှင့် အထဲ ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ ကြည့်နေကြ၏။

အခန်းထောင့်မှာ မှီထားသလို ရပ်နေသော အရုပ်ကို တွေ့သွား၏။ အရုပ်ကို သေချာကြည့်နေကြ၏။

"ဒါ . . ဒါ သတို့သမီး၊ မောင်လှခင်ရဲ့ သတို့သမီးနဲ့ ရုပ်ချင်းဆင်လိုက်တာ"

"အင်းနော် . . ဟုတ်ပါရဲ့ . . မြန်မာလိုဝတ်စားထားတာ သိပ်လိုက်တာပဲ"

"အဲဒါ . . အရုပ်မဟုတ်ပါဘူး မမတို့ရယ်"

"ဟော! . ."

"ဟင်! . ."

"ဘာလို့ ဒီလောက် အံ့သြသွားရတာလဲ။ အဲဒါ ဘရဏီပဲ၊ ဘရဏီ အသက်ပြန်ရှင်လာတာ။ သူ့ကို အရုပ်လို့မဆက်ဆံပါနဲ့ . . လူသား သက်ရှိစစ်စစ်ပါ"

"ဩော် . . အဟင်း . . အင်း . . အင်း"

"ဟုတ်ပါတယ်လေ . . ကိုယ်ထင်ရင် ခုတင်ရွှေနန်းပဲဟာ"

လှခင်က အရုပ်မလေးနား သွားရပ်ပြီး –

"ဘရဏီ စိတ်မဆိုးနဲ့နော် . . ဒီ မမတွေက တစ်ခါတလေ ကျရင် ပြောတဲ့စကားတွေက ကွိုင်လွတ်သလို ဖြစ်တတ်တယ်"

အပျိုကြီး ညီအစ်မနှစ်ယောက် အောင့်သက်သက် ဖြစ်သွားကြ၏။

"ဘရဏီနဲ့မောင်တို့ ရွှေတောင်ခေါက်ဆွဲ အတူစားကြမယ်၊ လာ . . ချိုင့်ကို မီးဖိုချောင်ထဲ သွားထားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



အရုပ်မလေးကို ခါးက အသာပွေ့ခေါ်သွား၏။ မီးဖိုချောင်ထဲအရောက်မှာ လူခင့်ရဲ့စကားပြောသံကို ကြားလိုက်ရ၏။

"ချိုင့်တွေ ဆေးကြောပြီးရင် မောင့်ကို လှမ်းခေါ်လိုက်နော် . . ဧည့်သည်တွေကို သွား ဧည့်ခံလိုက်ဦးမယ်"

လူခင် ဧည့်ခန်းဆီ ပြန်ရောက်လာ၏။ အပျိုကြီး ညီအစ်မမှာ နောက်ဘက်ကို လိုက်ငဲ့စောင်းကြည့်ပြီး စပ်စုနေရာက ဆတ်ခနဲ စမတ်ကျအောင် ပြန်ထိုင်နေလိုက်၏။

ဧည့်ခန်းမှာ သုံးယောက်သား ပြန်ထိုင်၊ ပြုံးပြ၊ အာလာပ သလ္လာပ စကားတွေ ဆက်ပြောဖြစ်ကြပြီး တအောင့်အကြာမှာ မီးဖိုဆောင်ဘက်က ခေါင်းလောင်းလှုပ်ခတ်သံမျိုး ကြားလိုက်ရ၏။ လူခင်က နားစွင့်လိုက်ပြီး –

"မောင် ကြားတယ်။ မောင် လာပြီ . . မောင် လာပြီ။ ချိုင့်ဆေးပြီးသွားလို့ လှမ်းခေါ်တာ၊ ခဏလေးနော် . . မမတို့"

လူခင် မီးဖိုခန်းဆီ ခပ်သွက်သွက် ထ,သွား၏။ အပျိုကြီးညီအစ်မနှစ်ယောက် အံ့အားသင့်တာထက် ပိုအံ့ဩရင်း ထိုင်ကြည့်ကျန်နေခဲ့၏။

လူခင် ချိုင့်ဆွဲပြီး ပြန်ထွက်လာ၏။ ငါးဆင့်ချိုင့်ကြီးကို ပြောင်လက်နေအောင် ဆေးကြောထား၏။ ညီအစ်မနှစ်ယောက် ချိုင့်ကိုင်းဖွင့်ပြီး ကြည့်ပြန်၏။ ပြောင်နေအောင် ဆေးကြောထား၏။ ဘယ်သူလဲ။ အဲဒီအဖြေကို သိပ်သိချင်နေ၏။ ညီအစ်မနှစ်ယောက်လုံးက စုံထောက်ဝတ္ထုဝါသနာအိုးတွေ။

နှစ်ယောက်သား လူခင်မကြားအောင် တိုးတိုးပြောပြီး တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"မောင်လူခင်ရေ . . မမရဲ့ ဝရန်တာ မီးချောင်းလေး လဲတပ်ချင်လို့၊ မမတို့က အမြင့်မတက်ရဲတော့ . . မောင်လူခင် လာတပ်ပေးပါလားကွယ်"

"ဪ . . ရပါတယ်။ လိုက်လုပ်ပေးမယ်လေ"

အကြီးမက လူခင့်ကို ခေါ်ထုတ်သွား၏။ စပ်စုလွန်းသော အငယ်မက အသာလေးထပြီး နောက်ဘက်မီးဖိုခန်းကို သွားကြည့်၏။ ရင်တထိတ်ထိတ်နှင့်။ မီးဖိုဆောင်အကွယ်ကနေ အထဲကို ခေါင်းပြူကြည့်လိုက်၏။ ဘယ်သူမှ မရှိ။ ရေချိုးခန်းကို ဖွင့်ကြည့်လိုက်မှ –

ဘွားခနဲ . .။

"အောင်မလေးတော်"

ဆံပင်ဖွာလန်ကြဲနှင့် အရုပ်မကြီးက ဒေါ်သီတာလင်းအပေါ် လက်ကားယား၊ ခြေကားယားကြီးနှင့် လဲကျလာ၏။ ဒေါ်သီတာလင်း ငယ်ထိပ်မွေးတွေ ထောင်တက်သွားအောင် လန့်အော်ပြီး အိမ်ရှေ့ဘက်ကို ကြောက်လန့်ဇောနှင့် အတင်းထွက်ပြေး၏။

အော်သံကြောင့် တစ်ဘက်ခန်းထဲက ကြည်ပြာဝင်းနှင့် လူခင်တို့ ပြေးဝင်လာကြ၏။

"ညီမလေး . . ဘာဖြစ်လာတာလဲ"

"သ . . သရဲ . . သရဲမ"

"ဟင်! . . အဟုတ်"

"အဟုတ် . . ဟောဟဲ . . ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"လာ . . လာ . . အခန်းထဲဝင်"

လူခင်က –

"ကျွန်တော့်အခန်းထဲမှာ ဘာသရဲမှ မရှိပါဘူး။ မမသီတာ အဲဒီလို မပြောနဲ့ . . ကျွန်တော် မကြိုက်ဘူး"

လူခင်ဒေါ်ကန်ပြီး ဘူ့အခန်းထဲ သူပြန်ဝင်ကာ အခန်းတံခါးကို ဒိုင်းကနဲ . . ဆောင့်ကန် ပိတ်ပစ်လိုက်၏။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com





# Episode(7)

## လန့်ပြီ . . ကြောက်ပြီ

**နေ**လင်းမောင်၊ ကျော်သူရစိုး၊ ဥက္ကာမင်းတို့ သုံးယောက်သား စားသောက်စရာတွေနှင့် လူခင့်တိုက်ခန်းကို ရောက်လာကြ၏။

ကြက်ကြော်၊ ဘဲကင်၊ ကွန်ဂျာစီနဲ့ကြော်ထားသော ကော့ပြန့်ကြော်၊ ကြက်အူချောင်း၊ ဆိတ်ချဉ်၊ ဘီယာဘူး တစ်ဖာ၊ ဝီစကီပုလင်းတွေ ပါလာကြ၏။

"ဟေ့ကောင်တွေ . . ငါ့ တိုက်ခန်းက ပျော်ပွဲစားရုံ မဟုတ်ဘူး။ ငါ့ အိမ်သူသက်ထား ဇနီးမယားရှိတယ်ကွ . . မင်းတို့တွေ ဆင်ခြင်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com





“အရင်ကလည်း တို့တွေ သောက်စားနေကြပဲ။ မင်း . . မယားက သဘောကောင်းပြီးသားပါ။ အေးပါ . . နောက်တစ်ခါလာ မသောက်တော့ဘူး။ အခုတော့ သောက်လိုက်ကြဦးမယ် . . မင်းက မိန်းမကြောက်လို့ မသောက်ဘူး မဟုတ်လား . . လူခင်”

“ငါ ခွင့်တောင်းရဦးမယ်”

“မင်း ဇနီးရော . . ဘယ်မှာလဲ”

“အိပ်ခန်းထဲမှာ၊ မင်းတို့ကောင်တွေ . . နှာဘူးကျမှာ စိုးလို့ အခန်းထဲ လုံလုံခြုံခြုံထည့်ထားတယ်”

“မင်းကတော့ မိုင်ပိုပြန်ပြီ . . ခေါ်လိုက်စမ်းပါ၊ သူလည်း စားချင်မှာပေါ့ . . အမြည်းတွေ”

“ငါ့ဘာသာ ငါ သီးသန့်ခွဲပြီး သွားကျွေးမယ်။ မင်းတို့နဲ့ ဝင်မရောခိုင်းဘူး”

လူခင်က ကြက်ကြော်၊ ဘဲကင်၊ ကော်ပြန့်တွေ ပန်းကန်လွတ်ထဲ ခွဲထည့်ပြီး အခန်းထဲယူသွား၏။ ကျော်သူရစိုးက လူခင့်နောက်က အသာလေးလိုက်သွားပြီး အခန်းထဲကို အသာချောင်းကြည့်၏။

မွေ့ရာခုတင်ပေါ်မှာ လှဲသိပ်ထားသောအရုပ်မကို ထူထိုင်စေပြီး အခန်းထဲမှာ အစာတွေ ခွံ့ကျွေးနေ၏။

“ကျော်သူရ မင်း . . ဘာလို့ လာချောင်းကြည့်နေတာလဲ။ ဘရဏီ စားဖို့ရှက်နေတာပေါ့ . . မင်း တော်တော် အချောင်း ဝါသနာပါတဲ့ ဂျစ်ပွေးကောင်ပဲ”

လူခင် တံခါးပိတ်သွား၏။ တအောင့်အကြာမှာ ပြန်ထွက်လာ၏။ ကျော်သူရကို နှာတင်းပြီးမဲပြောနေ၍ ဘေးလူတွေက ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ချော့ကြရ၏။

"သောက်ပါ . . သယ်ရင်းရာ . . မင်းရဲ့ဘရဏီကို စိတ်နဲ့တောင် မပြစ်မှားပါဘူး"

လူခင် စိတ်ပြေပြီး ဝင်သောက်စား၏။ သောက်စားရင်းနှင့် လူခင် ရေချိုးလွန်ပြီး မူးကာမှောက်သွား၏။ ကျော်သူရက –

"ဒီကောင့်ကို အမှောက်တိုက်လိုက်တာ . . အမြည်းလည်းကုန်ပြီ။ အခန်းထဲမှာ သွားထားတဲ့အမြည်းတွေ သွားယူစားမယ်"

"ဘရဏီ ကျွေးထားတာ မဟုတ်လား။ ဒီကောင် သရဲမွေးထားတာပဲ။ သရဲစာ ဖြစ်နေပြီ။ သွား . . ယူမစားနဲ့"

"ဘာ သရဲ ရမှာလဲ . . နေလင်းမောင်ရာ အရုပ်ကြီးပါကွာ"

"မင်းဘာသာ သွားယူကွာ"

ကျော်သူရ ထပြီး အခန်းထဲဝင်သွား၏။

"အား! . ."

ကျော်သူရ လန့်အော်ပြီး ပြေးထွက်လာ၏။ ဥက္ကာမင်းက –

"ဟေ့ကောင် . . ဘာဖြစ်လာတာလဲ"

"အရုပ်မ . . အရုပ်မ . . ကျောပေးထိုင်ပြီး ကြက်သားကြော်တွေ တဂျွတ်ဂျွတ်နဲ့ ဝါးစားနေတယ်"

"အင်"

"ဟာ! . . မဖြစ်နိုင်တာကွာ"

"မင်း သွားကြည့် . . မင်းတို့ သွားကြည့်ကြ"

"ဟေ့ကောင် . . လာပြီး ဖြဲချောက်မနေနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ်ပြောနေတာ"

ကျော်သူရပုံစံနဲ့ လေသံက တကယ့်ကို ထိတ်လန့်တုန်လှုပ်နေပုံမျိုး။ ဥက္ကာနဲ့ နေလင်းမောင်တို့လည်း ဆတ်ကနဲ . . ထကာ အခန်းဆီ လျှောက်သွားကြ၏။ အခန်းဘေးမှာ အသာကပ်ပြီး အခန်းထဲကို အသာ ခေါင်းပြူကြည့်ကြ၏။

အရုပ်မက ခုတင်ပေါ်ပက်လက်ကလေး။

"ဟူး . . ဟိုကောင် . . သောက်ပေါ၊ ဘယ်မှာ အရုပ်မထိုင်နေလို့လဲ . . ပက်လက်ကြီး"

"ဟေ့ကောင် . . ကျော်သူရ၊ ဒီမှာ မင်းမျက်လုံးကြီးနဲ့ ပြူးနေအောင်ကြည့်ဦး . . အရုပ်မက ပက်လက်ကြီး။ အရုပ်အတိုင်းပဲ"

"ဟုတ် . . ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆိုကွာ . . လာ . . လာကြည့်"

"အောင်မလေး . . သ . .သရဲ . . သရဲ"

"ဘာလဲကွ . . ဟေ့ကောင် . . ကြည့် . . ကြည့်လိုက် ဆံပင်ဖားလျားကြီး အုပ်ကွယ်ပြီး ထထိုင် . . ထိုင်နေပါလား"

"အေးဟ . . ဘယ်လိုဖြစ်တာလဲ"

"အဲဒါ . . သ . . သရဲခြောက်တာ"

"ဘာ! . ."

ကျော်သူရက အရင် အခန်းပြင်ရောက်အောင် ထွက်ပြေး၏။ ဥက္ကာနဲ့ နေလင်းမောင်တို့ ကျောတွေချမ်းပြီး နားထင်မွေးတွေပင် ထောင်တက်ကုန်ပြီ မှတ်ထင်ရ၏။

"ဘ . . ဘုရားဗျို . . နင် . . နင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . နေလင်းမောင်"

"ဘာ . . ဘာလဲ"

"အဲဒါ . . လူ . . လူ . . မဟုတ်ဘူး။ အရုပ်ကြီးက ထထိုင်နေတယ်။ ဟော . . ကြားလား၊ ကြက်ကြော်တွေ ဝါးနေတာ မျက်နှာကို ဆံပင်နဲ့ဖုံးထားတာ . . လှုပ်တုပ်လှုပ်တုပ်နဲ့၊ အား! . . သရဲ . . သရဲ ပြေး . . ပြေး"

နှစ်ယောက်သား ဝရန်းသုန်းကား ထွက်ပြေးလိုက်ကြတာ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုသပေိုပင်။

◸ ◸ ◸



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode(8)

## ဖိတ်ခေါ်သံ

သီတာလင်းနှင့် ကြည်ပြာဝင်းတို့ စပ်စုစိန်ညီအစ်မ အချိန်တိုင်းလိုလို ကြောက်ရွံ့နေကြ၏။ ဟိုဘက်ခန်းက လူခင် မွေးထားသော သရဲမကြောင့် ဖြစ်၏။ သရဲကားတွေထဲကလို နံရံဖောက်ဝင်လာရင် ဘယ်နှယ့်လုပ်မလဲ။ ညီအစ်မနှစ်ယောက် တပူးပူး၊ တတွဲတွဲ။ အပေါ့အပါးသွားလည်း အတူတူ။ လူခင်တို့အခန်းနဲ့ ကန့်ထားသော နံရံကိုပင် ကြည့်ကြည့်ပြီး လန့်နေကြ၏။

"ဒေါက် . . ဒေါက် . . ဒေါက်"

"ဘုရား . . ဘုရား . . တံခါးခေါက်သံကြားတယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . မိုးချုပ်နေပြီ။ ဘယ်သူလဲ မသိဘူး"

"ချောင်းကြည့်ပေါက်က ချောင်းကြည့်ရအောင် . . အပြင်မီးလည်း ထွန်းထားတာပဲ"

ညီအစ်မနှစ်ယောက် ရင်တဖိုဖိုဖြင့် ချောင်းကြည့်ကြ၏။

"ဘုရားရေ . . မောင်. . မောင်လူ . . ခင်"

"လူခင် အမလေး! . . ဘာလာလုပ်တာလဲ မသိဘူး။ ညကြီးမိုးချုပ် သူနဲ့ကပ်ပါလာရင် ဘယ်လိုလုပ်မလဲ"

"အေးလေ . . မဖွင့်ပေးလို့လဲ မကောင်းဘူး"

"မေးကြည့်ပါဦး"

"မောင်. . မောင်လူခင်လား"

"ဟုတ်တယ် မမ . . တံခါးခဏဖွင့်ပေးပါဦး"

"ဘာ . . ဘာကိစ္စလဲ"

သံပန်းတံခါးတစ်ချပ် ရှိနေသေး၍ သစ်သားတံခါးကို ဟဖွင့်ကြည့်ပြီး မေးလိုက်၏။

"ဒီည တန်ဆောင်မုန်း လပြည့်ညလေ။ ကျွန်တော့်အခန်းမှာ မဲဇလီဖူးသုပ်နဲ့ ကြက်သားစွပ်ပြုတ် ချက်ထားတယ်။ အဲဒါ . . ဆေးပေါင်းခအောင် အစ်မကြီးတို့ အခန်းမှာလာစားဖို့ လာဖိတ်တာပါ"

"အောင်မလေးတော်! . ."

"ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး။ ဘရာစီယာကြားထဲ ပုရွက်ဆိတ် ဝင်ကိုက်သွားလို့ပါ"



www.burmeseclassic.com

"ဘာအကူအညီ ပေးရမလဲ"

"လက်နဲ့ ပွတ်သပ်လိုက်ပါပြီ"

"မမ အသာနေ . . ညီမလေးပြောမယ်။ ဒီလို . . မောင်လူခင်ရဲ့ . . ညသန်းခေါင်ကျော်ကြီး မင်းအခန်းထဲလိုက်စားရမှာ မသင့်တော်ဘူး။ အဲဒါကြောင့် . . "

"ဟာ . . မရဘူးဗျာ၊ မမတို့ လာပေးတာကြတော့ ကျွန်တော်အမြဲစားရတယ်။ ကျွန်တော်က ဆေးဖက်ဝင်အောင်လို့ တမင်လုပ်ကျွေးတာ၊ ကျွန်တော့်ဇနီးချောရဲ့ လက်ရာဗျ . . လာမစားရင် စိတ်ဆိုးမှာပဲ"

"အဲ . . အဲ . . အဲလိုကြီးတော့ စိတ်မဆိုးပါနဲ့၊ ဒီလိုလုပ်ပါလား . . လာပို့ပေးလေ . . အဲဒါဆို စားမယ်"

"မရဘူး . . လာကို စားရမယ်။ ဒီမှာ ဟိုဘက်ခန်း၊ ဒီဘက်ခန်း ကူးတာ ဘယ်သူမှမမြင်ဘူး။ လိုက်ကာ၊ ခန်းဆီးတွေ အကုန်ချထားပေးမယ် . . လာကိုလာရမယ်။ ဒါပဲ"

"မလာရင် . . မမတို့အခန်းကို တစ်ညလုံး တံခါးလာခေါက်နေမှာ . . ကျွန်တော့်ဇနီးချောက မမတို့ကို အရမ်းလာစေချင်နေတာ။ မလာရင် သူကိုယ်တိုင် လက်ဆွဲပြီးအတင်းခေါ်မှာတဲ့"

"မြတ်စွာဘုရား! . . ကယ်တော်မူပါ"

"ဘုရားရေ"

ညီအစ်မနှစ်ယောက် ဘုရားတပြီး မူးလဲချင်စိတ် ပေါက်သွား၏။ သရဲမ ကိုယ်၌က ဖိတ်ခေါ်ခိုင်းတာတဲ့ . . မလာရင် အတင်းလာဆွဲခေါ်မှာတဲ့ . .။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက် အကြောက်လွန်ပြီး ရှူးရှူးတွေ ပေါက်မချမိအောင် မနည်းထိန်းလိုက်ရတော့၏။

ကြောက်သေးဖြန်းဖြန်းပါရမည့် အဖြစ်မျိုးဆိုတာ ဒီအဖြစ်မျိုးမှပါတကား။ မလာမနေရ၊ သရဲမ၏ အမိန့်ပါလား။ စုပ်လည်းဆူး၊ စားလည်း ရှူးရမည့် အဖြစ်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com




# Episode(9)

## ကြောက်စရာကြီး

“**ဒေါက်** . . ဒေါက် . . ဒေါက်”

“ဘုရားရေ . . သူ လာပြီ”

“ဘယ်သူလဲ”

“လူခင်”

“ငြင်းပစ်ရအောင်”

“လူခင်က ပြောတဲ့အတိုင်းလုပ်မှာ”

“အဲဒါဆို ဘယ်လိုလုပ်မလဲ”

“သွား . . စားရမှာပေါ့”


www.burmeseclassic.com

www.burmeseclassic.com



"သရဲမက ဘာတွေကျွေးမှာလဲ"

"မယ်ဇလီဖူးသုပ် ဆို"

ညီအစ်မနှစ်ယောက် ကတုန်ကယင်နဲ့ တံခါးသွားဖွင့်ပေးရ၏။

"ကဲ . . မမတို့ . . လာကြ၊ အားလုံး အဆင်သင့်ဖြစ်နေပြီ။ မငြင်းနဲ့နော်"

"မမ . . ဗိုက်နာနေလို့ပါကွယ်"

"မငယ်လည်း . . ခေါင်းကိုက်နေလို့ပါနော်"

"မရဘူး . . အခန်းမှာ ဆေးရှိတယ်။ ရောဂါတွေ ယူပစ်သလို ပျောက်သွားမယ်။ ဘာလို့ . . ကျွန်တော့်အပေါ် အစုမှစိမ်းကားချင်နေရတာလဲ"

"မမတို့ ပြောခဲ့ဖူးတယ်လေ။ ခင်ရာဆွေမျိုး၊ မိန်ရာ ဟင်းကောင်းဆို။ အိမ်နီးချင်း၊ အခန်းနီးချင်းတွေက ဆွေမျိုးတွေထက်ကို ပိုအားကိုးရတယ်ဆို"

"ဟုတ်တော့ ဟုတ်ပါတယ်ကွယ်။ ဒါပေမယ့် . ."

"ဒါပေမယ့်တွေ . . ဘာတွေ လုပ်မနေနဲ့။ တံခါးသော့ဖွင့် . . လိုက်ခဲ့ဗျာ။ ပြောဆိုနေရတာနဲ့ အပေါ်နဲ့အောက်က အခန်းတွေ ကြားကုန်တော့မယ်"

ညီအစ်မနှစ်ယောက် တံခါးဖွင့်ပြီး ဘုရားစာရွတ်ကာ အခန်းထဲ လိုက်သွားရ၏။ အခန်းထဲမှာ အဝါရောင် အလင်းဖျော့မီးသာ ထွန်းထား၏။ စားပွဲဝိုင်းလေးမှာ အရုပ်လေးက ဒူးတုပ်လျက်သား။ ဆံပင်ဖားလျားလေးနှင့် ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


စားပွဲပေါ်မှာ စားစရာတွေ တည်ခင်းပြီးသား။

"လာ . . ကျွန်တော့်ဇနီး စောင့်နေတယ်။ သူ ဗိုက်ဆာနေပြီ။ သူ ဗိုက်ဆာရင် မလွယ်ဘူး။ ကျွန်တော့်ကိုတောင် အတင်းလိုက် ကိုက်နေတာ"

"မြတ်စွာဘုရား! . ."

"ချစ်စနိုးနဲ့ လက်ကိုမနာအောင် ကိုက်တာပါဗျ"

"ဩော် . . ဒီလိုကိုး . ."

"တော်သေးတာပေါ့ကွယ်"

"ဝင်ထိုင်ကြလေ . . ဘာလို့ရပ်နေတာလဲ"

ညီအစ်မနှစ်ယောက် အရုပ်မကိုကြည့်ပြီး မရဲတရဲ ဝင်ထိုင်ကြ၏။ လူခင်က အရုပ်မကို လူသဖွယ်သဘောထားပြီး–

"အချစ် . . ဆေးပေါင်းခရိုန်ရောက်ပြီ။ မယ်ဇလီဖူးသုပ်တွေ ဟောဒီ . . ညီ့သည်မမ နှစ်ယောက်စားဖို့ ပန်းကန်ထဲထည့်ပေးလေ"

လူခင့်စကားကြောင့် အရုပ်မရဲ့လှုပ်ရှားမှုကို ညီအစ်မ နှစ်ယောက် မရဲတရဲကြည့်ပြီး ရင်တွေတလှပ်လှပ် တုန်နေကြ၏။

"ဩော် . . အချစ်က အချိန်နည်းနည်းလေး နောက်ကျသွားတာကို စိတ်ဆိုး၊ စိတ်ကောက်နေတယ်။ မောင် . . တောင်းပန်ပါတယ်။ ကဲ . . မောင်ပဲ ထည့်ပေးလိုက်တော့မယ်နော်"

လူခင်က အသုပ်တွေ ပန်းကန်တစ်ခုစီထဲ ခွဲထည့်လာ၏။ အလယ်မှာ ကြက်သားစွပ်ပြုတ်ပန်းကန်ကြီး ချထား၏။ ခြေဖွန်းတွေ တပ်ပေးထား၏။ သောက်ချင်သလို ခပ်သောက်ပေါ့။


www.burmeseclassic.com

www.burmeseclassic.com



"အချစ်စားလေ . . မမတို့လည်း စားကြတော့"

ညီအစ်မနှစ်ယောက် မြန်မြန်စားပြီး မြန်မြန်လစ်ဖို့ စားကြရပြီ။ လူခင်က အရုပ်မကို ဇွန်းနှင့်ခွံ့ကျွေးနေ၏။

"ပါးစပ်ဟ ပေးလေ . . အချစ်ရဲ့"

ညီအစ်မနှစ်ယောက် အကဲခတ်ကြည့်နေစဉ် –

"အု"

"အမေ့"

လန့်အော်မိမလိုဖြစ်သွားသော ပါးစပ်တွေကို သူမတို့ လက်တွေနှင့် အမြန်ပိတ်လိုက်ရ၏။ အရုပ်မရဲ့ပါးစပ် ပွင့်သွား၏။ လူခင် ခွံ့ကျွေးတာကို ပြန်ထွေးထုတ်လိုက်၏။

"အချစ်က မယ်ဇလီဖူးသုပ် မကြိုက်ဘူး။ ကြက်သား ကြိုက်တာ . . ဟုတ်သားပဲ၊ အချစ်က အသားမှစားတာ . . ရော့"

ကြက်သားတစ်တုံး ခပ်ဆယ်ပြီး ခွံ့ကျွေးလိုက်၏။ အရုပ်မက ကြက်သားကို စိမ်ပြေနပြေ ဝါးစားနေ၏။ အရိုးပါ မထား။ ညီအစ်မနှစ်ယောက် ကြက်သီးဖုကြီးတွေသီးထကာ ခေါင်းနပန်းကြီးပြီး ထွက်ပြေးချင်နေပြီ။ ခန္ဓာကိုယ်ကြီးတွေက တစ်စုံတစ်ရာ ဖိစီးထားသလို လေးလံပြီး မထနိုင်ကြ။

"အချစ် . . မျက်လုံး ဖွင့်ကြည့်လိုက်ဦးလေ"

ညီအစ်မနှစ်ယောက် မျက်လုံးချင်း ရင်ဆိုင်မကြည့်ရဲ။

"ဒီမမတွေနဲ့ မောင့်ကို အထင်မလွဲနဲ့နော်။ မောင်နှမလို ခင်မင်ရင်းနှီးနေကြတဲ့သူတွေ။ ချစ် . . နားလည်တယ် မဟုတ်လား"

"အင်း . . ဟင်း . . ဟင်း . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



အရုပ်မဆီက ရယ်သံထွက်ပေါ်လာသော လေသံကြီးကိုက ကြောက်စိတ်တွေ ငယ်ထိပ်က ဖောက်ထွက်သွားမတတ်။

"မမတို့ စားကြ . . အချစ်လည်း စိတ်ပြေသွားလို့ စားနေပါပြီ။ ဘာမှ အားမနာကြနဲ့နော်"

"အင်းပါကွယ်"

"ဟုတ်ကဲ့ကွယ်"

အက်ကွဲနေ၏။ လူခင်က–

"မမတို့ ကျွန်တော့် ချစ်ဇနီးချောကို သေချာကြည့်ကြပါဦး၊ ဒီည . . ပိုလှ မနေဘူးလားလို့"

ညီအစ်မနှစ်ယောက် မျက်လွှာချပြီး ပန်းကန်ထဲက မဲဇလီဖူးသုပ်ကို ကုန်အောင်စားနေ၏။ လူခင်က ထပ်ထည့်ပေးမည်ပြင်၍ မနည်းတားနေရ၏။

"ထပ်မစားချင်ရင်လည်း ကျွန်တော့်ချစ်ဇနီးလေး ရှုမဝကို သေသေချာချာ ရှုစားကြပါဦး"

"လှပါတယ်"

"ချောမှ ချောပါကွယ်"

"မမတို့ကလည်း . . မျက်လွှာ လှန်မကြည့်ဘဲ ပြောနေပြန်ပြီ။ သေချာကြည့်ပြီး ပြောပါဗျ၊ မမတို့ တစ်ခါကထင်သလို အရုပ်မ မဟုတ်ပါဘူးဗျ"

"ပြောမိမှားခဲ့တာ တောင်းပန်ပါတယ်"

"ခွင့်လွှတ်ပါတယ်"

"သေချာ ကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သာ၍ ညီအစ်မနှစ်ယောက်လည်း မျက်ဖြူလှန်ကြည့်လိုက်၏။

"အောင်မလေးတော်"

"အမေရေ . . ကယ်ပါဦး"

ညီအစ်မနှစ်ယောက် လန့်ဖျန့်ပြီး မျက်လုံးစုံမှိတ်ကာ တစ်ယောက်ကို တစ်ယောက် အားကိုးတကြီး ပွေ့ဖက်ထားလိုက်ကြ၏။ နှစ်ယောက်လုံး အသားတွေ ဆတ်ဆတ်တုန်ပြီး ကြောက်သေးဖြန်းဖြန်း ပါကုန်ကြ၏။

"မမ . . မမတို့ . . ဘာဖြစ်ကုန်ကြတာလဲ။ ဘာဖြစ်ကြတာလဲ"

ပြန်မပြောနိုင်။ အောက်ကထွက်သော သေးစီးကြောင်းက အရုပ်မဆီ စီးဆင်းသွား၍ –

"ဟင်! . . အချစ် . . အချစ် ဘာဖြစ်သွားတာလဲ။ ဟာ . . လာ . . လာ . . မောင် ပွေ့ချီပြီး အိပ်ခန်းထဲ ခေါ်သွားပေးမယ်"

လူခင်က အရုပ်မကို အမြန်ဆွဲပွေ့ပြီး အိပ်ခန်းထဲ ခေါ်သွား၏။ ညီအစ်မနှစ်ယောက်လည်း ကတုန်ကယင်နဲ့ ခြေထောက်တွေ ကျားကန်ပြီး အခန်းရောက်အောင် မနည်း ပြန်လျှောက်ရ၏။ အခန်းတံခါးကို ဒိုင်းခနဲ ဆွဲပိတ်လိုက်ပြီးမှ ညီအစ်မနှစ်ယောက် ကြောက်တာ၊ မေ့ချင်တာတွေ မေ့ခွင့်ရပြီး လုံးထွေးလဲကျသွားကုန်တော့၏။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com





# Episode(10)

## ရူးစမ်းရှာဖွေ . . ဘာအဖြေလဲ

**ကျော်**သူရ၊ နေလင်းမောင်၊ ဥက္ကာတို့နဲ့ အပျိုကြီးညီအစ်မတို့ တိုက်အောက်မှာတွေ့ကြစဉ်–

"မောင်လူခင်ရဲ့ သူငယ်ချင်းတွေ . . ဟိုတစ်နေ့က မင်းတို့ အော်ဟစ်ပြေးတာ သရဲခြောက်ခံရလို့ မဟုတ်လား . . မမတို့ ကြားပြီး လန့်သွားတယ်။ အပေါ်ထပ်နဲ့ အောက်ထပ်လူတွေပါ ကြားပြီး ရိပ်မိကုန်ကြပြီ။ မမတို့ကိုလာမေးတာနဲ့ ဖွင့်ပြောပြလိုက်တယ်"

"မမတို့ အကုန်ပြောလိုက်တာလား"

"အေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို . . အဲဒီတိုက်ခန်းက လူတွေနဲ့ လူခင်နဲ့ ပဋိပက္ခဖြစ်တော့မှာပဲ။ ဘယ်သူမှ သရဲမွေးထားတာကို လက်မခံကြဘူး။ လူခင်က သရဲမွေးထားသလို ဖြစ်နေပြီ"

"အင်းပေါ့ . . မမတို့လည်းနေရတာ သိပ်ကြောက်နေပြီ။ ဖြစ်နိုင်ရင် တိုက်ခန်းတောင်ရောင်းပြီး ပြောင်းပြေးချင်တယ်"

"အဲလိုလည်း မဟုတ်သေးဘူးလေ။ လူခင့်ကို နားချပြီး သရဲမကို နှင်ထုတ်ရတာပေါ့"

"မင်းကလည်း မဖြစ်နိုင်တာကွာ . . လူခင်က အသေအလဲ စွဲလန်းနေတာ၊ နှင်ဖို့မပြောနဲ့ . . အရုပ်မလို့ခေါ်တာတောင် ပြဿနာရှာချင်နေတဲ့ကောင်"

"ဒီလိုလုပ်ကြပါလား . . မောင်လေးတို့ရဲ့"

"ဘယ်လိုလုပ်ရမှာလဲဟင်"

"လူခင့်ကို အပြင်ခေါ်ထုတ်သွား . . သုံး၊ လေးနာရီပေါ့။ မမတို့က သံဃာတော်သုံးပါး ကြိုပင့်ထားပြီး အခန်းထဲဝင် ပရိတ် ရွတ်ဖတ် နှင်ထုတ်ကြမယ်။ တိုက်အောက်က မြေရှင်ရော၊ အပေါ်ထပ်အခန်းတွေ၊ အောက်ထပ်အခန်းတွေရော တရားနာလာကြလိမ့်မယ် . . မမတို့က သုံးလွှာမှာ နေကြတာကိုး"

"အဲဒါ ကောင်းတယ်။ လူခင့်ကို ဘယ်လိုခေါ်ထုတ်မလဲ"

"ဘီယာဆိုင်ကိုခေါ်ထုတ်ပြီး အမူးတိုက်သိပ်ရမယ်"

"အဲလိုလုပ်လို့ကော ဘရဏီဆိုတဲ့သရဲမက ကျွတ်သွားပါ့မလား။ ကာယကံရှင် လူခင်ကိုယ်၌က နေရာပေးထားတာ လူခင်ကိုယ်တိုင်နှင်မှ သူထွက်သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


အားလုံး စဉ်းစားသွားကုန်၏။ ဥက္ကာမင်းက–

"အဲလို ပရိတ်ရွတ်တယ်ဆိုရင် သုံး၊ လေးလသာ ရှောင်သွားတယ်။ ပြီးရင် ပြန်ရောက်လာတာပဲတဲ့"

"မင်းတို့အခု မောင်လူခင်ဆီသွားကြမှာလား"

"ဟုတ်ကဲ့"

"သရဲမ ခြောက်လှတ်လို့ ထွက်ပြေးရဦးမယ်"

"လူခင်နဲ့ရှိရင် မခြောက်ဘူး။ လူခင့်ရှေ့မှာ ဒီသရဲမ ခြောက်လှန့်ပြမှ လူခင်လည်း အရုပ်သရဲဆိုတာ ယုံသွားမှာပေါ့။ အခုသွားမှာက စူးစမ်းရှာဖွေပြီး အဖြေထုတ်ပြချင်တာ။ ဘာ အဖြေထွက်လာမလဲ မသိဘူး"

"အေး . . အေး . . ကောင်းတယ် . . ကောင်းတယ်။ မမတို့ပြောတဲ့အစီအစဉ်ကို အကောင်အထည်ဖော်မယ်ဆိုရင် ဖုန်းနဲ့လှမ်းဆက်သွယ်လိုက်နော် . . ဒီမှာ မမတို့ဖုန်းကဒ်"

"ဟုတ်ကဲ့ . . ကျွန်တော်တို့ ဖုန်းကဒ်ကိုလည်း ပြန်ပေးထားပါ့မယ်။ အခု မမတို့ ဘယ်သွားကြမှာလဲ"

"ဒီနေ့ ဥပုသ်နေ့လေ . . သီလသွားယူမလို့ . . ဘုန်းကြီးကျောင်းသွားကြမှာ"

"သြော် . . ဟုတ်သား။ ယောဂီရောင်သဘက်တွေ သိုင်းပတ်ထားတာကို မြင်ရဲ့သားနဲ့"

သူတို့အချင်းချင်း နှုတ်ဆက်ပြီး ဥက္ကာတို့က တိုက်ပေါ်တက်လာလိုက်ကြ၏။ လူခင့်အခန်းက တံခါးကြီးဖွင့်ထား၏။

"လူခင်ရေ . . လူခင်"


www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

"မင်း အခန်းထဲမှာ ဘာလုပ်နေတာလဲ"

သုံးယောက်သား အခန်းထဲကို မရဲတရဲဝင်ပြီး လှမ်းအော်မေးမိကြ၏။ တိုက်ခန်းကြီးထဲမှာ အိပ်ခန်းကျယ် တစ်ခန်းရှိသေး၏။

"လူခင် . . ငါတို့ရောက်လာပြီဟေ့"

သုံးယောက်သား ဧည့်ခန်း ဆိုဖာဆက်တီတွေမှာ ဝင်ထိုင်လိုက်ကြ၏။ လူခင်က အပြင်ထွက်လာ၏။ (ငါးမိနစ်ခန့် အကြာမှာပေါ့)

"ဟေ့ကောင်တွေ . . မင်းတို့ ခုမှရောက်လာတာလား"

"ဘာကွ . . တို့ရောက်နေတာ မင်းကို အသံပေးပြီးပြီလေ"

"ငါ ရေအိမ်တက်နေတာကွ"

"အိပ်ခန်းထဲက မင်း . . ပြန်ထူးသေးတယ်လေကွာ"

"ငါ မထူးပါဘူး . . မင်းတို့ ရောက်နေမှန်းတောင် မသိဘူး။ ဟိုတစ်နေ့က . . ငါ့ကို အမူးတိုက်ပြီး ပြန်လစ်ကုန်တယ်။ တိုက်ခန်းတံခါးတောင် ပိတ်ပေးမသွားဘူး။ ခွေးကောင်တွေ . . မင်းတို့ကို ငါ နာတင်းနေတာနော်"

"ဆောရီးကွာ. . အဲဒီတုန်းက. . ဟို. . ဟို"

"နေလင်းမောင်. . မင်း . . မပြောတတ်ရင် အသာနေ၊ ဒီလိုကွာ. . တို့တွေ အရေးပေါ်ခေါ်တဲ့ဖုန်းကို နားထောင်ပြီး အမြန် ထွက်သွားကြရတာ"

"ဩော် . . ဘာ အရေးပေါ်လဲ"

"ဥက္ကာရဲ့အမေ . . အသက်ကြီးမှ ဗိုက်ကြီးပြီး ကလေး မမွေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်လို့ ဆေးရုံအမြန်တင်ရတာနဲ့ တို့ပြေးကြရတာ”

“ဟုတ်လား . . အခုကော ဘယ်လိုအခြေအနေရှိလဲ”

“မွေးပြီးသွားပြီ။ နှစ်မွှာပူးကွ . . သူ့အဖေရဲ့ နောက်ဆုံး ကျည်ဆံနှစ်တောင့်ပေါ့ကွာ”

“ဟော့ကောင်တွေ . . မင်းတို့ ပြောပုံ၊ ဆိုပေါက်က ငါ့အဖေ ကို စော်ဘွားကြီးမှတ်နေသလိုပဲ . . ခွီး . . တယ့်မှ”

ကျန်တဲ့လူတွေ ဝိုင်းရယ်ကြစဉ် အခန်းထဲက လှောင်သလို လို၊ ပြောင်သလိုလို မိန်းမရယ်သံကြီးကိုပါ ကြားလိုက်ရ၏။

“ဟင်း . . ဟင်း . . ငှင်း . . ငှင်း . . ငှင်း”

ရယ်သံတွေတိတ်ကုန်သည်နှင့် အထဲက ရယ်သံပါရပ်သွား ၏။

“လူခင် . . အိပ်ခန်းထဲက ဘယ်သူလဲ”

“ဘရဏီလေကွာ”

“သူ ပြန်အသက်ဝင်နေတာ တကယ်ဖြစ်နေပြီပေါ့”

“သိရဲ့သားနဲ့ . . မင်းတို့က အထူးအဆန်း လုပ်နေသေး တယ်။ ဘရဏီက မင်းတို့သုံးယောက်ကို တစ်ယောက်ချင်းစီ အခန်း ထဲ လွှတ်လိုက်ပါတဲ့ . . ဆွေးနွေးစရာရှိလို့တဲ့”

“ဟင့်အင်း . . မသွားဘူး”

“မတွေ့ရဲပါဘူး”

“သားသား . . ကြောက်ကြောက်”

“မင်းတို့ ဘာဖြစ်နေတာလဲ . . သရဲ၊ ဘီလူးနဲ့ တွေ့နေလို ဘာလို့လန့်နေကြတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်မဆိုးဘူးဆိုရင် ပြောပြမယ်"

"ပြော . . မဆိုးဘူး"

"ဒုန်း . . ဝုန်း . . ဘုန်း . . ဒိုင်း"

. အခန်းထဲက ထုရိုက် သောင်းကျန်းသံတွေ ကြားလိုက်ရ၏။ သုံးယောက်သား နှစ်ယောက်ထိုင်ခုံမှာ ပူးကပ်ကုန်ကြ၏။ လှူခင်က –

"ဘရဏီ . . ဘာဖြစ်လို့လဲ။ ဘာတွေ စိတ်အလိုမကျ ဖြစ်လို့လဲ။ ခဏလေး . . မောင် လာပြီ . . လာပြီဟေ့"

လှူခင်အခန်းထဲဝင်သွားတာနှင့် ဥက္ကာတို့သုံးယောက်လည်း အသာထ,လစ်ကုန်ကြ၏။ တိုက်ခန်းအောက်ရောက်စဉ်–

"သေချာပါတယ်"

"သရဲမ ဖြစ်နေပြီ"

"ကြာရင် တစ္ဆေမ ဖြစ်တော့မှာ . . ပြိတ္တာဆိုတာကနေ မိစ္ဆာ ဖြစ်လာရင် လူတွေကို ဒုက္ခပေးတော့မှာ"

"ဟုတ်တယ်။ အစွယ်ပေါက်လာရင် လူ့အသိမရှိတော့ဘဲ သရဲမိစ္ဆာအသိဝင်ပြီး မွေးထားတဲ့သူကို ပြန်ဒုက္ခပေးတော့မှာ"

"လှူခင် ဒုက္ခရောက်လိမ့်မယ်"

"ငါတို့ လက်ပိုက်ကြည့်နေလို့မရဘူး"

"လှူခင့်ကို ကယ်တင်ရမယ်။ သရဲမကို နှင်ထုတ်ရမယ်။ အဲ့လိုမှမလုပ်နိုင်ရင် ဒီတိုက်ကြီးက အခန်းတွေမှာ နေထိုင်ကြတဲ့သူတွေ ဒုက္ခမျိုးစုံရောက်တော့မယ်။ လှူခင်က အရင်ဆုံးပေါ့"

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com





# Episode(11)

## စိုးမှ ဆိုး

"**ဟာ**! . . အန်တီစိုး"

"အေး . . ငါ့တူမလေး နှစ်လပြည့်ကို မင်းအခန်းမှာ လုပ်ပေးချင်လို့ အန်တီစိုးရောက်လာရတာပဲ"

အန်တီစိုးက ဘုရားဆီရဲ့အဒေါ် အရင်းခေါက်ခေါက်။ ဒေါ်ကြီးစိုးနှင့်အတူ ဒေါ်ငွမ်းပုံဆိုသော အဒေါ်ကြီးတစ်ယောက်ပါ အဖော်ပါလာ၏။

ဧည့်ခန်းထဲမှာ နေရာပေးပြီး စကားထိုင်ပြောဖြစ်၏။

"ငါ့တူမလေး . . ငါ့ကို အိပ်မက်ပေးတယ်။ သူမကျွတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



. . မင်းဆီမှာပဲ နေတယ်တဲ့ . . အဲဒါကြောင့် ကျွတ်စေချင်လို့ တို့က နှစ်လပြည့်ဆွမ်းကျွေးလုပ်ပေးဖို့ လာစီစဉ်တာ။ နှစ်လပြည့်ဖို့ (၃) ရက်ပဲ လိုတော့တယ်"

"အန်တီစိုးကလည်း . . ဘရဏီက ကျွတ်ချင်တယ်၊ ဆွမ်းကျွေးလုပ်ပေးပါလို့ ပြောသွားလို့လား"

"အဲ့လိုတော့ မပြောဘူးပေါ့ . . ဒါမျိုးဆိုတာ တို့က နားလည်ပေးရမှာပေါ့ . . မဟုတ်ဘူးလား . . မဂွမ်း"

"ဟုတ်ပါ့ . . ဟုတ်ပါ့၊ ဒါမျိုးဆိုတာ ရေရှည်ထားလို့ မကောင်းဘူး။ ဘရဏီလေး ဘဝကူးကောင်းအောင် မင်း ကိုယ်တိုင် လုပ်ပေးသင့်တယ်"

"နေပါဦး . . ဘရဏီ့ကို မေးကြည့်ဦးမယ်"

လူခင်ထပြီး အခန်းထဲဝင်သွား၏။ ဒေါ်ကြီးစိုးနဲ့ ဒေါ်ဂွမ်းပုံတို့ နားလည်လို့မရတဲ့မျက်နှာတွေနှင့် အံ့အားသင့်ရင်း ထိုင်ကျန်ရစ်ခဲ့၏။

အခန်းထဲက စကားပြောသံတွေ ကြားနေရ၏။

"မောင်လည်း ပြောပါသေးတယ်။ မင်း အဒေါ်က မရဘူး။ အတင်းလုပ်ပေးမယ့် သဘောရှိတယ်"

". . ."

"အေးပါ . . အဲဒါဆိုလည်း မင်းအဒေါ်ကို မင်းဆီ လွှတ်လိုက်မယ်"

လူခင် အခန်းထဲက ပြန်ထွက်လာ၏။

"ကဲ . . အန်တီစိုး . . အခန်းထဲမှာ အန်တီ့ကိုတူမ စောင့်



www.burmeseclassic.com

www.burmeseclassic.com


နေတယ်။ ဝင်တွေ့ပြီး မေးလိုက်”

“ဘယ်နှယ့် . . ဘယ်လို . . ဘယ်လို . . ငါ့တူမ သေပြီလေ။ အခန်းထဲမှာ ဘယ်ရှိပါ့မလဲ”

“ရှိပါတယ် . . သွားဝင်ကြည့်လိုက်ပါ”

“သေသွားပြီလေ”

“ဝင်ကြည့်လိုက်”

“ဟောတော့ . . မဝွမ်း ဘယ်နှယ့်ရှိစ”

“သူ စိတ်ကျေနပ်အောင် ဝင်ကြည့်သလို လုပ်ပေးလိုက်ပေါ့ . . မမစိုးရယ်”

“ညည်းပါ လိုက်ခဲ့အေ . . ကျုပ်တစ်ယောက်ထဲ မဝင်ရဲဘူး။ တူမက တူမပဲ၊ ဘဝချင်းခြားနေတော့ ခြောက်လှန့်လိုက်မှာ သိပ်ကြောက်တာ . . နဂိုကထဲကမှ ကျုပ်က သရဲကြောက်ကြောက်ရယ်”

“ကျွန်မလည်း ကြောက်တတ်တာပဲ . . မမစိုးရဲ့၊ လာပါ . . နှစ်ယောက်ဆိုတော့ ကြောက်ဖော်၊ ကြောက်ဖက်ရတာပေါ့”

နှစ်ယောက်သား လက်ချင်းပူးချိတ်ပြီး အခန်းထဲကို မရဲတရဲ ဝင်သွား၏။ အခန်းထဲမှာ အလင်းဖျော့ မီးနီလေးသာ ထွန်းထား၏။ ဆံပင်ဖားလျားချပြီး ခုတင်ပေါ်မှာ မလှုပ်မယှက်လေးထိုင်နေသည်ကို မြင်လိုက်ရသည်နှင့်–

“ဟို . . ဟိုမှာ”

“သ . . သရဲ”

“အမလေး . . ကယ်တော်မူကြပါ”

ဒေါ်ကြီးစိုးနှင့် ဒေါ်ဝွမ်းပုံတို့နှစ်ယောက် ကြောက်ပြီး အိပ်


www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲက ပြန်ပြေးအထွက် အခန်းဝမှာ နှစ်ယောက်ကိုယ်လုံးနှင့် ပြိုင်တိုးနေ၍ ကျပ်ထုတ်ပြီး အပြင်ကိုထွက်လို့မရ။

အတင်းပြုံးပြဲတိုးထွက်နေစဉ် နောက်ကျောက ခါးကို လက်သည်းနှင့် ခြစ်ခံကြရ၏။ လက်အေးကြီးနှင့် ကျောကိုပုတ်တာ ခံလိုက်ရ၏။

"အီး . . ဟီး . . ဟီး . . ဟီး"

"အမလေး . . ကယ်ကြပါဦး"

"ကြောက်ပါပြီ . . မခြောက်ပါနဲ့တော့ . . ရှာတော်ရှင်ကြီး ကယ်တော်မူပါ"

လူခင်ရောက်လာပြီး တစ်ယောက်စီဆွဲထုတ်မှ အပြင် ရောက်လာ၏။ အပြင်ရောက်တော့ ကြောက်ဖော်နဲ့ ဟောဟဲ . . လိုက် ပြီး တော်တော်နဲ့ စကား ပြန်မပြောနိုင်ကြ။

"အန်တီစိုးတို့ . . ဘာဖြစ်ကြတာလဲ။ အခန်းမှာ ဘရဏီပဲ ရှိတဲ့ဟာကို"

"မင်း. . မလုပ်ကောင်းတာတွေ လုပ်ထားတယ်"

"မင်း. . မွေးစားထားတာ မဟုတ်လား. . ဟောဟဲ"

"ဘရဏီ ပြန်ရှင်တဲ့နည်းနဲ့ . . ပြန်ရှင်ထားတာပါဗျာ"

"ဘယ်လိုနည်းလဲ"

လူခင်လည်း အကြောင်းစုံ ပြောပြလိုက်၏။ အန်တီစိုးတို့ မျက်ကလဲဆန်ပြာ ဖြစ်ကုန်၏။

"အဲဒါ သရဲမွေးထားတာဟဲ့"

"ဟုတ်တယ် . . သရဲဖြစ်နေပြီ။ သရဲကြီးလာရင် အစွယ်





www.burmeseclassic.com

www.burmeseclassic.com


ပေါက်ပြီ။ လူ့ဘဝတုန်းက အသိတွေပျောက်ပြီး မိစ္ဆာစိတ်ပေါက်လာရင် မင်းကိုတောင် စားစရာလို့ပဲ မြင်လာတော့မှာ"

"ဟာဗျာ! . . မဖြစ်နိုင်ပါဘူး"

"ဝုန်း . . ဒိုင်း . . ဘုန်း . . ဝွမ်း"

အခန်းထဲက ဝုန်းဒိုင်းကျဲနေပြန်၏။ အန်တီစိုးနဲ့ ဒေါ်ဝွမ်းပုံတို့လည်း အိတ်တွေကောက်ဆွဲပြီး ပြန်လစ်ကုန်တော့၏။

လူခင် အခန်းထဲဝင်ပြီး ပြန်ချော့နေ၏။ အန်တီစိုးဆိုတဲ့စိုး ရောက်လာမှ အခန်းထဲက ဘုရားကို ပိုပြီး ဆိုးပြနေ၏။ စိုးကြောင့်ဆိုးပြတာလေ။ စိုးပါလို့ ဆိုးတဲ့စိုးမှ ဆိုးဆိုတဲ့ ဖြစ်ရပ်ကလေးပါပဲ။ လူခင်ချော့တော့လည်း ဘုရားရဲ့ရယ်သံက လူခင့်နားထဲမှာ အချိုလွင်ဆုံး ဂီတအသံ။

လူခင့်အခန်းကတော့ သရဲခြောက်တဲ့နေရာမှာ နာမည်ကြီးရ ပြန်လေပြီ။

◬ ◬ ◬


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode(12)
## ကြောက်တတ်သူ မလာရ

**တိုက်**ခန်းတွဲရဲ့ မြေညီထပ်မှာနေသော မြေပိုင်ရှင်နှင့် ဒုတိယထပ်ကလူတွေ လူခင်ရဲ့အခန်းကို တံခါးလာခေါက်ကြ၏။ လူခင်တံခါးဖွင့်ပေးလိုက်တော့ –

“မောင်လူခင် . . မင်းကိုပြောစရာရှိလို့”

“အထဲဝင်ထိုင်ကြပါ . . ဦးလေးတိုး”

မြေပိုင်ရှင် ဦးတိုးနှင့် ဒုတိယအလွှာက ကိုမြတ်အေး (ရွှေပန်းထိမ်)၊ ကိုချစ်(ပွဲစား)တို့ ဝင်ထိုင်ကြ၏။

“ဘာကိစ္စများပါလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို တဲ့တိုးပဲ ပြောတော့မယ်။ မင်းအခန်းမှာ သရဲမွေး ထားတဲ့ ကိစ္စ . . ဘေးအခန်းတွေ စိတ်အနှောင့်အယှက် ဖြစ်နေကြပြီ။ ဒါမျိုးက . . လူတွေကြားထဲမှာ မဖြစ်အပ်ဘူးလေ။ ဒါကြောင့် သရဲ မမွေးပါနဲ့ . . အဲဒီ သရဲမကို အမြန်ဆုံးနှင်ပေးပါ"

"ဘာ သရဲမှ မမွေးဘူး။ သေသွားတဲ့ ကျွန်တော့် ဇနီးပါဗျ။ တွက ထင်ယောင်ထင်မှားတွေ ပြောချင်ရာပြော၊ ကောလာဟလကို ယုံချင်တဲ့သူတွေကလည်း စွတ်ယုံကြတယ်။ ဦးလေးတိုးတို့ ရှာကြည့် . . ကျွန်တော့်အခန်းထဲမှာ ဘာသရဲမှမရှိဘူး"

လာရောက်သူတွေ မျက်စိ၊ မျက်နှာပျက်ကုန်ကြ၏။ မြေပိုင်ရှင် ဦးတိုးက–

"မင်း သူငယ်ချင်းတွေ ၊ ဟိုဘက်ခန်းက အပျိုကြီးညီအစ်မတွေ၊ သေသွားတဲ့ မင်းဇနီးလောင်းရဲ့အဒေါ်တွေ လန့်အော်ပြီး ပြန်ပြေးကုန်တာ ခဏ . . ခဏပဲ။ မင်း မငြင်းပါနဲ့ . . သရဲဆိုတာ ကမ္ဘာဦးတန်ခိုးနဲ့ ကိုယ်ယောင်ဖျောက်ထားတာ . . တို့ ဘယ်မြင်နိုင်စွမ်းမှာလဲ"

"ဟုတ်တယ် . . ကိုလူခင်၊ ကျွန်တော်တို့ အခန်းမှာက ကလေးတွေနဲ့၊ ညဘက်ဆို ကလေးတွေက လန့်ငို . . အိမ်က မိန်းမကလည်း သတင်းတွေကြားပြီး ကြောက်နေ . . အပေါ်ထပ်က လူတွေဆို အတက်အဆင်း သိပ်မလုပ်ရဲသလောက်ကို ဖြစ်နေပြီ"

"သူတို့ကို ခြောက်လှန့်လို့လား"

"ဆံပင်ဖားလျားကြီးနဲ့ လှေကားမှာ ထိုင်နေတာ၊ ခင်ဗျားအခန်းပေါက်ဝမှာ ရပ်နေတာ . . တချို့ တွေ့ကြတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အခိပ္ပာယ် မရှိတာ . . လက်တွေ့ခေါ်ပြပါ၊ အဲဒါမှ ကျုပ်ယုံမယ်"

"အဲဒါတော့ မင်း စကားကပ်ပြောတာပဲ"

"ဒီလိုလုပ်ပါလား . . ဦးတိုး ဒီအခန်းထဲမှာ သရဲ တကယ်ရှိ၊ မရှိ စမ်းသပ်လို့ရတဲ့ နည်းရှိတယ်"

"ဘာနည်းလဲ"

"ပထမဦးဆုံး . . အိပ်ခန်းထဲ၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာ အကုန်လိုက်ကြည့်မယ်။ ဘယ်သူ လူပိုရှိသလဲဆိုတာ၊ မရှိဘူးဆိုရင် စမ်းသပ်လို့ရပြီ"

"ဒီလိုလား . . ဒါဆို လိုက်ကြည့်ကြမယ်။ မောင်လှခင် မင်းကိုယ်တိုင်လိုက်ပြကွာ"

"ပြပေးမယ် . . လိုက်သာကြည့်"

လှခင်က အိပ်ခန်းကို အရင်ပြ၏။ ခုတင်ပေါ်မှာ အရုပ်ကို လှဲသိပ်ထား၏။ အရုပ်က တုပ်တုပ်မျှ မလှုပ်။ ဦးတိုးတို့ မရဲတရဲနှင့် အနားကပ်ကြည့်၏။ အရုပ်မှန်း သိသွား၏။

ခုတင်အောက်တွေ လိုက်ငုံ့ကြည့်ကြ၏။ အဝတ်ဗီဒိုတွေ လှန်လှောကြည့်၏။ အခန်းထဲ စိတ်ကြိုက်ကြည့်ပြီးမှ မီးဖိုဆောင်ဘက်ထဲ ဝင်ကြည့်ကြ၏။ မီးဖိုခန်းထဲမှာ လူမရှိ။ ရေချိုးခန်း၊ အိမ်သာတွေ ဖွင့်ကြည့်ကြ၏။ လူမရှိ။

အားလုံး ဧည့်ခန်းပြန်လာပြီး သရဲရှိ၊ မရှိ စမ်းသပ်ပေးမယ်ဆိုသော ပွဲစားကိုချစ်က–

"အားလုံး . . ဒီမှာပဲ ရပ်နေကြ၊ ကျွန်တော် ဘုရားခန်းတော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်။ ပြီးရင် . . စိတ်တန်ခိုးစုစည်းပြီး မြင်သာထင်သာ ရှိအောင် သရဲနဲ့ ဆက်သွယ်ပြမယ်"

ကိုချစ် ဘုရား ကန်တော့နေ၏။ (၁၀)မိနစ်လောက် တရားထိုင်သလို ထိုင်နေ၏။ ပြီးမှပြန်ရပ်လာပြီး အခန်းဘက်ကိုလှည့်ကာ–

"အခန်းထဲမှာရှိသော ပရလောကသား . . သင်သည် . . အခန်းရှင် ကိုလှခင်ရဲ့ ချစ်ဇနီးလောင်း မဘာရဏီ ဟုတ် မဟုတ်၊ ဟုတ်တယ်ဆိုရင် အခန်းနံရံကို သုံးချက် လက်နဲ့ပုတ်ပြပါ။ မဟုတ်ဘူးဆိုရင် မပုတ်ပြပါနဲ့"

ပြောပြီး စောင့်စားနားစွင့်နေကြ၏။ လှခင်ကတော့ လာအလုပ်ရှုပ်နေတာကို သိပ်ပြီး မကြည်ချင်။

"ဘုတ် . . ဘုတ် . . ဘုတ်"

အခန်းနံရံကို လက်နှင့်ပုတ်သံ သုံးချက်ပေါ်လာ၏။

"ဟုတ်ပြီ . . ရှိနေမှန်းသိပြီ"

ဦးတိုးနှင့် ပန်းထိမ်ဆရာတို့လန့်ပြီး လှချင်း ပူးကပ်ကုန်ကြ၏။

"ကိုလှခင် လက်ခံထားလို့ နေနေတာလား . . ဟုတ်ရင် ခုနလို နံရံကို သုံးချက်ပုတ်ပြ"

"ဘုတ် . . ဘုတ် . . ဘုတ်"

"ဟုတ်ပြီ . . လှခင်က မနေခိုင်းရင် ပြန်သွားမှာလား"

". . ."

မပုတ်ပြတော့။



www.burmeseclassic.com

www.burmeseclassic.com


"မင်းကို ကုသိုလ်ကောင်းမှုတွေလုပ်ပြီး အမျှဝေပေးမယ် လေ။ အဲဒါဆို . . မင်း လက်ခံမလား . . လက်ခံရင် သုံးချက်ပုတ်ပြ"

". . ."

မပုတ်ပြပြန်။ လူခင်က –

"ခင်ဗျားတို့ ကျုပ်အခန်းထဲလာပြီး ဒီလောက်လုပ်ရရင တော်တော့ . . ကျုပ်မိန်းမ စိတ်ညစ်နေပြီဗျ။ ကျုပ်ပိုင်တဲ့ အခန်းထဲ မှာ ကျုပ်တို့ဘာသာ လွတ်လွတ်လပ်လပ်နေတာ . . ခင်ဗျားတို့ကို ဘာ ထိခိုက်မိနေလို့လဲ"

"ထိခိုက်တာပေါ့ . . အခြောက်အလှန့်တွေဖြစ်ပြီး အပေါ် အောက် မနေရဲတော့ဘူးကွ"

ဦးတိုးနှင့် လူခင်တို့ စကားတွေများကုန်၏။ လူခင်က တိုက် ခန်းဝယ်ထားသူ။ ဦးတိုးက မြေပိုင်ရှင်။ ဘေးလူတွေဝိုင်းပြီး လူခင့် ကို ပြောဆိုကြ၏။ အပျိုကြီးညီအစ်မက ရှေ့ဆုံးကပေါ့။ လူခင်က –

"ခင်ဗျားတို့အားလုံး ပြန်ကြ၊ ကြောက်တတ်တဲ့သူတွေ ကျုပ် တိုက်ခန်းကို မလာကြနဲ့ . . ပေါ်တင်ပြောတာ။ ကျုပ်တို့ဘာသာ ကျုပ်တို့နေမယ်။ ကျုပ်တို့ကို လာ မနှောင့်ယှက်နဲ့ . . ခြောက်လှန့် တယ်ဆိုရင် ကျုပ်ကိုလာပြော . . ကျုပ် လိုက်ဖြေရှင်းပေးမယ်"

အားလုံး တစ်ယောက်တစ်ပေါက် ပြန်ပြောသံတွေနှင့် ပွက် လောညံကုန်၏။ နောက်ဆုံးတော့ တုတ်ဆွဲ၊ ဓားဆွဲ ဒေါသကြီးနေတဲ့ လူခင့်ကို အားလုံး အလျှော့ပေးလိုက်ကြရတော့၏။

◙ ◙ ◙


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode(13)

## စောင့်ကြည့်လေ . . ကြောက်မိလေ

"ဒေါက် ဒေါက် . . ဒေါက် ဒေါက်"

လူခင် ညနေခင်းမှာ ရန်ဖြစ်ထားတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး စိတ်ညစ်တာနဲ့ ဘီယာဆိုင်မှာ တစ်ယောက်ထဲ သွားထိုင်သောက်၏။ မိုးချုပ်တော့ ကြက်ကြော်၊ ဘဲကင်၊ ခေါက်ဆွဲကြော်တွေ ပါဆယ်ဆွဲလာ၏။ လူခင် တိုက်ထဲဝင်တာနှင့် အခန်းတိုင်းက မျက်လုံးဒေါက်ထောက် ကြည့်နေကြပြီ။ လူခင်က ဂရုမစိုက်။ သူ့အခန်းရောက်အောင် တက်လာပြီး အခန်းတံခါး ခေါက်နေ၏။

"ဂျောက်"



www.burmeseclassic.com

www.burmeseclassic.com



## စေတန်

အပျိုကြီးညီအစ်မက ထွက်ပြီး စပ်စုကြ၏။

"မောင်လူခင် .. သော့ခတ်ထားခဲ့တာ မဟုတ်လား။ သော့ဖွင့်ပြီးဝင်လေ .. ဘယ့်နှယ် တံခါးခေါက်နေရတာလဲ"

"ဘာလို့ သော့ခတ်ရမှာလဲ မမတို့ရဲ့၊ အော့ .. ဇော့ .. အခန်းထဲမှာ ကျွန်တော့်ချစ်ဇနီးချောလေး ရှိနေတာပဲ။ သူ လာဖွင့်ပေးအောင် တံခါးခေါက်နေတာပေါ့၊ ဟောဒီမှာလေ .. ချစ်ချစ်နဲ့စားဖို့ ကြက်ကြော်၊ ဘဲကင်၊ ခေါက်ဆွဲကြော်တွေ ဝယ်လာတယ်။ ချစ်ချစ်က အဲဒါတွေ သိပ်ကြိုက်တာဗျ"

အပျိုကြီး ညီအစ်မနှစ်ယောက်လုံး ကြောက်စိတ်တွေဝင်ပြီး မျက်လုံးပြူး၊ မျက်ဆံပြူးတွေ ဖြစ်ကုန်ကြ၏။ လူခင်က တံခါးခေါက်မည် ပြင်လိုက်တော့ အထဲက ဂျက်ဖွင့်သံကို ကြားလိုက်ရ၏။

"တွေ့လား .. ချစ်ချစ်က တံခါးဖွင့်ပေးနေပြီ"

လူခင် တံခါးတွန်းဖွင့်ပြီး အထဲဝင်သွား၏။ အပျိုကြီး ညီအစ်မ ခေါင်းလေးကဲပြီး အထဲကိုလှမ်းကြည့်၏။ ဘယ်သူမှ မရှိ။ လူခင်က တံခါးပြန်ပိတ်သွား၏။

အပျိုကြီးညီအစ်မ အေးခနဲ .. ဖြစ်သွားပြီး ကြက်သီးတွေ တုန်ထကုန်၏။ အခန်းထဲက လူခင့်ရဲ့စကားပြောသံတွေ ညံဝေနေ၏။

"အချစ်ရေ .. မန်မန်းစားလေ .. မောင်လည်း စားမယ်။ အချစ်နဲ့အတူစားဖို့ မောင်ဝယ်လာတာ။ ဟာ .. အကုန်ဆွဲပြီး စားတယ်၊ ဖြည်းဖြည်း .. စားပါ။ နင် နေဦးမယ်။ ဟင်း .. အားရပါးရသာစား .. မောင် .. မစားတော့ဘူး။ အကုန် စားပစ်"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက အရိုးပါ ဝါးစားသံတွေ အတိုင်းသား ကြားလိုက်ရ၏။ အပျိုကြီးညီအစ်မ ကြောက်လန့်ပြီး အခန်းထဲ အမြန်ဝင်ကာ သံတံခါး သော့ခတ်။ သစ်သားတံခါးကို ဂျက်ချ ပိတ်ပစ်လိုက်၏။ အောက်ထပ်ကလူ၊ အပေါ်ထပ်ကလူတွေလည်း လူခင့်အခန်းရှေ့ကို ခြေသံလုံလုံနဲ့ရောက်လာပြီး ချောင်းနားထောင်ကြကုန်၏။

အခန်းထဲမှာ လူခင်နဲ့ တစ်ယောက်ယောက် ရှိနေသံတွေ ကြားနေရ၏။ လူခင်တစ်ယောက်ထဲ အခန်းထဲမှာရှိနေတာ လူတိုင်း သိပြီးသား။ ချောင်းနားထောင်သူတွေထဲက တစ်ယောက်က ချောင်းဟန့်လိုက်၏။

"အဟွတ် . . အဟု . . ဟွတ်"

အပေါ်ထပ်က လင်မယားနှစ်ယောက်၊ အောက်ထပ်က လင်မယားနှစ်ယောက် ချောင်းနေကြခြင်းပင်။

သူတို့တတွေ ချက်ချင်း အေးစိမ့်သလိုဖြစ်လာ၏။ ကျောတွေ ချမ်းပြီး ကြက်သီးတွေ ဖြန်းကုန်၏။ အသိတရားတွေ ဝေရီဝေရီ ဖြစ်လာစဉ် လှေကားက လျှပ်စစ်မီးလုံး မီးပျက်သွား၏။

အပေါ်ထပ်က မီးလုံးကြီးတစ်လုံး ဆင်းလာ၏။ အပေါ်တက်သော လှေကားပေါက်မှာ တန့်ရပ်နေရာက အရောင်တွေကို မီးလုံးက စုပ်ယူလိုက်သလိုဖြစ်ပြီး မီးလုံးကြီးကနေ ခေါင်းပြတ်ကြီး ဖြစ်သွား၏။

မျက်လုံးနီနီ၊ လျှာရဲရဲ၊ အစွယ် လက်လေးသစ်ခန့် ပြူးထွက်နေသော ကြောက်လန့်စရာမျက်နှာနှင့် ခေါင်းပြတ်ကြီးကို မျက်လုံး မြင်ပြီး ရုတ်တရက် လန့်အော်လိုက်သံက ကမ္ဘာပျက်သည့်အလား။



www.burmeseclassic.com

www.burmeseclassic.com

## စေတာန်

ကြောက်လန့်တကြား အောက်ကို လုယက်ဆင်းပြေး ကုန် လိုက်တာမှ ပုဆိုး မနိုင်၊ ထဘီ မနိုင်။ အောက်ထပ်မှာ ဆူပွက်ကုန်ပြီ။

လူခင်လည်း လန့်အော်သံကြီးကို ကြားလိုက်ရ၏။ လူခင်ရဲ့ ချစ်သူက အခန်းထဲ ခဏဝင်ပြီး တံခါးပိတ်ထား၏။ လူခင်က အခန်း ထဲ လိုက်ဝင်ချင်သော်လည်း တံခါးက ဖွင့်မရ။ မီးက ပြန်လင်းလာပြီ။

အခန်းထဲမှာ ချစ်ကြည်နူးကြမည်ပေါ့။ အောက်ထပ်က ဆူညံ ဆူညံသံတွေနှင့် အပေါ်ကို အုပ်စုလိုက်ကြီး တက်လာသံတွေ ကြား လိုက်ရ၏။

"ဝုန်း . . ဒုန်း . . ဒုန်း . . ဒုန်း"

လူခင့် အခန်းတံခါးကို ဝိုင်းထုခေါက်ကုန်၏။ လူခင် အခန်း တံခါးသွားဖွင့်ပေးလိုက်သောအခါ အစိမ်းလိုက် ဝါးစားပစ်ချင်သည့် မျက်နှာ၊ ဒေါသအမျက် ချောင်းချောင်းထွက်နေသည့် မျက်နှာတွေကို မြင်လိုက်ရ၏။ အဆိုးဆုံးက ခေါင်းဆောင်တင်လာသူ ဦးတိုးပေါ့။ မြေပိုင်ရှင်ဆိုတဲ့ ဟိတ်လုံး၊ ဟန်လုံးတွေနှင့်။

"ဟေ့ကောင် လူခင် . . မင်း မွေးထားတဲ့သရဲမက ဒီတိုက် ခန်းက လူတွေကို ဒုက္ခပေးနေပြီကွ . . မီးလုံးပုံစံနဲ့ ခြောက်လိုက်၊ ခေါင်းပြတ်ပုံစံနဲ့ ခြောက်လိုက်နဲ့ ပတ်ဝန်းကျင်ထိတ်လန့်မှု ဖြစ်နေပြီ။ မင်း သရဲမကို မင်းဘာသာ မောင်းထုတ်မလား . . ငါတို့ ဝိုင်းပြီး မောင်းထုတ်ပစ်ရမလား . . ဒီနှစ်ခုထဲက တစ်ခုပဲပြော"

"ဘာတွေ လာပြောနေတာလဲ . . ကျုပ်မိန်းမက အိပ်ခန်း ထဲမှာ ခင်ဗျားတို့ အုပ်စုဖွဲ့ပြီး မတရား လာစွပ်စွဲမနေနဲ့ . . မယုံရင် ဝင်ကြည့်ကြ၊ အခန်းထဲမှာ သူရှိတယ်။ လာ . . လာ . . ဝင်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးက ထိပ်ဆုံးကဝင်ပြီး အခန်းထဲ လိုက်ကြည့်၏။ ဘေးလူတွေက မရဲတရဲ။ ဦးတိုး အိပ်ခန်းတံခါးကို ဆောင့်ဖွင့်ကြည့်သောအခါ–

ဝုန်းခနဲ . . အပွင့်မှာ အပုပ်နံ့ကြီးက ထောင်းခနဲ . . ။ အပုရိုန်တစ်ခု ဟပ်ခနဲ . . ဖြစ်ကာ အော်ဂလီဆန်ချင်သွား၏။

ဘေးလူတွေ အော့မလို၊ အန်မလိုဖြစ်ကုန်ပြီ။ ဦးတိုးက အခန်းထဲကို လှမ်းကြည့်သောအခါ အရုပ်မက ခုတင်ပေါ်မှာ ဒူးထပ်ချိတ်ပြီး ထိုင်နေ၏။ ဆံပင်တွေ မျက်နှာပေါ်အုပ်ချထား၏။

"အဲ့မှာ . . အဲ့ဒီအရုပ်ကြီးကို ရှင်းပစ်ရမှာ"

"ဟုတ် . . ဟုတ်တယ်၊ မီးရှို့ပစ်ရမယ်"

"ကြောက် . . ကြောက်စရာကြီး"

"ဦးတိုး ဘယ်လိုလုပ်မလဲ"

"အရုပ်ကို ဆွဲထုတ်ပြီး အောက်ရောက်ရင် မီးရှို့ပစ်ရမှာပေါ့ကွ"

လူခင် ဆတ်ခနဲ . . တုန်လှုပ်သွား၏။ အခန်းတံခါးရှေ့က ပိတ်ကွယ်ရပ်လိုက်ပြီး –

"ခင်ဗျားတို့ . . ကျုပ်အခန်းထဲ တစ်ယောက်မှမဝင်နဲ့ . . ပိုင်နက် ကျူးလွန်နေပြီနော်။ ဒါ . . ကျုပ်ဇနီး။ အရုပ်မဟုတ်ဘူး . . လက်ဖျားနဲ့တောင် မထိနဲ့"

"မင်း . . ရူးကြောင်ကြောင်နဲ့ . . အဲဒီလို ငြင်းပယ်နေလို့ ဒီလိုဖြစ်နေရတာ . . မင်း ပြောင်းတော့ကွာ . . မင်း ရောဂါနဲ့၊ တို့တွေ ဒီအခန်းကို စုဝယ်ပြီး သံဃာတော်တွေ ပင့်ဖိတ်ပြီး ပရိတ်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်၊ ကမ္ဘဝါဖတ်ပြီး သရဲမကိုနှင်မယ်"

"ခင်ဗျားတို့က ဘာမို့လို့ . . ကျုပ်ကို ဒီစကားတွေ လာပြော နေရတာလဲ။ ကျုပ်ဘာသာ ပြောင်းချင် ပြောင်းမယ်၊ မပြောင်းချင် မပြောင်းဘူး . . ကျုပ်တို့ဇနီးမောင်နှံ တမင်နေဖို့ ဝယ်ထားတာ။ ကျုပ် မိန်းမက သရဲမ မဟုတ်ဘူး . . ဒီမှာကြည့်"

"ဘယ်မှာ အသက်ရှိသလဲ . . အဲဒါ အရုပ်ပဲ။ အသက်ရှိရင် ငါ့ကို လှုပ်ရှားပြလေ . . လှုပ်ပြ"

အရုပ်မက လူခင် ကိုင်တွယ်တဲ့အတိုင်း ငြိမ်သက်နေ၏။ လူခင်က –

"ကဲ . . အချစ် . . သူ ယုံအောင် လုပ်ပြပေးလိုက်စမ်းပါ"

အရုပ်မက ခေါင်းကနေ ဆတ်ခနဲ . . ဆတ်ခနဲ လှုပ်လာ၏။ ဦးခေါင်းကို တစ်ပတ်လှည့်ပြလိုက်ရာ–

ဦးတိုးဆိုတာ လူကြားထဲကနေ အရင်တိုးပြေးပြီး အောက် ထပ်ကို ဂမူးရှူးထိုးလန့်အော် ပြေးဆင်းသွား၏။ ကျန်တဲ့လူတွေ လည်း ဝရုန်းသုန်းကားရောထွေးပြီး သူ့ထက်ငါအရင် ပြန်ပြေးကုန် ကြ၏။

အဲဒါကိုပဲ လူခင်က သဘောတွေကျပြီး တဟားဟား . . နှင့် အော်ရယ်နေပြီ။

◬ ◬ ◬



www.burmeseclassic.com

www.burmeseclassic.com





# Episode(14)

## နာမည်ကြီးပြီ

**သရဲ** မွေးထားတဲ့ တိုက်ခန်းဆိုပြီး ဒီလမ်း၊ ဒီရပ်ကွက်ထဲမှာ နာမည်ကြီးသွား၏။ လူခင့်ကိုလည်း လူထူးလူဆန်းသဖွယ် ဝိုင်းကြည့်ကုန်ကြ၏။ လူခင်ကတော့ မှိုင်းမိနေသောလူပမာ ဘာမှ သတိထားမိဟန်မရှိ။ သွားမြဲ၊ လာမြဲ၊ စားသောက်၊ နေထိုင်မြဲလျက်သား။

လူခင့်အခန်းရဲ့ အပေါ်ထပ်မှာ သုံးလသားအရွယ် ကလေးလေး ရှိ၏။ လင်မယားနှစ်ယောက်ရဲ့ သည်းတုန်အူတုန် ချစ်ရတဲ့ ပထမဦးဆုံး သားရတနာလေးပေါ့။ အဲဒီကလေးက ညဆိုရင်ပြီး ငိုလိုက်၊ နားလိုက်နှင့် . . တစ်ညလုံးလိုလို မိဘတွေက ညကြီးအချိန်



www.burmeseclassic.com

www.burmeseclassic.com



မတော်မို့ ကလေးဆေးရုံကြီး ပြေးပြရ၏။

ကလေးက ဆေးရုံရောက်တော့ အငိုတိတ်၏။ ချော့မြှူတော့ ရယ်နေသေး၏။ ညတွင်းချင်း ကားနှင့်ပြန်လာ၊ တိုက်ပေါ်တက်တာနှင့် ငိုပြန်၏။ ဘယ်လိုမှ ထိန်းလို့မရ။ နောက်တော့ ပယောဂကပ်သည်ထင်ပြီး မိသားစုလိုက် ဆွေမျိုးတွေအိမ်မှာ ရှောင်အိပ်ရတော့၏။ နောက်ဆုံးစွပ်စွဲချက်ကတော့ –

လူခင့်အခန်းထဲက သရဲမကြောင့်ပေါ့။

တိုက်ခန်းနေသူတွေက ပြောမရ၊ ဆိုမရ လူခင့်ကို မုန်းနေကြ၏။ ဦးတိုးကြီးက အဆိုးဆုံး။ လူခင့်ရဲ့အုပ်ထိန်းသူ ဦးထွန်းအောင်ကျော်ကို သွားခေါ်ပြီး အကျိုးအကြောင်း ရှင်းပြကြ၏။

ဦးထွန်းအောင်ကျော်က လူခင်နှင့် ပြန်နေပြီး လူခင့်ကို နားချ၏။ ဘယ်လိုမှ ပြောမရ။ နွားကပ်ကြား ပြုတ်မနူး။ ကိုက်မရ၊ ဖွဲ့မရ၊ အမဲရွတ် ကိုလူခင်။ ဦးထွန်းအောင်ကျော်လည်း သရဲမ တကယ်ရှိ၊ မရှိ သတိထားပြီး နေထိုင်ကြည့်၏။

အိုးခွက်၊ ပန်းကန်တွေ ဆေးကြောထားပြီး ချက်ပြုတ်ထား၏။ မနက် မလင်းခင်ကတည်းကပင်။ လူခင်က အခန်းထဲမှာ အိပ်လိုက်တာ သိုးလို့။ ဦးထွန်းအောင်ကျော် (ခ) ဦးထွန်းလည်း မသိချင်ယောင်ဆောင်နေလိုက်ပြီး ဘုရားရှိခိုး၏။ လူခင် အိပ်ရာထဲက လူးလဲထလာပြီး–

"ဦးလေး . . ဘုရား မရှိခိုးပါနဲ့။ ကျွန်တော့်မိန်းမ နေလို့မရဘူး"

"ဟေ . . ဘယ်မှာလဲ . . မင်းမိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး . . သိရဲ့သားနဲ့ဗျာ"

"ထားပါတော့ . . ဘုရားရှိခိုးတာ မကြိုက်ရင် မင်းမိန်းမဟာ မကောင်းဆိုးဝါးမိစ္ဆာပဲကွ"

"ဦးလေး . . အဲ့လိုမပြောနဲ့"

"ပြောရမယ်၊ ကြာရင် မင်း ဒုက္ခရောက်တော့မယ်"

"ကျုပ် ဒုက္ခရောက်အောင် ဦးလေးလုပ်နေတာ"

"ငါ မဟုတ်ဘူး . . သရဲမကွ။ သရဲကြီးရင် တစ္ဆေဖြစ်လမယ်။ ဖြစ်လာရင် မင်းနဲ့ပတ်သက်တဲ့ သံယောဇဉ်တွေ၊ အချစ်စိတ်တွေ တိမ်မြုပ်ပျောက်ကွယ်ပြီး မိစ္ဆာစိတ်တွေ ပေါ်လာမယ်။ မိစ္ဆာဖြစ်ရင် မင်းကို အစာကျွေးခိုင်းမယ်။ မှန်မှန် ကျွေးနိုင်ရင်ကျွေး၊ မကျွေးနိုင်ရင် မင်းကိုပါ စားပစ်လိမ့်မယ်"

"ဘာတွေ လာပြောနေတာလဲ။ ကျုပ် မကြားချင်ဘူး"

"ငါကတော့ ဘုရားရှိခိုးရမှာပဲ"

"အဲဒါဆို . . ဦးလေး အိမ်မှာမနေနဲ့"

"ဩော် . . မင်းက ငါ့ကိုတောင် နှင်ချရဲပြီပေါ့"

"ဟုတ်တယ်"

"အေးလေ . . မင်း ဝယ်ထားတဲ့အခန်းပဲ၊ ငါ ဆင်းပေးရမှာပေါ့ . . မင်း သမိုင်း မင်းရေးတော့"

ဦးထွန်းလည်း ပြောမရ၍ ဘုန်းကြီးကျောင်း ဆင်းချသွားပြီး ရဟန်းအပြီး ဝတ်သွားတော့၏။ ရပ်ကွက်လူကြီးတွေက လူခင့်ကို ရုံးခန်းခေါ်သွားပြီး နားချသိမ်းသွင်းကြ၏။

လူခင်က လုံးဝလက်မခံ။ ဘယ်လိုမှလုပ်မရ၍ နာမည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဒီအတိုင်း လွှတ်ထားလိုက်ရတော့၏။ စည်းအပြင်က လူတစ်ယောက်လို ဖြစ်နေပြီ။ ယဉ်ယဉ်လေးနဲ့ ရှုနေသူ တစ်ယောက် ပမာ။ ညဘက် လမ်းထွက်လျှောက်ရင် ဘေးက တစ်ယောက်ယောက် နှ့ကို စကားပြောသလို၊ စကားတွေ ပြောတတ်သေး၏။ အသားကင် သုံ့လျှင် အကုန်သိမ်းကျုံး ဝယ်စား၏။

၏ ညဘက်သန်းခေါင်ယံမှာ ဝရန်တာထွက်ပြီး ဟီလာတိုက် ဘ ရယ်ချင်ရယ်နေသေး၏။ အပေါ်အောက်အခန်းတွေက ဒေါကန် ပြီး လှမ်းအော်ပြောလည်း သူနဲ့ မဆိုင်သလိုနေ၏။

လူခင့် အသိတရားထဲမှာ သရဲမကာသာ လွှမ်းမိုးသိမ်းပိုက် ထားတော့၏။

◰ ◰ ◰



www.burmeseclassic.com

www.burmeseclassic.com





# Episode(15)

## ချွတ်သူနှင့် ဖွတ်လူ

**ဦးတိုး**နဲ့ တိုက်ခန်းက လူတွေအားလုံး စုဝေးတိုင်ပင်ပြီး အထက်လမ်းဆရာတစ်ယောက် ပင့်ခေါ်ကာ ဦးတိုး အခန်းကပင် အစွဲချွတ်ကြတော့၏။

အထက်လမ်းဆရာကြီး ဦးငွေးက သူ့ပညာစွမ်းဖြင့် လူခင့်အခန်းထဲက သရဲမကို ခေါ်နေ၏။ တော်တော်နဲ့ မလာ။ တိုက်ခန်းက လူတွေကလည်း ဝိုင်းအုံကြည့်နေကြ၏။

ဦးငွေးက အင်းကွက်ပြာချ။ ပြာကို ရေနဲ့သောက်ပြီး တိုက်တံစက်မြိတ်အောက်ကနေ ဖနောင့်နဲ့ ပေါက်ချလိုက်သောအခါ–



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း! . ."

"အမလေး! . ."

"ဟာ! . . ဟိုမှာ"

"သရဲမကြီး ရောက်လာပြီ"

"လူခင့်အခန်းက ပြုတ်ကျလာတာ"

"အရုပ်သရဲမကြီး"

လူခင့်အခန်းမှာ သားသားနားနား ပြင်ဆင်ခြယ်သထားသော အရုပ်မကြီး တိုက်အောက်ကို ပြုတ်ကျလာ၏။ ဝိုင်းကြည့်နေသူတွေအားလုံး တအံ့တသြတွေ ဖြစ်ကုန်ကြ၏။ ဆရာဋ္ဌေးက –

"အဲဒီ အရုပ်မကို သယ်လာခဲ့ကြ"

လူလေးယောက်က အရုပ်မကို လူနာသယ်သလို ပက်လက်ကြီး သယ်လာ၏။ သိပ်ပြီး လေးလံလှသည်လည်း မဟုတ်။ အခန်းထဲမှာ ဦးဋ္ဌေးရှေ့မှာ စန့်စန့်ကြီး လှဲခိုင်းထားလိုက်၏။ ဦးဋ္ဌေးက ရေနွေး တောက်လိုက်ပြီး အမိန့်ပေးနေစဉ် –

"ဟိတ် လူကြီး . . ဒါ ဘာလုပ်တာလဲ"

လူခင်ရောက်လာပြီး အပေါ်ထပ်က အင်္ကျီချွတ်ကြီးနှင့် ကွာတားဘောင်းဘီတိုဖြင့် ဆင်းလာ၏။ လူခင့်လက်ထဲမှာ သံပိုက်တုတ်တစ်ချောင်း ပါလာ၏။

"မင်း . . ရှေ့မတိုးခဲ့နဲ့"

"ကျုပ် မိန်းမကို ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ။ အခု လည်း ဘာလုပ်ဦးမှာလဲ"

"မင်း ရပ်နေစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မိန်းမ ပြန်ပေး"

"အဲဒီကောင်ကို တားထားကြစမ်း"

လူလေးယောက်က ထွက်လာတားတော့ လူခင်က သံတုတ်နှင့် ဝှေ့ရမ်းပစ်လိုက်၏။

"တစ်ယောက်မှ ဝင်မရှုပ်နဲ့။ ငါ တကယ်လုပ်မှာနော်၊ ငါ့မိန်းမကို ဒီလူကြီး မတရားလုပ်နေလို့ ငါ ပြန်ခေါ်တာ . . သူ မမှန်တာ လုပ်တာ၊ ငါ မမှန်တာ လုပ်တာမဟုတ်ဘူး"

"မင်းရဲ့အစွဲကို ငါ ချွတ်ပေးနေတာ၊ မင်းလာပြီး ဖွတ် ဂျစ်တိုက် မနေနဲ့ . . မင်းမွေးထားတာ ဝိညာဉ်ဘဝကနေပြီး သရဲမဖြစ်နေပြီ။ သရဲမတောင်မှ အစွယ်ထွက်နေပြီ။ လူ့ဘဝတုန်းက အသိတွေ ပျောက်လိုက်၊ ပေါ်လိုက်ဖြစ်နေရာက တစ္ဆေဖြစ်လာနေပြီ"

"အစွယ်လက်လေးသစ်နဲ့ တစ္ဆေမဖြစ်ရင် မင်း မလွယ်တော့ဘူး။ မင်းရော၊ ပတ်ဝန်းကျင်ကိုပါ ဒုက္ခလိုက်ပေးတော့မှာ"

"လျှာ အရိုးမရှိတိုင်း လျှောက်ပြောနေတယ်။ ကျုပ် မိန်းမက လူပြန်ဝင်စားသလို ပြန်အသက်ရှင်နေတဲ့သူဗျ၊ ဘာသရဲမမှ မဟုတ်ဘူး။ ခင်ဗျားလာပြီး အရှုးကွက်နင်းမနေနဲ့ . . ကျုပ် ကြမ်းတော့မယ်"

"မင်းက ငါ့ကိုစမ်းတာလား"

"ဟာကွာ . . ကြာတယ်"

လူခင် ဖွတ်ဝင်ပြီး တုတ်နှင့် ရိုက်၏။ ဦးဌေးကို ဝင်ရိုက်၏။ ဦးဌေးက မြန်မာ့သိုင်းပညာကျွမ်းကျင်သူမို့ တုတ်ရိုက်လက်ကို ဖမ်းချုပ်ပြီး လက်ထဲကသံတုတ်ကို ဆွဲလု၏။ သံတုတ်ကို အားပြိုင်လု



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် လူခင်ရဲ့မျက်လုံးတွေ ရုတ်တရက် နီရဲတွတ်ကာ မကောင်းဆိုးဝါး ဝင်ပူးသွားပြီး ကျန်လက်နှင့် ဦးဒွေးရဲ့နားအုံကို ပစ်ရိုက်ချလိုက်၏။ ဦးဒွေးလည်း အငိုက်မိပြီး ယိုင်ထွက်သွား၏။ သံတုတ်လည်း မလုနိုင်။

လက်ထဲဆုပ်ကိုင်ထားတဲ့ သံတုတ်ဖြင့် ဦးဒွေးကို လူခင်က အတင်း ဝင်ရိုက်တော့၏။ ဦးတိုးလည်း ဝင်မတားနိုင်။ ဦးဒွေးလည်း တိုက်အပြင်ကို ဝရုန်းသုန်းကား ထွက်ပြေးရတော့၏။

လူခင်က တိုက်ပေါက်ဝထိ လိုက်ရိုက်ပြီး ဒေါသကြီးကာ ရှူးရှဲ ဖြစ်နေသေး၏။ တအောင့်ကြာမှ အခန်းဘက် လှည့်လိုက်၏။ ကြောက်လန့်ပြီး လူတွေ ပြေးကုန်ပြီ။ ဦးတိုးကလည်း သံဘာဂျာ တံခါးဆွဲပိတ်နေပြီ။

"ကျုပ် မိန်းမကို ပြန်ထုတ်ပေး . . မပေးရင် ကျုပ် တစ်တိုက်လုံးကို မီးလောက်တိုက်သွင်းပစ်လိုက်မယ်"

ဦးတိုး တံခါးပြန်ဖွင့်ပြီး အရုပ်မကို အပြင်ပြန်ထုတ်ပေးလိုက်၏။ လူခင်က အရုပ်မကို သက်ရှိတစ်ဦးပမာ ထွေးပွေ့ချီပြီး တိုက်ပေါ် ပြန်တက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# Episode(16)

## သရဲလား . . တစ္ဆေလား

" **အား ! . .** "

လူခင့် အခန်းထဲက မချိမဆန့်အော်သံကို အပျိုကြီးညီအစ်မ ကြားလိုက်ရ၏။ ကြောက်ကြောက်နှင့် တိုက်နံရံကပ်ပြီး နားစွင့်ကြည့်၏။ အသံဗလံပေါင်းစုံကို ရောထွေးကြားနေရ၏။ မသဲကွဲသဖြင့် ဝင်ထွက်ပေါက်တံခါးကို အသာဟပြီး နားစွင့်ကြည့်ကြ၏။

"နင် . . နင် ငါ့ကို အဲဒီလို ကြောက်အောင် မခြောက်နဲ့နော်။ ငါ . . နင့်ယောကျာ်း . . နင် . . နင် . . ငါ့မိန်းမ၊ နင် ဘာပုံကြီးလုပ်ပြနေတာလဲ . . မလုပ်ပြနဲ့ . . အား"



www.burmeseclassic.com

www.burmeseclassic.com



လူခင့် အော်ပြောသံကို အတိုင်းသား ကြားနေရ၏။ ညီအစ်မ နှစ်ယောက် ရင်ထိတ် လန့်တုန်ကုန်ကြ၏။

"မမ . . လူခင် သရဲနဲ့ တွေ့နေပြီ"

"တစ္ဆေမ ဖြစ်နေပြီဟဲ့ . . လူခင်တော့ အူ၊ အသည်းတွေ ဖောက်စားခံရတော့မှာပဲ"

"ဘယ်လိုလုပ်ကြမလဲ . . ဘာကူညီပေးကြမလဲ"

"ဘယ်တတ်နိုင်မလဲ။ သူ ခေါင်းမာခဲ့တာကိုး . . သူ့ထိုက်နဲ့ သူ့ကံ သူပဲ ခံပေ့ါ"

"အဲလောက်ကြီးတော့ ဥပက္ခာမပြုသင့်ပါဘူး . . မမရယ်"

"အဲဒါဆို ညည်းဘာသာ ညည်း သွားကယ်ဘင်၊ ညည်းက မေခလာနတ်သမီးလို တန်ခိုးရှိတာကိုး"

"မရွဲ့ပါနဲ့ မမရယ်၊ အင်း . . ခက်တယ်"

တစ်ဘက်ခန်းထဲမှာ လူခင်ရဲ့ ဗလုံးဗထွေး အော်သံတွေကို ကြားလိုက်ရ၏။ လူခင့်အခန်းက အသံဗလံတွေက တစ်ညလုံး မကြာခဏ ကြားနေရ၏။ နောက်နေ့ကျတော့ တိုက်ရဲ့မြေပိုင်ရှင် ဦးတိုးနဲ့ တိုင်ပင်ဖြစ်ကြ၏။

လူခင့် သူငယ်ချင်းတွေကို လှမ်းအကြောင်းကြားလိုက်၏။ သူငယ်ချင်းတွေရောက်လာပြီး လူခင့်အခန်းဆီ တက်သွားကြ၏။ တံခါးတွေ တဝုန်းဝုန်းထုသော်လည်း လာဖွင့်မပေး။ အမျိုးမျိုး အော်ခေါ်သော်လည်း မကြား။ ဦးတိုးရော ဘေးနဲ့အပေါ်အခန်းက လူတွေ ဝိုင်းလာပြီး ထင်ကြေးတွေနဲ့ ပြောဆိုကုန်ကြပြီ။

လူခင် အထဲမှာ သေနေပြီလား မသိ။ တံခါးသော့ကို ဦးတိုး



www.burmeseclassic.com

www.burmeseclassic.com



တို့ အသိသက်သေထား၊ ရပ်ကွက်လူကြီးတွေ သက်သေထားပြီး ဖျက်ကြ၏။ တံခါးဖျက်ပြီး အထဲဝင်ကြည့်တော့ အိပ်ခန်းထဲမှာ အရုပ်မကို ပွေ့ဖက်ပြီး လူခင် အိပ်ပျော်နေ၏။ ဘေးမှာလည်း ပုလင်းတစ်ဝက်စာသာ အရက်ကျန်တော့၏။ လူခင် အမူးလွန်နေခြင်းပင်။

လူခင့်ကို ရေလောင်းပြီး အတင်းနှိုးကြ၏။ လူခင်ရဲ့ လက်၊ လည်ပင်း၊ ပါးပြင်မှာ လက်သည်းရှည်နဲ့ ကုတ်ခြစ်ရာ အစင်းကြောင်းကြီးတွေ ပေါ်နေ၏။

"လူခင် . . မင်း ညက ဘာဖြစ်ခဲ့တာလဲ။ မင်းကို ဘယ်သူကုတ်ဆွဲထားတာလဲ"

လူခင်က ကြောင်တောင်တောင်ပုံစံမျိုး ဖြစ်နေ၏။ငူငူငိုင်ငိုင်ကြီး။

"ငါ မေးနေတယ်လေ . . ဘယ်သူလုပ်တာလဲ"

"ဟို . . ဟို"

"ဘယ်သူလဲ"

"ငါ. . မသိဘူး"

"သရဲမ မဟုတ်လား"

လူခင် ခေါင်းကို လေးလေးကြီးခါပြ၏။

"ဒါဆို . . တစ္ဆေမကြီး မဟုတ်လား"

လူခင် ဘာမှမပြော။ ဦးတိုးက –

"မင်း နောင်တရဖို့ ကောင်းပြီ။ မင်း ခွင့်ပြုချက်ပေးတော့ . . သံဃာတော် အရှင်သူမြတ်တွေ ပင့်ဖိတ်ပြီး အန္တရာယ်ကင်းဆွမ်းကျွေး အမြန်လုပ်ပေးမယ်။ မကောင်းဆိုးဝါးကို နှင်ရေအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးပြောတာ လုပ်သင့်တယ် လူခင်"

"မင်း ဒီလိုကြီးပဲ လူညွန့်တုံးတော့မှာလား"

"မင်းကိုယ်မင်း ပြန်ဖျက်နေတာပဲ"

"လူခင့်ကို တိုင်ပင်မနေနဲ့၊ ကျွန်တော်တို့ဝိုင်းပြီး ဦးဆောင်လုပ်ကြမယ်။ မနက်ဖြန်စီစဉ်ပြီး သန်ဘက်ခါအန္တရာယ်ကင်း ဆွမ်းကျွေးလုပ်မယ်'

"မ . . နှင် . . နဲ့"

လူခင် ထအော်ပြော၏။

"မနှင်လို့မရဘူး။ လူနဲ့ သရဲဆိုတာ အစဉ်တွဲနေလို့ မရဘူး။ ကျားနဲ့ခြင်္သေ့ကို လူနဲ့ယဉ်ပါးအောင် မွေးထားတာတောင် အရိုင်းစိတ်ဝင်ရင် လူကို ရန်ရှာသတ်ဖြတ်တတ်တယ်။ သရဲ၊ တစ္ဆေဆိုတာလည်း အဲ့ဒီလိုပဲ မင်းကို သတ်တော့မယ်ကွ။ မင်း နားလည်ရဲ့လား"

လူခင် တွေတွေကြီးငိုင်ကာ တစ်နေရာထဲကို စူးစိုက်ကြည့်နေ၏။ တိုက်ခန်း ဧည့်ခန်းမှာပြောနေစဉ် အိမ်နောက်ဘက် အခန်းထဲက ဝုန်း . . ဒိုင်းကျဲသံတွေ ပေါ်လာ၏။ ကြောက်တတ်သူတွေအခန်းထဲက ပြန်ပြေးထွက်ကုန်၏။

ဦးတိုးနဲ့ နေလင်းမောင်၊ ဥက္ကာမင်း၊ ကျော်သူရစိုးတို့သာကျန်ရစ်၏။ လူငယ်တွေပီပီ လူမရှိဘဲ လူရှိသလို သောင်းကျန်းထွက်ပေါ်လာသော အသံတွေကို စူးစမ်း လေ့လာချင်ကြ၏။ ကြောက်သော်လည်း အဖြေသိချင်ကြ၏။ သုံးလေးယောက်အား ရှိနေ၍–

"နောက်ဘက်က ဘယ်သူလဲ . . သွားကြည့်ရအောင်"

"သရဲမက နေ့ဘက်မှာတောင် သောင်းကျန်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်နဲ့ ကြွက်တွေ ဖြစ်ချင်ဖြစ်မှာပေါ့"

"လာပါ. . တို့ သုံးယောက်လုံး သွားကြည့်ကြမယ်"

"ဟုတ်တယ်ဟေ့ . . ငါတူတို့သုံးယောက် သွားကြည့်ကြစမ်း"

"ဦးလေးတိုး ဒီမှာနေခဲ့ပါ"

"အေး. . အေး"

"ဥက္ကာ. . မင်းရှေ့ကသွား"

"မင်းသွားပါလား. . မသာ နေလင်းရဲ့"

"ကျော်သူရ သွားလိမ့်မယ်"

"No ပါ . . မင်းတို့နှစ်ယောက် ရှေ့ကတက်"

"ဟာ . . ရှုပ်တယ်။ သုံးယောက် ရင်ဘောင်တန်းပြီး သွားမယ်။ အခန်းလမ်းကြားက ကျယ်ပါတယ်။ လာကြ. ."

သုံးယောက်သား ထွက်ပြေးမှာကြောက်၍ လက်ချင်းချိတ်ဆက်ချီတက်ကြ၏။ ဒုတိယအိပ်ခန်းပေါက် နောက်ဘက်တံခါးပေါက်နား ရောက်ရှိသေး၏။

"ဒေါင်. . ဒိန်း . . ဒန်း ဂွမ်း"

"ဂလုံး. . ဒန်း . . ဂလွမ်း"

အထဲက ဒန်းအိုးတွေနှင့် ပစ်ပေါက်၏။ နံရံကွယ်နေ၍ လူကို မတွေ့ရဘူး။

"ဒုန်း . . ဝုန်း"

ရေတတ်ကျည်ပွေ့၊ ရေတတ်ဆုံနှင့် ပစ်ပေါက်တော့မှ သုံးယောက်သား လန့်ခုန်ပြီး ဘယ်လို၊ ဘယ်လို လက်တွဲဖြုတ်သွားမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဓားလွှတ်လိုက်သကဲ့သို့ နောက်ပြန်လှည့်ပြေးလိုက်ကြတာမှ အလဲလဲ အပြိုပြို။

'နောက်ကျတဲ့ ခြေထောက်၊ သစ္စာဖောက်ဆိုသလို' ဘာဆိုဘာမှ သတိမရ။ အမြန်ဆုံး ထွက်ပြေးဖို့ကိုပဲ အာရုံသိနေကြတော့သည်။

◸ ◸ ◸



www.burmeseclassic.com

www.burmeseclassic.com





# Episode(17)

## လူခင် နောက်ဆုံး . . လက်စတုံး

“**အောင်မယ်လေး** . . ကယ်တော်မူကြပါဗျို့”

ညသန်းခေါင်ယံမှာ ငယ်သံပါအောင် ကျုံးအော်လိုက်သံကြီးကို တိုက်ခန်းဝန်းကျင်ကလူတွေ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကြားလိုက်ကြရလေသည်။ ‘ဘာသံလဲ’ဆိုပြီး နောက်တစ်ခါ နားစွင့်နေစဉ်–

“အား! . . နာတယ် . . ကြောက်ပါပြီ။ ကျုပ်ကို သတ်တော့မယ် . . ကယ်တော်မူကြပါ . . အား! . .”

လူခင်ရဲ့အော်သံ။ တိုက်ခန်းကလူတွေ ပြတင်းပေါက်၊ ဝရန်



www.burmeseclassic.com

www.burmeseclassic.com


တာတွေကနေ ပြူတစ်၊ ပြူတစ် ကြည့်ကုန်ကြ၏။

"ဝုန်း . . ဒိုင်း . . ဂျိန်း"

"အား! . ."

လူခင်တစ်ယောက် သူ့အခန်းတံခါးကို ဆောင့်တွန်းဖွင့်ပြီး တိုက်ခန်းပေါ်က အော်ဟစ်ပြေးဆင်းသွား၏။ အပျိုကြီး ညီအစ်မဆို တာ ကြောက်သေးတွေ ဖြန်းဖြန်းပါကုန်၏။

တိုက်အောက်ရောက်သောအခါ ဦးတိုးနဲ့ ဘေးအခန်းက ဦးအုတ်ပင်တို့ ရပ်စောင့်နေကြ၏။ ဒရောသောပါး ပြေးဆင်းလာသော လူခင်ကို –

"မင်း ဘာဖြစ်လာတာလဲ"

"လူခင် . . လူခင် . . စိတ်ထိန်းလေ၊ မင်း ဘာဖြစ်လာ တာလဲ . . ငါတို့ကို ပြောပြစမ်း"

"ဦး . . ဦးလေးတို့ . . ကျုပ် . . ကျုပ်သိပြီ။ ကျုပ် အရမ်း ကြောက်သွားပြီ။ သူ . . သူ . . ကျုပ် . . ဟောဟဲ . . ကျုပ် မိန်းမ မဟုတ်တော့ဘူး၊ ဒီမှာကြည့် . . ကျုပ်ကို အသေလုပ်မလို့ . . ကျုပ် ဘုရားပုံတော်လေး လက်ထဲဆုပ်ထားလို့ သူ လုပ်မရတာ. . လက်တံ ရှည်ကြီးနဲ့ကုတ်ထားတာ . . ကျုပ် ကြောက်တယ်"

လူခင်က လက်ထဲဆုပ်ထားသော ရုပ်ပွားတော် လက်နှစ်သစ် ခန့်လေးကို ပြသ၏။ ကြောက်ဇောကြီးပြီး သွေးရူး၊ သွေးတန်းဖြစ် နေရှာ၏။ တိုက်ခန်းပေါက်ကို လှည့်ကြည့်၊ လှည့်ကြည့် လုပ်နေစဉ် လူခင်အပေါ်ထပ်က သူ့အခန်းဝရန်တာကို မော့ကြည့်လိုက်၏။

"အား! . . အပေါ်မှာ"


www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးနဲ့ ဦးအုတ်ပင်တို့အပေါ်ကို မော့ကြည့်လိုက်၏။

ဆံပင်ဖားလျားနှင့် အရုပ်မက လေထဲမှာ ကားကားကြီးဝဲပျံနေ၏။ ဘေးပတ်ဝန်းကျင်က လူတွေကလည်း ကံနိမ့်သူတွေသာတွေ့ပြီး ကံမြင့်သူတွေက မတွေ့ကြရ။

တိုက်ခန်းနေသူ တော်တော်များများဟာ ဘုရား၊ တရားမြဲကြ၏။ ကံနိမ့်... ...ဲ့သူတွေက ကြောက်လန့်ပြီး တံခါးတွေ ပိတ်ကုန်ကြ၏။

"လာ . . လာ . . ဂု... ...ိုဏ်ထဲမြန်မြန်ဝင်၊ လူခင်မင်း ငါ့အခန်းထဲ ဝင်နေ။ ငါ ကမ္မဋ္ဌာ... ...ဂတ်ပြီး မင်းကို စည်းချပေးထားမယ်"

လူခင်လည်း ဦးတိုး တိုက်ခန်းထဲ ပြေးဝင်သွား၏။ ... တံခါးတွေ ဆွဲပိတ်ပြီး လူခင်ကို ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးစေ၏။ သူကိုယ်တိုင်လည်း ရှိခိုးပြီး ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ကာ လူခင့်ကို စည်းချပေးနေ၏။

လူခင့်နားထဲမှာ ဘရဏီရဲ့ သနားဖွယ်ရာ အော်ဟစ် ခေါ်နေသံတွေ ကြားနေရ၏။

"မောင်ရေ . . မောင် . . ဘရဏီဆီ ပြန်လာခဲ့ပါ မောင်ရယ်၊ ဘရဏီကချစ်လို့ ကျီစယ်လိုက်တာပါ။ ပြန်လာပါနော် . . မောင် . . ဘရဏီတစ်ယောက်ထဲ မောင့်ရင်ခွင်ထဲမှာ မှေးမှိတ်မှိအိပ်ပါရစေ"

လူခင့်ရင်ထဲ နင့်သွား၏။ သူမ စားချင်တာတွေ သွားဝယ်မပေးနိုင်။ အရက်နာကျသလို ဖြစ်နေပြီ။ သူမက မစားရရင် လူခင့်ကို စားမယ်ဆိုပြီး လိုက်ချုပ်၏။ လူခင်ထွက်ပြေးတော့ ... တံရှည်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ရှည်ထွက်လာပြီး လိုက်ချုပ်၏။ လူခင်လည်း ဘုရားစင်ပေါ်က ရုပ်ပွားတော်လေးကို ကန်တော့ပြီး လက်နှင့်ဖမ်းဆုပ်လိုက်၏။ ဒီတော့မှ သရဲတစ္ဆေမရဲ့ ချုပ်ထားတွေ ပြေလွတ်သွား၏။

လူသားစားဖို့ကြတော့ မျက်လုံးနီရဲ၊ အသားနီတာလန်ပြဲပြီး အစွယ်ကြီးတွေ ပြူးထွက်နေလိုက်တာ အလွန်တရာ ကြောက်ဖို့ကောင်းသော ရုပ်ရည်ကြီး။ လူခင် နားမယောင်ရဲ၊ မယုံရဲတော့။

ချော့ခေါ်၍မရသောအခါ ကြောက်လန့် ချောက်ချားဖွယ်ရာ အသံမျိုးစုံပေးပြီး ခေါ်နေပြန်၏။ လူခင်က နားပိတ်ထားလိုက်၏။ ဘေးနားကရွတ်နေသော ပဋ္ဌာန်းဒေသနာတော်အပေါ် စိတ်ညွတ်ထားလိုက်သည်။

"မောင်ရေ . . လာ . . လာခဲ့ပါ။ မောင်. . လာ . . လာလေ . . လာခဲ့"

စိတ်ညို့သလိုမျိုး ခေါ်နေပြန်၏။ တရားသံအပေါ်မှာ စိတ်ကို ထည့်လိုက်၏။ အော်ခေါ်သံတွေ မကြားရတော့။ လူခင်ရဲ့ စိတ်ထဲကသာ ကြားသိနိုင်သော အသံတွေပေါ့။

"ရှပ် . . ရှပ် . . ရှပ် . . ဖလပ် . . ဖလပ်"

တိုက်ခန်းပေါ်က ဆင်းလာပြီး ဦးတိုးရဲ့အခန်းရှေ့မှာ ခြေသံပေး လျှောက်နေ၏။ ဦးတိုးက ဆက်ရွတ်ဖတ်နေဆဲ။ လူခင်လည်း အသားဆတ်ဆတ်တုန်အောင် လန့်နေပြီး လက်ထဲက ရုပ်ပွားတော်လေးကို နဖူးနှင့်ထိကပ် ပူဇော်ထားလိုက်၏။

"တောက်! . ."

ကျယ်လောင်သော တက်ခေါက်သံ၊ အံကြိတ်သံ၊ အနံ့ဆိုး



www.burmeseclassic.com

www.burmeseclassic.com



(အပုပ်နံ့)ကြီးကို စူးစူးဝါးဝါးပေးပြန်၏။

"ဂျိန်း . ."

သံဘာဂျာတံခါးကို လက်နှစ်ဘက်နှင့် ဆောင့်ဆွဲကိုင်လှုပ်သံ။ ဦးတိုးက ဆက်ရွတ်၏။ လူခင်က ဘုရား၊ တရားကို အာရုံစူးစိုက်ထား၏။

"ဝုန်း . . ဝုန်း . . ဒုန်း . . ဝုန်း"

"ဂျိန်း . . ဂျိန်း . . ဂျိန်း . . ဂျိန်း"

အောက်ကနေ အပေါ်ထပ်က သံတံခါးတွေကို အကုန်ကိုင်လှုပ် ဆွဲဆောင့်သွားသံတွေ ပွက်လောညံကုန်၏။ ဘယ်သူမှလည်း ထ မကြည့်ရဲ။ ထ၍ပင် လာမမေးကြ။ သရဲခြောက်လွန်းမှန်း သိနေ၍ ငြိမ်သက်တိတ်ဆိတ်ကာ နားစွင့်နေကြ၏။

"ပူး . . အူး . . အူး . . အူး"

"ဂီး . ."

"ဝုတ် . . ပူး . . အူး . . အူး . . ဝေါင်း . . ဝုတ် . . ပူး . . အူး"

တိုက်ခန်းကို ခဲလုံးတွေနှင့် လှမ်းပေါက်ပြန်၏။ မနက် (၄) နာရီထိုးမှ ငြိမ်သက်သွား၏။ နောက်တစ်နေ့ မိုးလင်းတာနှင့် အမြန်တိုင်ပင်ပြီး စုပေါင်းလုပ်ဆောင်ကြ၏။ သံဃာတော် အရှင်သူမြတ်တွေကို လူခင့်အခန်းမှာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပရိတ်ရွတ်ဖတ်၏။ ကမ္မဝါဖတ်ကြား၏။ လူခင်ကိုယ်တိုင် အမျှအတန်းပေးဝေ၏။

ဘရဏီက ကျွတ်တန်းဝင်ချင်ပုံ မရသေး။ တိုက်ခန်းမှာ နေခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရတော့သည့် ညကလည်း တိုက်ခေါင်မိုးက သွပ်တွေကို ရိုက်ပုတ်၊ တံခါးတွေ ထုရိုက်၊ ခဲတွေနှင့်ပစ်ပေါက် ခြောက်လှန့်သွားခဲ့သေး၏။ နောက်နေ့၊ နောက်ညမှာတော့ ဘာသံမှ မကြားရတော့။

လူခင်တစ်ယောက် ဦးတိုးအခန်းမှာ ယာယီနေထိုင်၏။ ဦးလေးထွန်းအောင်ကျော်က ဦးပဥ္စင်းဘဝနှင့် ကြွလာ၏။ ဦးဇင်းကို တွေ့တော့ လူခင်လည်း ယူကျုံးမရဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေး၏။

အားရအောင်ငိုပြီးသောအခါ သံဝေဂရပြီး ဦးပဥ္စင်းနှင့် လိုက်ပါကာ ရဟန်းဝတ်လိုက်လေသတည်း။ လူခင်ရဲ့ဘွဲ့အမည်က အရှင်ဝေပုလ္လ မည်၏။ ပျော်ရင် တစ်သက်၊ မပျော်ရင် တစ်နှပ်ဝတ်မည်ဟု အာမခံချက်ပေးထား၏။

ဘရဏီတစ်ယောက်ကတော့ ပရလောကထဲ လွင့်သွားလေပြီ။ ကျွတ်ချိန်တန်ချင်သည့်အခါ အဒေါ်ဖြစ်သူ ဒေါ်ကြီးစိုးကို အိပ်မက်ပေးပြီး အလှူအတန်းလုပ်ခါ အမျှပေးဝေခိုင်းပါလိမ့်မည်။ လူခင်နဲ့ ဘရဏီတို့ရဲ့ချစ်သူဘဝကတော့ ဤ၍ဤမျှရယ်သာတည်း။

စေတန်



www.burmeseclassic.com

www.burmeseclassic.com


(အပုပ်နံ့)ကြီးကို စူးစူးဝါးဝါးပေးပြန်၏။

"ဂျိန်း . ."

သံဘာဂျာတံခါးကို လက်နှစ်ဘက်နှင့် ဆောင့်ဆွဲကိုင်လှုပ်သံ။ ဦးတိုးက ဆက်ရွတ်၏။ လူခင်က ဘုရား၊ တရားကို အာရုံစူးစိုက်ထား၏။

"ဝုန်း . . ဝုန်း . . ဒုန်း . . ဝုန်း"

"ဂျိန်း . . ဂျိန်း . . ဂျိန်း . . ဂျိန်း"

အောက်ကနေ အပေါ်ထပ်က သံတံခါးတွေကို အကုန်ကိုင်လှုပ် ဆွဲဆောင့်သွားသံတွေ ပွက်လောညံကုန်၏။ ဘယ်သူမှလည်း ထ မကြည့်ရဲ။ ထ၍ပင် လာမမေးကြ။ သရဲခြောက်လွန်းမှန်း သိနေ၍ ငြိမ်သက်တိတ်ဆိတ်ကာ နားစွင့်နေကြ၏။

"ဝူး . . အူး . . အူး . . အူး"

"ဂီး . ."

"ဝုတ် . . ဝူး . . အူး . . အူး . . ဝေါင်း . . ဝုတ် . . ဝူး . . အူး"

တိုက်ခန်းကို ခဲလုံးတွေနှင့် လှမ်းပေါက်ပြန်၏။ မနက် (၄) နာရီထိုးမှ ငြိမ်သက်သွား၏။ နောက်တစ်နေ့ မိုးလင်းတာနှင့် အမြန် တိုင်ပင်ပြီး စုပေါင်းလုပ်ဆောင်ကြ၏။ သံဃာတော် အရှင်သူမြတ်တွေကို လူခင့်အခန်းမှာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပရိတ်ရွတ်ဖတ်၏။ ကမ္မဝါဖတ်ကြား၏။ လူခင်ကိုယ်တိုင် အမျှအတန်းပေးဝေ၏။

ဘုရင်ကြီးက ကျွတ်တန်းဝင်ချင်ပုံ မရသေး။ တိုက်ခန်းမှာ နေခွင့်


www.burmeseclassic.com

www.burmeseclassic.com



မရတော့သည့် ညကလည်း တိုက်ခေါင်မိုးက သွပ်တွေကို ရိုက်ပုတ်၊ တံခါးတွေ ထုရိုက်၊ ခဲတွေနှင့်ပစ်ပေါက် ခြောက်လှန့်သွားခဲ့သေး၏။ နောက်နေ့၊ နောက်ညမှာတော့ ဘာသံမှ မကြားရတော့။

လူခင်တစ်ယောက် ဦးတိုးအခန်းမှာ ယာယီနေထိုင်၏။ ဦးလေးထွန်းအောင်ကျော်က ဦးပဋ္ဌင်းဘဝနှင့် ကြွလာ၏။ ဦးဇင်းကို တွေ့တော့ လူခင်လည်း ယူကျုံးမရဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေး၏။

အားရအောင်ငိုပြီးသောအခါ သံဝေဂရပြီး ဦးပဋ္ဌင်းနှင့် လိုက်ပါကာ ရဟန်းဝတ်လိုက်လေသတည်း။ လူခင်ရဲ့ဘွဲ့အမည်က အရှင်ဝေပုလ္လ မည်၏။ ပျော်ရင် တစ်သက်၊ မပျော်ရင် တစ်နှဝါဝတ်မည်ဟု အာမခံချက်ပေးထား၏။

ဘရဏီတစ်ယောက်ကတော့ ပရလောကထဲ လွင့်သွားလေပြီ။ ကျွတ်ချိန်တန်ချင်သည့်အခါ အဒေါ်ဖြစ်သူ ဒေါ်ကြီးစိုးကို အိပ်မက်ပေးပြီး အလှူအတန်းလုပ်ခါ အမျှပေးဝေခိုင်းပါလိမ့်မည်။ လူခင်နဲ့ ဘရဏီတို့ရဲ့ချစ်သူဘဝကတော့ ဤ၍ဤမျှရယ်သာတည်း။

ဓေတန်



www.burmeseclassic.com

www.burmeseclassic.com

# SATAN

# ရုပ်ဆိုးမ သရဲ

## မာတိကာ




Episode 1) ရုပ်ဆိုးမနှင့် ရွှေမျက်မှန်

Episode 2) မကျေနပ်တဲ့ အစွဲ

Episode 3) သရဲ . . ခြောက်လှန့်

Episode 4) သချိုင်းကုန်းမှ ခေါ်ခဲ့သူ

Episode 5) ပရလောကသားမှ ဆက်သွယ်ခြင်း

Episode 6) လက်စားချေပြီ . .

Episode 7) စာသင်ခန်းထဲက ရုပ်ဆိုးမ

Episode 8) ပြေးလို့မလွတ်နိုင် . .

Episode 9) ခေါင်းပြတ်သရဲ ရုပ်ဆိုးမ

Episode 10) သချိုင်းကုန်းဆီသို့ အပြန်


- ကြုံဖူးမှ ယုံမယ်ဆိုသူတွေအတွက် မကြုံဖူးပေမယ့် ယုံလောက်တဲ့ ဖြစ်ရပ်တစ်ခုဟာ အထက်တန်းကျောင်းတစ်ကျောင်းမှာ ဖြစ်သွားခဲ့တယ်။
- အခြေအနေ၊ အကြောင်းကြောင်းကြောင့် အမည်၊ နေရာ လွှဲပြောင်း ရေးသားလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode (1)

## ရုပ်ဆိုးမနှင့် ရွှေမျက်မှန်

**ဒသမ**တန်း(B)ခန်းထဲကို ရွှေမျက်မှန်ရောက်သည်နှင့် ကျောင်းသူ၊ ကျောင်းသားအချင်းချင်း တီးတိုး၊ တီးတိုးတွေ ပြောဆိုကုန်ကြ၏။ ရွှေမျက်မှန်တပ်ထားသော အောင်ကျော်သူကို အတန်းသား အတန်းသူတွေက 'ရွှေမျက်မှန်'ဟုသာ ခေါ်ကြ၏။

'မော်နီတာ ခင်မောင်ကျော်'က နောက်ပြောင်ခေါ်ရာက အမည်ပြောင် တွင်သွားခြင်းပင်။ ရွှေမျက်မှန်ကလည်း ခင်မောင်ကျော်ကို ချဉ်ပေါင်ကြော်ဟု ပြန်နောက်ခေါ်၏။

မိန်းမလျာစိတ်ပေါက်နေသော သိန်းဌေးက ရွှေမျက်မှန်



www.burmeseclassic.com

www.burmeseclassic.com



အနားကို မဝံ့မရဲနှင့် ရောက်လာ၏။

"ကျောင်းဖွင့်တာ တစ်ပတ်ကျော်တောင် ကြာသွားပြီ၊ ဒီတစ်ပတ် တနင်္လာနေ့မှ နင် ကျောင်းလာတယ်နော် . . သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ နင်တို့မိသားစု ဘုရားဖူးလိုက်သွားကြတယ်ဆို"

"ဟုတ်တယ်လေ . . ငါက ရန်ကုန်က အမျိုးတွေအိမ်မှာ အိမ်စောင့်သွားလုပ်ပေးနေရတာ၊ ငါ့အဒေါ်ယောကျ်ား ဆေးရုံတက်နေရလို့ အဒေါ်က ဆေးရုံနဲ့အိမ်ကူးနေရတာ သူ့သားသမီးတွေ . . ငါ သွားထိန်းပေးနေရတာ"

"ဦးလေး နေကောင်းသွားလို့ ငါပြန်လာရတာ။ ဘုရားဖူးတာ ငါ့မိဘတွေရယ်၊ ငါ့ညီမတွေရယ် ပါတယ်။ ငါတို့ ရန်ကုန်မှာ ဘုရားလိုက်ဖူးရင်းနဲ့ ငါ့မိဘတွေက ငါ့အဒေါ်တွေအတွက် ငါ့ကို တမင်ချန်ထားပေးခဲ့လို့ကွ . . မင်းစာအုပ်တွေ ငှားဦး။ ငါ ပြန်ကူးရဦးမယ်"

"အဲ့ဒါ အရေးမကြီးပါဘူး။ နင့်ဘော်ဒါ ရုပ်ဆိုးမ ရွှေရည်ဝင်းအကြောင်း နင်ကြားပြီးပြီလား"

ရွှေမျက်မှန်ရဲ့ ရှေ့တန်းခုံက နေရာလွတ်နေ၏။ ကျောင်းတက် ခေါင်းလောင်းထိုးပြီ။ ရွှေရည်ဝင်း(ခ)ရုပ်ဆိုးမ ရောက်မလာသေး။

"ရွှေရည်ဝင်း ဘာဖြစ်လို့လဲဟ။ နေမကောင်းလို့ . . ဒီနေ့ကျောင်းမတက်ဘူးလား"

"သေပြီ"

"ဘာ! . ."



www.burmeseclassic.com

www.burmeseclassic.com


"အမလေး . . ဖြည်းဖြည်းအော်ပါဟယ်၊ လူကို လန့်သွားတာပဲ။ လိပ်ပြာရယ် ကလူ့ . ကလူ"

"နင် လာနှောက်မနေနဲ့ အသိန်း . . သေစကားနဲ့ မနှောက်ကောင်းဘူး"

"ဟယ်! . . အဟုတ်ပြောနေတာ ရွှေမျက်မှန်ရဲ့"

"သွားစမ်းပါဟာ . . နောက်တယ်ဆိုတာ တော်ရုံတန်ရုံပဲကောင်းတယ်"

"ဩော် . . ခက်တာပဲ၊ ဗုဒ္ဓဟူးနေ့ ညနေခင်းက ရွှေရည်ဝင်းဆိုတဲ့ ရုပ်ဆိုးမ ဆုံးသွားတာ၊ ဒီအခန်းထဲမှာတင် ဆုံးတာ . . အစိမ်းသေ,သေသွားတာ သိပြီလား"

ရွှေမျက်မှန် တအံ့တသြဖြစ်နေစဉ် ရွှေမျက်မှန်ဘေးခုံမှာထိုင်သော ကျော်ကျော်သိန်းနဲ့ လှဦးဆွေတို့ ရောက်လာကြ၏။ အသိန်းက အဲ့ဒီနှစ်ကောင်ကို သက်သေထူပြီးပြော၏။

"ဟုတ်တယ် ရွှေမျက်မှန် . . မင်းနဲ့ ဂျက်တည့်တဲ့ ရုပ်ဆိုးမဆုံးသွားတာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က . . သောကြာနေ့က သင်္ဂြိုဟ်တော့ တို့တစ်ခန်းလုံး လိုက်ပို့ရသေးတယ်"

လှဦးဆွေက ထောက်ခံပြောလာ၏။ ကျော်ကျော်သိန်းက –

"ငါတို့လည်း စိတ်မကောင်းဘူးကွာ . . ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့ အနိုင်ကျင့်ပြီး စနောက်ခံရတာကွ၊ အဲ့ဒီ ကျောင်းသူနှစ်ယောက်ရဲ့ ပယောဂကြောင့် ရုပ်ဆိုးမ သေခဲ့ရတာ"

ရွှေမျက်မှန် ယုံသွားပြီ။ ရုပ်ဆိုးမကို သနားသလို ခင်မြင့်မူနဲ့သန်းသန်းဌေးတို့ကို မကျေမနပ်နဲ့ လှမ်းကြည့်မိ၏။ အခန်းထဲမှာ


www.burmeseclassic.com

www.burmeseclassic.com



စွာကျယ် အာကျယ်၊ ဂန်ကျယ်မနှစ်ယောက်။ ကျောင်းပြန်တက်တော့လည်း ရုပ်ဆိုးမ သေတာကို ဖြစ်ရိုးဖြစ်စဉ်လို သဘောထားပြီး သူတို့အချင်းချင်းပင် စနောက်နေကြသေး၏။

"သူတို့က ဘာလုပ်လိုက်တာလဲ"

"ရုပ်ဆိုးမအဖေက ဆိုက်ကားနင်းပြီး မုန့်ဖိုးပေး၊ အမေက ပဲပြုတ်ရောင်းပြီး မုန့်ဖိုးပေး . . အဲ့ဒါလေးတွေကို ရုပ်ဆိုးမက မစားရက်၊ မသောက်ရက် စုထားပြီး ရွှေကလစ်ကလေးလုပ်ပြီး ကျောင်းကို ညှပ်လာတာ "

"ဟိုကောင်မနှစ်ကောင်က မနာလိုဖြစ်ပြီး ရွှေကလစ်ကို အတင်းဆွဲဖြုတ် . . ဟိုလွှင့်ပစ်၊ ဒီလွှင့်ပစ်နဲ့။ ငါတို့တောင် ဝင်ပြောလို့ အဲ့ဒီနှစ်ကောင်နဲ့ ရန်ဖြစ်ရသေးတယ်"

"အဲ့ဒီ လူစိတ်မရှိတဲ့နှစ်ကောင်ကြောင့် ရုပ်ဆိုးမလေး စိတ်ဆင်းရဲနေရတာကြာပြီ။ ရုပ်ဆိုးမလေးက ပိန်ညှပ်ညှပ်၊ ပုတက်တက်လေးဆိုတော့ သူတို့ကို ခွန်အားဗလချင်း မယှဉ်နိုင်ဘူးလေ"

"ရုပ်ဆိုးမလေးက ဆရာမကိုလည်း မတိုင်ရဲဘူးလေ။ သူ့ကိုယ်စား မတရားလုပ်ခံရတိုင်း ငါ သွားသွားတိုင်ရတယ်၊ ကြာတော့ . . ဆရာမတောင် ငါ့ကို အမြင်ကတ်လာတယ်"

ရွှေမျက်မှန်က မကျေမချမ်းပြောလိုက်၏။ ကျော်ကျော်သိန်းက –

"ခင်မြင့်မူပေါ့ . . ရွှေကလစ်ကို ကျောင်းမျက်နှာကျက် ကွဲနေတဲ့အပေါ် ပစ်တင်လိုက်တာ ပြန်ယူပေးမယ့်လူ မရှိဘူး။ ခင်မြင့်မူက တက်ယူပေးတဲ့ကျောင်းသားဟာ ရုပ်ဆိုးမကို ကြိုက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လို့ ကြိုလှောင်ထားတာကိုး”

“အဲ့ဒါနဲ့ ရုပ်ဆိုးမလေး တက်ယူရကောလား”

“အေးပေါ့ . . အတန်းပိုင်ဆရာမအချိန်ကြီး၊ ဆရာမက လည်း ခွင့်ယူတဲ့ရက်ဖြစ်နေတယ်”

“ဘယ်လို တက်ယူရတာလဲ”

ခုံတွေအဆင့်ဆင့်ခင်းပြီး တက်ယူတာ . . ခုံတွေ ပြိုလဲကျပြီး ရုပ်ဆိုးမလေးပါ အောက်ကို မရှုမလှပြုတ်ကျတာ ခုံဓောင်းနဲ့ နောက် စေ့ ရိုက်မိသွားတယ်”

“ဖြစ်မှ ဖြစ်ရလေတယ်ကွာ”

“ကျကျချင်း သတိလစ်သွားတာ . . ဆရာ၊ ဆရာမတွေကို အကြောင်းကြားပြီး ဆေးရုံတင်လိုက်ရတယ်။ ဆေးရုံပေါ်မှာ သူ့မိဘ တွေ ရောက်မလာခင် ဆုံးသွားတယ်”

“အဲ့ဒါ ဟိုကောင်မတွေကြောင့် ဖြစ်ရတာ၊ သူတို့ကို ဖမ်းရ မှာပေါ့”

“ကျောင်းသား၊ ကျောင်းသူတွေရှေ့မှာ သူ့ဘာသာ ပြုတ်ကျ တာ မတော်တဆလူသေမှု ဖြစ်သွားတာပေါ့”

“တောက်! . . တရားခံက ခင်မြင့်မူနဲ့ မိသန်းဋ္ဌေးပဲ”

“သူတို့က တိုက်ရိုက်သတ်တာ မဟုတ်တော့ . . လုပ်ရခက် တာပေါ့၊ သူတို့က စွာတေးလန်တွေဆိုတော့ သူတို့မတရားမှန်း သိ ပေမယ့် ဘယ်သူမှ အဖြစ်မှန် မပြောရဲကြဘူးလေ”

⊠ ⊠ ⊠



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode (2)

## မကျေနပ်တဲ့ အခွဲ

**ရွှေ**မျက်မှန် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရ၏။ ရုပ်ဆိုးမလေးနှင့် ရွှေမျက်မှန်က နေ့ခင်းပိုင်း အိမ်မပြန်။ ထမင်းချိုင့်ကို ရုပ်ဆိုးမလေးက ယူလာ၏။

ရွှေမျက်မှန်က မုန့်ဈေးတန်းမှာ မုန့်ဝယ်စား၏။ ရုပ်ဆိုးမလေးက ရွှေမျက်မှန်အတွက် ထမင်း၊ ဟင်းတွေ ပို့ထည့်လာတတ်၏။ ရွှေမျက်မှန်ကလည်း ရှောက်သီးသုပ်၊ အကြော်၊ မုန့်ဟင်းခါးတွေ ပြန်ဝယ်ကျွေးတတ်၏။

"ငါ့နာမည် သင်းမြမွှေး . . ငါက ရုပ်ဆိုးနေတော့ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို သင်းမြွေ့ေ့လို့ မခေါ်ကြဘူး . . 'ရုပ်ဆိုးမ'ပဲ ခေါ်ကြတယ်။ နင်ပဲ ငါ့ကို သင်းမြွေ့ေ့လို့ ခေါ်ဖူးတယ်။ နင့်ကို ကျေးဇူးတင်တယ်၊ ခင်လည်း ခင်တယ်၊ ငါ့ဘဝမှာ ယောကျ်ားလေး ခင်မင်ရတဲ့ သူငယ်ချင်းဆိုလို့ နင်တစ်ယောက်ထဲပဲရှိတယ် ရွှေမျက်မှန်"

"ငါ့နာမည် ဇော်မင်းထက် . . ရွှေမျက်မှန်တပ်ရလို့ လူတွေက နာမည်အရင်းမခေါ်ဘဲ ရွှေမျက်မှန်ချည်း ခေါ်ကြတယ်။ အဲ့ဒီအပေါ်မှာ ငါက ဖီလင်မထားပါဘူး။ နင်က ရုပ်မလှပေမယ့် စိတ်လှတယ်။ လူဆိုတာ ရုပ်လှဖို့ထက် စိတ်လှဖို့က ပိုအရေးကြီးပါတယ်"

"ငါ စိတ်လှအောင်နေပေမယ့် . . ငါ့ဘေးနဲ့ ငါ့ရှေ့က ခင်မြင့်မူနဲ့ သန်းသန်းဌေးက ငါ့အပေါ် ဘယ်တော့မှမကောင်းဘူး။ ငါ့အပေါ် အနိုင်ကျင့်ဗိုလ်ကျတယ်။ သူတို့ရဲ့ ကစားစရာ၊ နောက်ပြောင်စရာအရုပ်လိုမျိုး ငါ့ကိုသဘောထားတယ်။ ငါသည်းခံပြီး ခွင့်လွှတ်ပေမယ့် သူတို့အကျင့်တွေ ပြင်မသွားပါဘူး။ ငါ စိတ်ညစ်တယ်ဟယ်"

"သည်းခံနိုင်တဲ့ အတိုင်းအတာလွန်ရင် လက်တုံ့ပြန်ရမှာပဲ၊ နင်မခံနိုင်ရင် ပြန်ချပေါ့ . . နင့်ဘက်မှာ ငါရှိတယ်။ ငါ့ရှေ့မှာ မတရားလုပ်ရင် ငါနဲ့တွေ့မယ်"

"ငါ့ဘက်မှာ နင်ရှိတာသိလို့ နင့်ရှေ့မှာဆို ငါ့ကို သိပ်မလုပ်ရဲကြဘူး။ နင့်ကွယ်ရာဆိုရင်တော့ . ."

ရုပ်ဆိုးမလေးနှင့် ပြောဖြစ်ခဲ့သည့် အတိတ်ဖြစ်ရပ်တွေကို ရွှေမျက်မှန် ပြန်အမှတ်ရနေမိ၏။ အတန်းပိုင်ဆရာမဝင်လာ၍ အတွေးတွေကို ဖြတ်လိုက်ရ၏။

ခင်မြင့်မူနဲ့ သန်းသန်းဌေးကို မကျေနပ်။ ပြေးပြီး လုပ်မိ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်ရာ လုပ်ပစ်လိုက်ချင်၏။ စိတ်ကို မနည်းထိန်းထားရသည်။ ရှေ့တန်းမှာ ရုပ်ဆိုးမနဲ့ ခင်မြင့်မူတို့ နှစ်ယောက်တစ်တွဲ ထိုင်ကြ၏။ ခုတော့ ရုပ်ဆိုးမလေးသေသွားတာမို့ ခင်မြင့်မူနဲ့သန်းဌေးတို့ အတူ ထိုင်နေကြ၏။

အမြင်ကတ်ပြီး စိတ်ထဲကနေ ခြေထောက်နှင့် ဖြတ်ကန်ပစ်လိုက်၏။

"ဘုန်း! . . ဘုတ်! . ."

"အား! . . အမလေး! . ."

ခင်မြင့်မူနဲ့ သန်းဌေးတို့ကျောတွေ ကော့လန်ကုန်ကြ၏။ ဘေးလူတွေလည်း သူမတို့နှစ်ယောက် အသားလွတ် ထအော်တာ ထင်၍ ဝိုင်းကြည့်ကုန်၏။ နောက်ဆုံးတန်း နှစ်ယောက်ခုံတွဲ လေးတွဲ ရှိ၏။

ဇော်လတ်နဲ့ ဂျီပုတို့က တစ်ခုံ၊ တစ်တွဲ။ ကျော်ကျော်သိန်းနဲ့ လှဦးဆွေတို့ ခုံတစ်တွဲ။ ရွှေမျက်မှန်နဲ့ စိုးကိုနိုင်တို့က ခုံတစ်တွဲ။ စိုင်းမျိုးလတ်နဲ့ မိုးကျော်သူတို့က ခုံတစ်တွဲ။ ရွှေမျက်မှန်တို့ ခုံတွဲ၊ စိုင်းမျိုးလတ်တို့ခုံတွဲက မိန်းကလေးတွေရဲ့ နောက်ဆုံးတန်း ရောက် နေ၏။ ကျန်တဲ့ခုံတွဲတွေက ကျောင်းသားခုံတန်းတွေရဲ့ နောက်ဆုံး မှာ ဖြစ်သည်။

"ဆရာမ . . သမီးတို့ကိုနောက်ကနေ ခြေထောက်ကြီးနဲ့ ဖြတ်ကန်တယ်"

ခင်မြင့်မူနဲ့ သန်းဌေးတို့ နောက်ကို မကျေမနပ် လှည့်ကြည့် စဉ် ဘုကြည့်ပြန်ကြည့်သော ရွှေမျက်မှန်ကြောင့် ဒင်းတို့ထင်ကြေး



www.burmeseclassic.com

www.burmeseclassic.com


နှင့် လှမ်းတိုင်တော့၏။ ဆရာမက လျှောက်လာ၏။

"ငါ့စာသင်ချိန်မှာ မိန်းကလေးတွေကို ခြေထောက်နဲ့ ဖြတ်ကန်ရဲတာ ဘယ်သူလဲ . . ထစမ်း"

ဘယ်သူမှ မကန်၍ ဘယ်သူမှမထ။

"ခင်မြင့်မူ ဘယ်သူကန်တာလဲ"

"ရွှေမျက်မှန်"

"ငါ ဘယ်မှာကန်လို့လဲ"

"နင် ကန်တာလေ၊ နင်ပဲ ငါတို့ကို မိုက်ကြည့် ကြည့်နေတာ"

"ကျွန်တော် မကန်ဘူး ဆရာမ . . သူတို့ဘာသာ လုပ်ကြံတိုင်တာ . . ဘေးက ကျောင်းသားတွေကို မေးကြည့်ပါ"

"ရွှေမျက်မှန်ပြောတာ ဟုတ်လား . . နောက်က ကျောင်းသားတွေ အမှန်ပြောနော် . . မပြောရင် အလိုတူ၊ အလိုပါအနေနဲ့ ရောပြီး အရိုက်ခံရမယ်"

"ရွှေမျက်မှန် ထိုင်ရာကတောင် မထပါဘူး။ ကျွန်တော်တို့ အားလုံးမြင်ပါတယ်"

"ငါတို့ကျောတွေ အောင့်သွားတာပဲ . . ကန်တဲ့ အသံကြီးတောင် ကြားရသေးတယ်"

"ဘေးကကျောင်းသူ ခင်မြထွေး . . ဟုတ်လား"

"အသံတော့ ကြားတယ် . . လှည့်ကြည့်တော့ ဘာမှမရှိဘူး"

◬ ◬ ◬



www.burmeseclassic.com

www.burmeseclassic.com





# Episode (3)

## သရဲ . . ခြောက်လှန့်

**ဆရာမ** ခေါင်းရှုပ်သွား၏။ တရားခံ လက်ပူး လက်ကြပ် ဖမ်းမမိ၍ လက်လျှော့လိုက်ပြီး စာဆက်သင်၏။ အတန်းပိုင်က သင်္ချာဆရာမ။

"ဘုန်း! . ."

"အမေ့! . ."

"ဘုန်း! . ."

"အင့်! . ."

"ဟဲ့ . . ဘာဖြစ်ပြန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တီချယ် . . သမီးရဲ့ ကျောကုန်းကို နောက်က ပိတ်ထုတယ်"

"ကျွန်မရဲ့ကျောကိုလည်း ထုလိုက်တာ အောင့်တက်သွားတာပဲ"

"ဘယ်သူလုပ်တာလဲ"

"ရွှေမျက်မှန်"

"မဟုတ်ဘူး ဆရာမ . . ကျွန်တော် ဘာမှမလုပ်ဘူး"

"ထုလိုက်သံကြီးကို ငါတောင်ကြားတယ်၊ မင်းက ဂျပိုးကို လိပ်ဖြစ်အောင် ငြင်းချင်သေးလား"

"မဟုတ်ဘူး။ ဘေးလူတွေ မေးကြည့်ပါ"

"ဟုတ်တယ် . . ဆရာမ၊ ဒီကောင် သချ်ာတွက်နေတာ"

စိုးကိုနိုင်က ခွင့်နဲ့ ကျောင်းပျက်နေ၏။ ကျော်ကျော်သိန်းနဲ့ လှဦးဆွေက ဝင်ဖြေရှင်းနေရ၏။ နောက်တန်းက ကျောင်းသား အားလုံးက ရွှေမျက်မှန်ဘက်က ထောက်ခံပြောနေ၍ ဆရာမလည်း အရေးယူလို့မရ။

"ဒီတစ်ခါ အမိဖမ်းမယ်။ ဟင်း . . ငါ့ကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲ။ ဝါးနုတွေက ဝါးရင့်ကို လာပတ်ချင်သေးတယ်"

"ဆရာမ ကျွန်တော့်ကို ဆရာမ စားပွဲနား ခေါ်ထားပေးပါ။ နောက်တစ်ခါ ထပ်ဖြစ်မဖြစ် စောင့်ကြည့်ပေးပါ"

"အေး . . လာ . . ငါ့စားပွဲမှာလာထိုင်ပြီး သချ်ာတွက်"

ဆရာမစားပွဲမှာ ရွှေမျက်မှန် ရောက်သွား၏။ စာဆက်သင်ဖြစ်ကြ၏။ သိပ်မကြာခင်မှာ –



www.burmeseclassic.com

www.burmeseclassic.com



"ဂေါက်"

"အင့်! . ."

"ဒေါက်"

"အား! . . နာတယ် . . အားရှီးရှီး"

"ဟဲ့ . . ဘာဖြစ်ကြပြန်ပြီလဲ။ နင်တို့ကို ငါအကဲခတ်ကြည့်နေတာ နင်တို့ကို ဘယ်သူမှ ထလုပ်တာ ငါမတွေ့ပါဘူး"

"ခေါင်းခေါက်တာခံရတာ ဆရာမ၊ နာလိုက်တာ ခေါင်းကို မှုးထွက်သွားတာပဲ"

"သမီးကိုလည်း ခေါက်သွားတယ်၊ ဒီမှာ ဘုတောင်ထနေတယ်"

ဆရာမက လာစစ်ဆေးကြည့်၏။ သန်းဌေးခေါင်းမှာ ဘုတောင်ထနေ၏။ ဆရာမ ဦးနှောက်ခြောက်နေပြီ။

"ရွှေမျက်မှန် လက်ချက် မဟုတ်တော့ဘူး။ နောက်တန်းက ဘယ်သူ ဘာနဲ့ပစ်လိုက်တာလဲ၊ ငါ့ကို အမှန်အတိုင်းပြောစမ်း"

နောက်တန်းကကျောင်းသားတွေ အသည်းအသန် ငြင်းကြ၏။ ရွှေမျက်မှန်လို ရှေ့တန်းပြောင်းထိုင်ကြ၏။ ဆရာမက စာဆက်သင်၏။

"ဖြန်း! . ."

"အမလေး"

"ဖြန်း! . ."

"အား! . ."

"ဟဲ့ . . ဘာဖြစ်ကြပြန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိး . . ဟီး . . ဟီး . . ဟီး သဘောပေါက်ပြီ၊ သဘောပေါက်ပါပြီ . . သမီးတို့ကို သရဲခြောက်တာ ဖြစ်မယ်။ သေသွားတဲ့ ရုပ်ဆိုးမ၊ ဟုတ်တယ် ရုပ်ဆိုးမ သရဲပဲနေမှာ"

"တီချယ် . . ကျွန်မတို့နောက်တန်းမှာ မနေရဲတော့ဘူး။ တီချယ့်အနားကို ပြောင်းထားပေးပါ"

ရွှေမျက်မှန်၊ ကျောင်းသားတွေ ကိုယ့်နေရာကိုယ် ပြန်ထိုင်ရ၏။ ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့ ဆရာမနားက ရှေ့တန်းကို ရောက်သွား၏။

'ရုပ်ဆိုးမသရဲ'ဆိုတာနဲ့ ကျောင်းသား၊ ကျောင်းသူတွေ လန့်ဖျပ်ကုန်၏။ ဆရာမလည်း ရိုးတိုးရိတ်တိတ် သဘောပေါက်လာ၏။ ကျောင်းသူ၊ ကျောင်းသားတွေ လန့်မှာစိုးသောကြောင့် ဘာသိဘာသာ ဟန်ဆောင်နေရ၏ ။ ဆရာမအနားနေလိုက်တော့မှ ဘာမှမဖြစ်တော့။

ဒါပေမယ့် နောက် စာသင်ချိန်တွေမှာ ပြဿနာထပ်တက်ရပြန်၏ ။ ခင်မြင့်မူနဲ့သန်းဌေးတို့ရဲ့ ဆံပင်တွေ ဆောင့်ဆွဲခံရ၏။ ခဲတံလိုအချွန်နှင့် ထိုးခံရ၏။ ထို့ကြောင့် ခင်မြင့်မူတို့ နေ့ခင်းထမင်းစားချိန်ရောက်တော့ အိမ်ပြန်လစ်ပြီးကတည်းက ကျောင်းပြန်မတက်ကြတော့။

ဘာသာရပ် ဆရာ၊ ဆရာမတွေက ကျောင်းသူနှစ်ဦးရဲ့ ဖြစ်ပုံဆန်းကြယ်ကို ကျောင်းအုပ်ကြီး ဦးသောင်းကျော်ထံ အစီရင်ခံကြ၏။ ဦးသောင်းကျော်က အတန်ကြာစဉ်းစားပြီးမှ –

"အခန်းထဲမှာ အန္တရာယ်ကင်း ဆွမ်းကျွေးပွဲလုပ်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံလိုတယ် ဆရာကြီး"

"ကျောင်းသူ၊ ကျောင်းသားတွေဆီက အချိုးကျကောက်ခံလိုက်ပေါ့ . . မနက်ဖြန် ဖြစ်အောင်စီစဉ်ကြ၊ ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာပဲ လိုချင်တယ်နော်"

ကျောင်းအုပ်ဆရာကြီး၏အမိန့်က ပြတ်သားပါဘိ။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode (4)

## သင်္ချိုင်းကုန်းမှ ခေါ်ခဲ့သူ

**ဘုန်းကြီး** ငါးပါး ပင့်ဖိတ်ပြီး နေ့လယ်ဆွမ်း ဆက်ကပ်ရ၏။ ဘုန်းကြီးတွေခမျာ ဒကာ၊ ဒကာမတွေက အားအားရှိ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ပုဇွန်ဟင်း၊ ငါးဟင်း၊ ပဲဟင်း၊ အချဉ်ဟင်း၊ ဘဲဥကြော်ချက်၊ အသီးအရွက်ကြော်တွေလောက်သာ ဘုန်းပေးနေရ၏။

ဖွယ်ဖွယ်ရာရာ မဘုန်းပေးရ။ တစ်ခါတရံ ဒံပေါက်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ မုန့်ဟင်းခါး၊ ဒါတွေသာ များနေ၏။ ဘုန်းကြီးဝတ်ခဲ့ဖူးသော ကျောင်းအုပ်ကြီးက တရုတ်ဟင်းလျာတွေ မှာယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကပ်၏။

ကုန်းဘောင်၊ တောက်တောက်ကြော်၊ ချဉ်စပ်ကြော်၊ ပဲငပိကြော်၊ ချိုချဉ်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ကြံမဆိုင်ဟင်းချို၊ အသားလုံးကြော်၊ ကြက်ခြောက်ကြော်တွေနှင့် ဆက်ကပ်သောအခါ ကိုယ်တော်တွေ ခံတွင်းမြိန်၍ ဘုန်းပေးကောင်းကြ၏။

ဖြစ်နိုင်လျှင် ဟမ်ဘာဂါ၊ စပါတ်ဂတ်တီ၊ ပီဇာမုန့်၊ ဒိုးနတ်မုန့်၊ မာလာဟင်း၊ ပင်လယ်အစားအစာတွေပါ ဆက်ကပ်သင့်၏။

လူ့ပြည်မှာပေါ်သမျှ အစာအာဟာရ အသစ်အဆန်းတွေ ဆက်ကပ်သင့်၏။ ဒါမှလည်း ဒါနအကျိုးပေး သန်မည်ပေ့။ နတ်ပြည်မှာ နတ်သြဇာတစ်မျိုးထဲ ဘုန်းပေးနေမှာလား။

ဖွယ်ဖွယ်ရာရာ နတ်သုဒ္ဓါတွေ၊ နတ်စားဖွယ်ရာတွေ အစုံမစားရချင်ဘူးလား။ စေတနာသန့်သန့်နဲ့ အစုံစားစေချင်ရင် ဒကာတွေကလည်း စုံလင်သော စားဖွယ်ရာမျိုးစုံ ဆက်ကပ်သင့်ပေ၏။

ဒါကို လူတွေက မသိ။ ဘုန်းကြီးပွဲဆို မြန်မာထမင်းဟင်း၊ ကြက်၊ ဝက်၊ ငါး၊ အမဲ၊ ဆိတ် . . ဒါတွေပဲ ထပ်အောင်ကပ်နေကြ၏။ သံဃာတော်တွေခမျာ ပညတ်တော်တွေရှိနေ၍ ဘာကပ်ပါ၊ ညာကပ်ပါ မပြောရဲရှာ၊ ကပ်လှူတာပဲ ဘုန်းပေးနေရ၏။

ကပ်ပါလား . . ချစ်တီးထမင်းဟင်း၊ ယိုးဒယား၊ မလေးရှား၊ အင်ဒို၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်အစားအစာတွေ တတ်နိုင်တဲ့ လူတွေက ဟိုတယ်က သိန်းကျော်တန်ဟင်းပွဲတွေ စားသောက်ပြီး ဘုန်းကြီးတွေကျတော့ တစ်ခါလာလည်း မြန်မာထမင်းဟင်း၊ တစ်ခါလာလည်း မြန်မာထမင်းဟင်းနဲ့ ဂိတ်ဆုံးနေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်း စားဖွယ်ကပ်တော့ နောက်နောင် လားရာဘဝတွေမှာ ထူးပေ့ဆန်းပေ့ အာဟာရခဲဖွယ်ဘောဇဉ်တွေကို စားသုံးရမှာပေါ့။ ဆရာကြီးသောင်းကျော်က အထက်ပါအတိုင်း ဆရာ၊ ဆရာမတွေကို လက်ချာပေးပြီး တရုတ်ဟင်းလျာတွေ မှာကပ်ခြင်းဖြစ်ပေသည်။

သံဃာတော် အရှင်သူမြတ်တွေကလည်း ပရိတ်၊ ပဋ္ဌာန်း၊ ကမ္မဝါတွေ ရွတ်ဖတ်သရဇ္ဈာယ်ပေးကြ၏။ နောက်နေ့ ကျောင်းပြန်တက်တော့ ဘာမှမဖြစ်တော့။ သန်းသန်းဌွေးနဲ့ ခင်မြင့်မူတို့လည်း မရဲတရဲနဲ့ ကျောင်းပြန်တက်ကြ၏။

ဘာမှမဖြစ်တော့မှ ရဲရဲ ကျောင်းပြန်တက်ရဲကြ၏။ တစ်လ၊ နှစ်လလောက်ကြာတော့ . . ဒင်းတို့၏ ငြိမ်ကုတ်နေတဲ့ စရိုက်တွေကို ပြန်ဖော်ကြလေ၏။ ထုံးစံအတိုင်း စွာတေးလန်၊ စွာပြဲလန်တွေပဲပေါ့။

ရွှေမျက်မှန်တို့ နောက်တန်းက ကျောင်းသားတွေကတော့ သူမတို့နှစ်ယောက်ဆို ဝေးဝေးရှောင်ကြ၏။ သူတို့ကလည်း အတင်းလိုက်ရော၏။ ရွှေမျက်မှန်က ပြန်မရော။ ခပ်တည်တည်ပင်။

တစ်ညမှာ ရွှေမျက်မှန် အိပ်မက်,မက်၏။

ရုပ်ဆိုးမလေးက လာတွေ့၏။ သက်ပျော့ အဖြူ၊ အစိမ်း ဝတ်စုံလေး ဝတ်လို့ပေါ့။ ငိုလည်းငို၊ ပြောလည်းပြော၏။ ဗလုံးဗထွေးတွေမို့ ရွှေမျက်မှန် သေချာမကြားရ။ ဒါပေသိ နောက်ဆုံးတချို့ကိုတော့ ပီပီသသကြားလိုက်ရ၏။

"ခင် . . မြင့် . . မူနဲ့ သန်း . . သန်း . . ဌွေး ကို ငါ



www.burmeseclassic.com

www.burmeseclassic.com


လက်စားချေချင်တယ်။ သူတို့ကြောင့် ငါသေခဲ့ရတာ . . ပြီးတော့ မျက်နှာကျက်မှာ တင်နေတဲ့ ငါ့ရဲ့ ရွှေကလစ်ကလေး ပြန်ယူလို့ မရသေးဘူး"

"ငါ့ကို ကူညီပါ . . ငါ့မြေပုံကို လာခဲ့ပေးပါ။ မြေပုံအနီးက သစ်ခက်ကိုချိုး သင်္ချိုင်းစောင့်ကြီးထံမှာ ခွင့်တောင်းပြီး ငါ့ကို အမျှဝေ မလိုလိုနဲ့ ခေါ်သွားပါ"

"ပြီးရင် သစ်ခက်ကို တို့စာသင်ခန်းထဲက ဘလက်စ်ဘုတ် နောက်မှာ ဖွက်ထားပေးပါ၊ ကူညီပါသူငယ်ချင်းရယ် . . နင့်ကို ငါ အခင်ဆုံးပါ။ ငါမတရားခံခဲ့ရတာကို ရင်ဆိုင်ကူညီပေးနိုင်တာ နင်ပဲ ရှိလို့ပါဟယ်"

အိပ်မက်က လန့်နိုးတဲ့အခါ ရွှေမျက်မှန်စိတ်တွေ ဂယောင် ချောက်ချား ဖြစ်လိုက်သေး၏။ အတန်ကြာမှ စိတ်ငြိမ်အောင် ထိန်း ပြီး ရုပ်ဆိုးမလေးပြောခဲ့တာတွေကို ပြန်စဉ်းစား၏။ အားလုံး ပြန် မှတ်မိနေ၏။ ရွှေမျက်မှန်ကူညီဖို့ ဆုံးဖြတ်ချက်ချလိုက်၏။

ရုပ်ဆိုးမလေးတို့က ဆင်းရဲရှာပါတယ်။ မြေပုံမို့မို့လေးသာ လုပ်ပေးနိုင်ရှာ၏။ ကုမ္ပည်းမှတ်တိုင်မှာလည်း ထင်းရှူးပြားလေးပေါ် မှာ ရေစိမ်မြေဖြူနဲ့ ရေးထားတယ်။

"မသင်းမြွေး

အသက် (၁၆) နှစ်"

ကျောင်းထားချိန်လည်း နောက်ကျခဲ့ရှာ၏။ ရွှေမျက်မှန် စိတ်မကောင်းဖြစ်ပြီး မျက်ရည်ဝဲမိ၏။ အနီးအနားမှာရှိသော အလေ့ကျပေါက်ပင်တွေထဲက သစ်ကိုင်းလေးကိုချိုးပြီး –


www.burmeseclassic.com

www.burmeseclassic.com



"အိုး . . သချိုင်းစောင့်ကြီးခမျာ တမလွန်ဘဝရောက်နေတဲ့ သင်းမြွေဆွေးကို ကျွန်ုပ်မှ အမျှပေးဝေရန် ခေါ်သွားခွင့်ပြုပါ၊ သင်းမြွေဆွေးရေ ထ . . ထ၊ ငါနဲ့လိုက်ခဲ့ပေတော့"

မြေပုံကို သစ်ခက်နဲ့ သုံးချက်ရိုက်ပြီး ခေါ်လာခဲ့လိုက်၏။ သစ်ခက်ကလေးက မခေါ်ခင်က ပေါ့ပေါ့လေးရယ် . . ခေါ်လိုက်ပြီးတော့မှ သိသိသာသာ လေးနေ၏။

"ကဲ . . ငါ့ကျောပိုးအိတ်ထဲမှာနေ၊ ဒီနေ့လယ်ပိုင်း ကျောင်းပြန်တက်ပြီးရင် ငါတို့အသင်း တာဝန်ကျတယ်။ ငါက အခန်းပိတ်ပြီးသော့ကိုင်ရမှာ . . အခန်းထဲက ကျောင်းသားတွေအားလုံး ကျောင်းဆင်းလို့ ပြန်သွားရင် ဘလက်စ်ဘုတ်နောက်မှာ နင့်ကို ထားပေးမယ်။ နင် ရောက်ရောက်ချင်းတော့ မသောင်းကျန်းပါနဲ့ဦး . . နောက်နေ့ကြမှ နင့်သဘောအတိုင်းပဲ"

ရွှေမျက်မှန် သစ်ခက်ကို ကျောပိုးအိတ်ထဲ သေသေချာချာ ထည့်ပြီး နေ့ခင်းထမင်းစားချိန် ကျောင်းပြန်တက်ဖြစ်၏။

ရုပ်ဆိုးမသရဲက လိမ္မာ၏။ ဘာမှမလုပ်။ အပုပ်နံ့ကြီးတော့ ပေး၏။ အလောင်းစောင့် ပြိတ္တာ (သရဲ)ဘဝရောက်သွားတော့ ပုပ်စပြုနေတဲ့ ခန္ဓာကိုယ်က နာမ်ဝိညာဉ်က ထလိုက်လာရတော့ အနံ့တွေ စွဲပါလာမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode (5)

## ပရလောကသားမှ ဆက်သွယ်ခြင်း

“ဟူး . . ပုပ်စော်နံလိုက်တာကွာ၊ ဘယ်နားမှာ ကြွက်သေပြီး ပုပ်နေသလဲမသိဘူး”

“ဟုတ်တယ် . . အန့်တောင် အန့်ချင်လာပြီ”

တစ်တန်းလုံး ပွစိပွစိ ဖြစ်ကုန်ကြ၏။ စာလာသင်သော ဆရာတွေလည်း အပုပ်နံ့နံ၍ အခန်းထဲကို ပိုက်စိတ်တိုက် လိုက်ရှာ ခိုင်းမည်ပြုစဉ် အပုပ်နံ့က သိသိသာသာပျောက်ကွယ်သွား၏။

တော်ပါသေးရဲ့ . . လွယ်အိတ်တွေ လိုက်ဖွင့်ရှာမှအခက်။

ညနေကျောင်းဆင်းချိန်ရောက်သောအခါ အားလုံး ပြန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ရွှေမျက်မှန်လည်း သစ်ခက်ကိုထုတ်။ ဘလက်စ်ဘုတ်နောက် တိုင်အကွယ်ထဲ ရုတ်တရက် ရှာလို့မမြင်သာအောင် ထိုးထည့်လိုက်ပြီး –

"ရုပ်ဆိုးမလေးရေ အဲ့ဒါ နင့်နေရာပဲ၊ နင်နေတော့ အပိုင်စားနေပေတော့ . . ငါ့ကိုတော့ မခြောက်နဲ့ဟာ . . ငါလည်း ကြောက်တတ်တယ်။ နင့်ကို ခင်မင်လွန်းအားကြီးလို့ . . သနားလွန်းအားကြီးလို့ လုပ်ပေးရတာ ငါလည်း ကြောက်နေပြီဟ"

အခန်းတံခါးကို လက်နဲ့ သုံးချက်ခေါက်ပြ၏။

"မခြောက်ပါနဲ့ဆိုဟာ . . ဪ . . ငါပြောတာ နင် ကြားကြောင်း နှုတ်ဆက်သတိပေးတာလား"

"ဒေါက် ဒေါက် ဒေါက်"

"အေး . . အေး နောက်ဆို နင်နဲ့ငါနဲ့ စကားပြော ဆက်သွယ်ချင်ရင် နင်က ခုံခေါက်ပြီး ဟုတ်ရင် သုံးချက်၊ မဟုတ်ဘူးဆိုရင် နှစ်ချက်ခေါက်ပြ။ အဲ့ဒါကို သဘောတူရင် ခေါက်ပြ"

ပြတင်းပေါက်တံခါးကို 'ဒေါက် ဒေါက် ဒေါက်' ဟု သုံးချက်ခေါက်ပြ၏။ ရွှေမျက်မှန်လည်း ကြက်သီးမွေးညှင်းတွေ ထောင်ထ။ ကျောရိုးထဲ တောင့်မတ်သွားအောင် ကြောက်စိတ်ပေါ်ပြီး အခန်းထဲက အမြန်လစ်ရတော့၏။

ဝင်ပေါက်တံခါးကို သော့ခတ်တာတောင် ခြေတွေ၊ လက်တွေ တုန်နေ၏။ တံခါးခေါက်ပြီးမှ–

"ဒေါက်"

"ဟင်! . . ဘာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

"နင် . . နင့်အတွက်စားဖို့ ရေနဲ့ရိက္ခာ ငါနေ့တိုင်း တတ်နိုင်သလောက် ယူလာပေးခိုင်းစေချင်တာလား"

"ဒေါက် ဒေါက် ဒေါက်"

"အေး . . အေး သိပြီ၊ ယူလာပေးမယ်။ ထပ်မခေါက်နဲ့တော့ . . နင်ခေါက်တာ ဘာသာမပြန်တတ်ရင် ငါပြဿနာတက်မှာစိုးလို့ပါ"

"ဒေါက်"

"လုပ်ပြန်ပြီ။ ငါကြောက်ပါတယ်ဆို . . ဘာလဲ နှုတ်ဆက်တာလား"

"ဒေါက် ဒေါက် ဒေါက်"

ရွှေမျက်မှန် ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ကျောင်းအောက်ကို ပြေးဆင်းသွားရတော့၏။

"နင် . . နင်ရောက်လာပြန်ပြီလား"

"ဟုတ်တယ် . . ရွှေမျက်မှန်၊ နင် ငါ့ကို ဘာမှကြောက်စရာမလိုပါဘူး။ နင့်ကို ငါ ဘာမှမလုပ်ပါဘူး . . ဆက်သွယ်မှုတစ်ရပ်အနေနဲ့ ခေါက်ပြတာပါ။ မနက်ဖြန် နင်ကျောင်းလာရင် ငါ့အတွက် ကြက်သားကင်တုတ်ထိုး ဝယ်ပေးပါ"

"နင့်စားပွဲပေါ်မှာပဲ တင်ထားပေးပါ။ ငါက သတ္တဝါ တစ်ကောင်ကောင်ကို ပူးကပ်ပြီး လာစားမယ်။ အဲ့ဒါမှာချင်လို့ပါ၊ ပြီးတော့ ငါ စာသင်ခန်းထဲမှာ ရှိတယ်ဆိုတာကို နင် ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူးလို့ ကတိပေးပါ။ ငါက ကတိတစ်လုံးကို အပ်ယုံတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကတိမတည်တဲ့လူကိုလည်း ငါသိပ်မုန်းတယ်”

“ငါ . . ငါ”

“နင့်အတွက် အပန်းမကြီးပါဘူး။ နင် ဒီလောက်လေးမှ မကူညီနိုင်ဘူးလား”

“ငါ . . ကူညီချင်ပါတယ်၊ ရေရှည်ကြတော့”

“နင့်ကတိကို ငါယုံတယ်၊ ပေးသာ ပေးစမ်းပါဟာ . . အချိန် မရှိတော့ဘူး။ ငါပြန်ရဦးမယ် . . ကျောင်းကြီးနဲ့ သက်ဆိုင်တဲ့ စာသင်ခန်းသားဖြစ်တဲ့ နင်က နေစရာပေးလိုက်တာ . . ငါ ကျေးဇူး တင်လို့ မဆုံးဘူး။ အခွင့်သင့်ရင် နင့်ကို ငါပြန်ကူညီမယ်”

“အေးပါဟာ”

“ကတိပေးလေ”

“အေး . . ကတိပေးပါတယ်”

“ငါသွားတော့မယ် . . လိုအပ်တဲ့အခါတိုင်း နင့်ကိုငါ လာ အိပ်မက်ပေးမယ်၊ အိပ်မက်အကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြော ရဘူးနော် . . ကတိပေး”

“ဟင်း . . အေး . . ပေးတယ်”

ပြောလိုက်သည်နှင့် ရုပ်ဆိုးမလေး မရှိတော့။ ရွှေမျက်မှန် တစ်ရေးနိုးတော့ ညသန်းခေါင်ယံ။ ခက်ပြီ။

ပရလောကသားနဲ့ ဆက်သွယ်မိနေပြီ။ အဲ့ဒါကောင်းသလား၊ ဆိုးသလား။ ပယောဂကုတဲ့ ဆရာတစ်ယောက်ကတော့ မကောင်းဘူး တဲ့။ အဲ့ဒီဆရာကုတာ သူတွေ့ဖူးခဲ့၏။

အိမ်သားတွေရဲ့ဖခင်ကြီး သေပြီး မကျွတ်လွတ်လို့ ဝင်ပူးပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဆာလွန်းလို့၊ စားချင်လွန်းလို့ အမဲသားတစ်အိုးချက်ကျွေးနိုင်းတယ်။ အိမ်သားတွေက လုပ်ပေးချင်ပေမယ့် ဆရာကြီးက မကျွေးနဲ့တဲ့၊ နောက်အကျင့်ပါသွားရင် လာလာတောင်းနေမှာပဲ။ မရတဲ့အခါ ရန်ရှာလိမ့်မယ်တဲ့။

သရဲတစ္ဆေလောကဆိုတာကလည်း ကြာလေ အကောင်ကြီးလာလေ၊ အစွယ်ပိုထွက်လာလေ။ အစွမ်းပိုကြီးလာလေပဲတဲ့။ အဲ့ဒါနဲ့ အိမ်သားတွေက မကျွေးဖြစ်ကြ။

သရဲကို မွေးထားသလိုဖြစ်မယ်။ သရဲဆိုတာ မမွေးကောင်းဘူး။ မွေးရင်လည်း မှန်မှန်ကျွေးနိုင်မှ၊ မှန်မှန် မကျွေးနိုင်ရင်မွေးတဲ့လူကို ပြန်သတ်စားရောတဲ့။

အဲ့ဒါတွေ ပြန်တွေးမိပြီး ရွှေမျက်မှန် ဇောချွေးပြန်အောင် လန့်ဖျန့်သွားမိ၏။ ရွှေမျက်မှန်က ကျွေးရရုံတင်မက။

ကတိနှစ်ခုပါ ပေးလိုက်ရပြီကောလေ။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







# Episode (6)

## လက်ခါးချေပြီ . .

**နောက်နေ့**ကျောင်းတက်ဖြစ်၏။ အတန်းထဲကို အစောဆုံးရောက်ပြီး သော့ဖွင့်ရသူမှာ ရွှေမျက်မှန်။ ကျန်စစ်သားအသင်းကျသော မိန်းကလေးသုံးယောက်တွဲ ရောက်လာကြ၏။

ကြူကြူဆွေ၊ မိုးမိုးအေး၊ သန္တာစိုးဦးတို့သုံးယောက်။ ဘာ့မြက်စည်းလှဲသူ လှဲ။ ဘုရားပန်းအိုး လဲသူလဲပေါ့။ ရွှေမျက်မှန်က အသင်းတာဝန်ကျ ကျောင်းသား ကျော်ကျော်သိန်းနှင့် သောက်ရေအိုးသွားခပ်ရ၏။ ရေစစ်နှင့် ရေထည့်ပြီး သောက်ရေအိုးကို နှစ်ယောက်တစ်ဘက်၊ တစ်ချက်စီဆွဲပြီး အခန်းထဲ ပြန်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တံမြက်စည်းလှဲရင်း ကျန်နေခဲ့သော ကြူကြူဆွေက –

"ဘယ်ကောင်တွေလဲ မသိဘူး . . ငါ့ကျောကုန်းကို ခဲလုံးလေးတွေနဲ့ လှမ်းလှမ်းပေါက်နေတာ"

ရွှေမျက်မှန်က သိလိုက်ပြီ။ ကျော်ကျော်သိန်းက –

"နင့်ကို ကြိုက်နေတဲ့ကောင်တွေ နေမှာပေါ့"

" NO ပါ။ ငါက အဲ့ဒါမျိုးတွေ စိတ်မဝင်စားဘူး"

ဒီလောက်နဲ့ ရပ်သွားလို့ တော်သေးတာပေါ့။ ကျောင်းတက်ခါနီး ကျောင်းသားတွေ တဖွဲဖွဲရောက်လာကြ၏။

ခင်မြင့်မူနဲ့ သန်းသန်းဌေးက ရုပ်ဆိုးမလေးလို စ,နောက်စရာ နောက်တစ်ယောက် ရှာတွေ့နေ၏။ ထိုသူကား ပိန်ညှပ်ညှပ်၊ ပုတက်တက်၊ စုတ်ချွန်းချွန်း 'အေးချမ်းမေ'ဆိုသော ကောင်မလေးက သူတို့သားကောင်။

အေးချမ်းမေကို ဟိုလိုစလိုက်၊ ဒီလိုစလိုက်နှင့်ပေါ့။ အေးချမ်းမေကလည်း နာမည်နဲ့လိုက်အောင် အေးချမ်း၏။ ဘာမှမပြော။ လုပ်သမျှ ငြိမ်ခံရှာ၏။

ဒီနေ့ ကျောင်းတက်လာတော့ ခင်မြင့်မူတို့က အေးချမ်းမေ ဝယ်လာသော ခေါင်းစည်းကြိုးတွေကို ခပ်မိုက်မိုက် ဆွဲယူပြီး ဟိုလွှင့်ပစ်၊ ဒီလွှင့်ပစ် လုပ်နေ၏။ အေးချမ်းမေက ဘာမှမပြော။ ခပ်အေးအေးပင်။ ပြန်ကောက်ယူ၏။

ဘေးက မိန်းကလေးတွေက အေးချမ်းမေဘက်က မခံနိုင်။ ဝင်ပြောလျှင်လည်း စွာကျယ်မနစ်ကောင်နှင့် ရန်ဖြစ်ရဦးမည်။ ထို့ကြောင့် ဥပေက္ခာသာ ပြုနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com


သန်းသန်းဌေးက အေးချမ်းမေရဲ့ခုံဘေး သွားကပ်ပြီး ကွန်ပါဘူးထဲ ထည့်ထားသော ခေါင်းစည်းကြိုးတွေကို သွားယူပြီး လွှင့်ပစ်ပြန်၏။ ဒါကို ခင်မြင့်မူ ဝတုတ်မကြီးက သဘောကျပြီး ရယ်လို့မဆုံး။

ထိုစဉ် အေးချမ်းမေတစ်ယောက် ရုတ်တရက် ထိုင်နေရာက ကြက်သီးထသလို ဖြစ်သွား၏။ ပြီးတော့ သန်းသန်းဌေးကို မျက်ထောင့်နီကြီးနဲ့ မော့ကြည့်လာ၏။

"အံမယ် ဘာလဲ . . နင်က မကျေနပ်ဘူးလား။ ဘာလုပ်ချင်လို့လဲ ပြောလေ . . ပြောစမ်း"

အေးချမ်းမေက သံပေတံထုတ်ပြီး သန်းသန်းဌေးရဲ့ လက်တွေကို ဓားနဲ့ နုတ်နုတ်စင်းသလို ခုတ်ပစ်လိုက်၏။

"အား! . . အမလေး . . အား . . နာတယ်"

အေးချမ်းမေက ဆောင့်တွန်းလိုက်၍ သန်းသန်းဌေး လွင့်ထွက်ပြီး ပက်လက်ကြီး ထမိန်လန်သွား၏။ ကျောင်းသူ၊ ကျောင်းသားတွေ ဝိုင်းဟားကုန်၏။

သန်းသန်းဌေး အရှက် ဟက်တက်ကွဲပြီလေ။ သန်းသန်းဌေးရဲ့အဒေါ်က ဒုကျောင်းအုပ်ကြီး။ ခင်မြင့်မူဦးလေးက ကျောင်းမှာ ဝါရင့်ဆရာဟောင်းကြီး။ ဆရာ၊ ဆရာမ မျိုးဆက်ဝင်တွေမို့ တော်တန်ရုံ ဆရာ၊ ဆရာမတွေလည်း ဒီနှစ်ယောက်ကို မထိရဲ၊ မတို့ရဲကြ။

သန်းသန်းဌေး အရှက်ရပြီး တဟီးဟီးနဲ့ ငိုပါလေရော။ အေးချမ်းမေ လုပ်ရဲလို့လည်း လန့်သွားပြီလေ။ သွားမထိရဲတော့ဘူး။ ခင်မြင့်မူက လူမိုက်မကြီးပုံစံနဲ့ အေးချမ်းမေရဲ့ဆံပင်ကို သွား


www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ဆွဲပြီး –

"နင်က လူကောင်သေးပြီး တယ်စွာရဲနေပါလား။ ငါ့သူငယ်ချင်းကို နင်ဘာလို့ စော်ကားလိုက်တာလဲ"

အေးချမ်းမေက ဆံပင်ဆွဲထားသောလက်ကို ဆတ်ခနဲ . . လိမ်ချိုးပစ်လိုက်၏။

"အောင်မလေး! . . သေပါပြီတော့"

အဲ့ဒီပြဿနာက ကျောင်းအုပ်ကြီးရုံးခန်းအထိ ရောက်ရပြီ။

ခင်မြင့်မူနဲ့ ဦးလေးဝါရင့်ဆရာကြီးက မခံမရပ်နိုင်တွေ ဖြစ်ကြလို့–

"ကျုပ်တူမကို လက်လိမ်လိုက်တာ အကြောကပ်သလို ဖြစ်နေပြီ . . ဆရာကြီး၊ ဒီကောင်မလေး လူပါးဝတယ် အရေးယူပေးပါ"

"ဟုတ်တယ် . . ကျွန်မတူမလေး သန်းသန်းဌေးကိုလည်း ဆောင့်တွန်းလို့ နောက်ပက်လက်လန်လဲသွားတာ ထမိန်တွေပေါ်ပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ရတယ်။ ဒီကောင်မလေးကို ကျောင်းထုတ်သင့်တယ် ဆရာကြီး"

ကျောင်းအုပ်ဆရာကြီးက ချင့်ချိန်စဉ်းစားနေ၏။

အေးချမ်းမေက ခွေးပစ်တဲ့ တုတ်လောက်ပဲရှိ၏။ ခင်မြင့်မူက ဂျပန်နဘမ်းမယ်ကြီးလို ထွားထွားကျိုင်းကျိုင်းကြီး။ သန်းသန်းဌေးကလည်း သန်မာပြီး အရပ်ရှည်လျားသူ။

ကျောင်းအုပ်ဆရာကြီးက ကျောင်းသား၊ ကျောင်းသူတွေထံ သူ့ဘာသာ သွားစုံစမ်းမေးမြန်း၏။ ပြီးတော့ ရုံးခန်းထဲပြန်လာ၏။ ပြီးတော့ ငုံ့လင့်နေသော တရားလိုတွေဘက်ကို စေ့စေ့ကြည့်ကာ–



www.burmeseclassic.com

www.burmeseclassic.com



"အေးချမ်းမေကို ခင်ဗျားတို့တူမနှစ်ယောက်က အနိုင်ကျင့်တာ . . အေးချမ်းမေက အရင်က ငြိမ်ခံခဲ့တယ်။ ဆရာတွေကိုတော့ မတိုင်ခဲ့ဘူး။ အခုတစ်ကြိမ်ပဲ မတတ်သာလွန်းလို့ တုံ့ပြန်တာ . . သူ့ခွန်အားနဲ့ သူတို့နှစ်ယောက်ရဲ့ခွန်အား တွက်ဆကြည့်ပေါ့"

"ခင်ဗျားတို့ အဲ့ဒါခက်တာ၊ ခွေးခွေးချင်း ရန်ဖြစ်ရင်တောင် ကိုယ့်ခွေးအနိုင်ရမှ . . မျိုးချစ်ပြနေလိုက်တာ၊ တလွဲဆံပင်ကောင်းတွေ တရားမျှတတာ၊ မမျှတတာ မသိဘူး . . ကိုယ့်ဆွေမျိုးနိုင်ရင်ပြီးရော၊ ဒါမျိုးတွေလာမလုပ်နဲ့ . . ကျုပ်လိုလူကတော့ မရဘူး"

ကျောင်းဆရာကြီးက တခြားနေရာတွေမှာသာ ဘုကလန့်ဆန်ပေမယ့် တစ်ခါတရံ မှန်ကန်သည့်ဘက်မှ ပြတ်ပြတ်သားသား ရပ်တည်တတ်သူပင်။

"ဘဲစား ဘဲချေပဲ။ အေးချမ်းမေလုပ်တဲ့ အပြစ်နဲ့ ခင်ဗျားတို့တူမတွေလုပ်တဲ့ အပြစ်က ပြန်ချေပလိုက်ရင် ကျေပြီ။ သွားကြတော့ . . အဲ့ဒါကိုမှ မကျေနပ်ရင် မြို့နယ်ပညာရေးမှူးမကလို့ ဟိုးဗဟိုအထိတက်တိုင် ကျုပ်ကိုယ်တိုင် လိုက်ရှင်းမယ်"

ကျောင်းအုပ်ကြီးရဲ့ ပြတ်သားသည့် ဆုံးဖြတ်ချက်ကြောင့် အေးချမ်းမေ အပြစ်လွတ်သွား၏။ ခင်မြင့်မူနဲ့ သန်းသန်းဋ္ဌေးကိုမူ ကျောင်းအုပ်ကြီးက ဖိဟောက်ဆူလွှတ်လိုက်၏။

"သေဆုံးသွားတဲ့ ကျောင်းသူလေးတုန်းက နင်တို့ ပယောဂပါတယ်။ ငါသိပေမယ့် အကျယ်မဖြစ်ချင်လို့ ဝင်မပြောခဲ့တာ . . ခုနောက်တစ်ယောက်ကို နင်တို့ လုပ်နေပြန်ပြီ"

"အေး . . အဲ့ဒီကျောင်းသူ လာတိုင်ရင် နင်တို့ကို ဖင်စုတ်



www.burmeseclassic.com

www.burmeseclassic.com


အောင် ကြိမ်နဲ့ ငါကိုယ်တိုင်ဆော်မယ်။ အဲ့ဒါမှမရရင် မှင်နီတားပြီး ကျောင်းထုတ်ပစ်မယ်"

ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့ ငိုမဲ့မဲ့လေးတွေနှင့် အခန်းထဲ ပြန်လာကြရ၏။ သူတို့ ဦးလေးနဲ့ အဒေါ်လည်း သူ့ထက်ကဲသော ကျောင်းအုပ်ကြီးကို မလွန်ဆန်ရဲ၍ ငြိမ်ကုပ်ကုန်ကြတော့၏။

နေ့ခင်းပိုင်း ထမင်းစားချိန်ရောက်တော့ ရွှေမျက်မှန်က ကြက်ကင်လေးကို ပလတ်စတစ်လေးဟပြီး ဖွင့်ပေးထား၏။ ကြက်ကင်က ရင်အုပ်တစ်ခြမ်းထဲ။ ဘာကောင်လာစားမလဲလို့ ကြည့်နေ၏။

ကျောင်းအုပ်ကြီးက ကျောင်းရုံးခန်းမှာပဲ နေ၏။ ကြောင်ချစ်သူမို့ ကြောင်တွေ မွေးထား၏။ ကျောင်းအုပ်ကြီး မွေးထားတဲ့ ကြောင်တွေထဲက ကြောင်နက်မတစ်ကောင်ရောက်လာပြီး ကြက်ကင်ကို ပယ်ပယ်နယ်နယ် စားနေတော့၏။

အိမ်မပြန်ဘဲ ကျောင်းမှာ ထမင်းချိုင့်ယူလာပြီး စားနေသူ ရွှေမျက်မှန်ကို တချို့က တအံ့တဩ ကြည့်နေကြ၏။

ရွှေမျက်မှန်က –

"ငါ့မွေးနေ့ ဗေဒင်က ယတြာချေခိုင်းထားလို့၊ ကြောင်ကို ကြက်ကင်ကျွေးရမယ်တဲ့ . . အဲ့ဒါကြောင့်ပါ အဟဲဟဲ"

ဒီတော့မှ အံ့ဩနေသူ တချို့ရဲ့ သံသယတွေ ရှင်းလင်း ပယ်ပျောက်သွားတော့၏။

◸ ◸ ◸


www.burmeseclassic.com

www.burmeseclassic.com





# Episode (7)

## စာသင်ခန်းထဲက ရုပ်ဆိုးမ

**နေ့လယ်ပိုင်း** ကျောင်းပြန်တက်သောအခါ ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့ အေးချမ်းမေကို မစနောက်ရဲကြတော့။

စာသင်ခုံတန်းမှာ အရင်အတိုင်းပဲ စာပြန်သင်နေကြ၏။

ဓာတုဗေဒအီကွေးရှင်းတွေကို ဘလက်(ခ်)ဘုတ်မှာ ချရေးပြနေ၏။ ကျောင်းသူ၊ ကျောင်းသား တစ်ခန်းလုံး ဘလက်(ခ်)ဘုတ်ကို လှမ်းကြည့်နေကြ၏။

ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့ ဘလက်(ခ်)ဘုတ်ကို ကြည့်ပြီး လှုပ်လှုပ်ရှရှ ဖြစ်ကုန်ကြ၏။ ကြာတော့ ဘလက်(ခ်)ဘုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဲကြတော့။ ခေါင်းကြီးတွေ ငုံ့နေကြ၏။ ဒါကို ဓာတုဗေဒ သင်သော ဆရာက ရိပ်မိသွား၏။

"ဟို ကျောင်းသူနှစ်ယောက် . . အီကွေးရှင်းညှိနေတာ . . ဘာလို့ ဘောကို မကြည့်တာလဲ . . ပြောစမ်း၊ ဘာလဲ နင်တို့က ကျူရှင်တွေအားကိုးနဲ့ သိပ်တတ်နေပြီလား။ ထွက်လာခဲ့ . . အီကွေးရှင်းကို ဆက်ညှိပြစမ်း"

မလှုပ်ကြ။

"ဟိတ် . . ဟိုနှစ်ယောက် ငါခေါ်နေတယ်လေ၊ မလာဘူးလား။ ဟိုကျောင်းသူနှစ်ယောက် . . နင်တို့က ငါ့ကို ပမာမခန့် လုပ်နေတာလား"

ခင်မြင့်မူက ငိုသံပါကြီးနှင့် –

"အီး ဟီး ဟီး ဆရာ့ကို ပမာမခန့် မလုပ်ရဲပါဘူး။ ကျွန်မ တို့ နားမလည်ပါဘူး။ ဘလက်(စ်)ဘုတ်မှာလေ သေသွားတဲ့ ရုပ်ဆိုးမ အဲ့ဒါသရဲဖြစ်ပြီး ကျွန်မတို့ကို ပြူးပြဲ . . ပြဲပြဲနေလို့"

"ဘာ! . . မဟုတ်တမ်းတရားတွေကွာ"

သန်းသန်းဌေးကပါ –

"ဟုတ်တယ် ဆရာ . . ကျွန်မလည်း မြင်နေရတယ်"

"နင်တို့နှစ်ယောက် ထရပ်ကြစမ်း"

နှစ်ယောက်သား ထရပ်လာ၏။ ဆရာက ဘလက်(စ်)ဘုတ် ကို သေချာလိုက်ကြည့်ပြီး–

"ဘာ သရဲမလဲ . . အီကွေးရှင်း ရေးပြထားတာပဲ ရှိတယ်။ ကျန်တဲ့တပည့်တို့ကော သူတို့ပြောကဲ့ သရဲမကို မြင်ကြသလား"



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ပါဘူး ဆရာ"

"မမြင်ရပါဘူးရှင်"

"ကဲ . . ကြားလား၊ မင်းတို့နှစ်ယောက်ထဲ စိတ်ဖောက်နေတာလား။ ခေါင်းထဲက ကွိုင်ပေါက်နေတာလား"

"အရီး . . ဟီး . . ဟီး ကျွန်မတို့နှစ်ယောက် တကယ်မြင်နေရတာ ဆရာရဲ့"

ဆရာ ခေါင်းစားသွား၏။

"ဆရာ့ကို လာပြစမ်း။ ဘယ်နားမှာ မြင်ရတာလဲ"

"မလာရဲဘူး ဆရာ၊ ကြောက်တယ်"

"သမီးတို့ ကြောက်လို့ပါရှင်"

"မင်းတို့နှစ်ယောက်လုံး ရူးကြောင်ကြောင်ဖြစ်နေပြီ"

"တကယ် ရုပ်ဆိုးမသရဲမှ ရုပ်ဆိုးမသရဲပါ ဆရာရယ် . . သမီးတို့ စာဆက် မသင်ရဲတော့ဘူး။ အိမ်ကိုပြန်ချင်တယ်"

ရွှေမျက်မှန်ကတော့ သိနေပြီ။ ကျိတ်ပြီး ပြုံးနေမိလေ၏။ ကျောင်းသူ၊ ကျောင်းသားတွေကလည်း သူမတို့နှစ်ယောက်ကြောင့် စာသင်ရတာ အနှောင့်အယှက်ဖြစ်ကုန်၏။

"အေး . . ကောင်းပြီ၊ မင်းတို့ထိုင်ခုံတွေ ဟိုဘက်ရွှေ့ . . မျက်နှာကို နောက်လှည့်ထား စာဆက်သင်ရဦးမယ်။ ဆရာ့ စာသင်ချိန်ပြီးမှ ရှေ့ပြန်လှည့် ဟုတ်ပြီလား"

"အဟင့် . . ဟင့် ဟုတ်ကဲ့ပါရှင့်"

ဆရာခိုင်းသလို မျက်နှာတွေ နောက်လှည့်ကာ နံရံကို ကြည့်နေကြ၏။ ရွှေမျက်မှန်တို့နှင့် မျက်နှာချင်းဆိုင်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမျက်မှန်လည်း မရိပ်မိအောင် မျက်နှာပိုး မနည်း သတ်ထားရ၏။ ဆရာက စာဆက်သင်နေ၏။

"အမလေးတော်! . ."

"အား! . ."

"ဟဲ့ . . ဟေ့ . . ဘာဖြစ်ကြပြန်ပြီလဲ"

"ဆရာ. . ဆရာ"

"ဘာလဲ . . ဘာလဲ၊ မျက်လုံးကြီးတွေစုံမှိတ်ပြီး ဘာလို့ အသည်းအသန် အော်နေရတာလဲ"

"နောက်ကနံရံမှာ ခေါင်းပြတ်ကြီး၊ ရုပ်ဆိုးမသရဲရဲ့ ခေါင်းပြတ်ကြီး ကျွန်မတို့ကို လျှာအရှည်ကြီး ထုတ်လိုက်၊ သွင်းလိုက် လုပ်ပြတယ်"

နောက်တန်းထိုင်နေသော ကျောင်းသားတွေပင် နောက်ကျော မလုံသလို ဖြစ်ကုန်၏။ ဆရာက နံရံကို အနီးကပ် လာကြည့်၏။

"ဘာမှလည်းမရှိပါဘူး . . ငါ့အမြင်ပဲ မှားနေတာလား။ တစ်ခန်းလုံးက မျက်လုံးနဲ့တွေကြည့်စမ်း . . နံရံမှာ ဘာရှိသလဲ"

"ဘာမှမရှိပါဘူး ဆရာ"

"ကဲ . . နင်တို့ ဘာတွေဖြစ်နေကြတာလဲ"

"အရီး . . ဟီးဟီး ကျွန်မတို့ နှစ်ယောက် တကယ်မြင်တာပါ"

"ဟုတ်ပါတယ်ရှင်၊ အဟင့် . . ဟင့် . . ဟင့်"

"နင်တို့မျက်လုံးတွေ မှိတ်ထား . . ပြန်ထိုင်နေ"

"အဟင့်ဟင့် . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာလည်း သိပ်စိတ်မရှည်ချင်တော့။ စာဆက်သင်ရပေမယ့် စိတ်သိပ်မပါချင်။ နောက်ထပ် အီကွေးရှင်းကို ထပ်ရေးနေစဉ်–

"ဆ . . ဆရာ . . ဆရာရေ . . လုပ်ပါဦး"

"အား! . ."

"ဆရာရေ . . ခေါ်နေတယ်"

"ဟ . . လုပ်ပြန်ပြီကွ"

"ကျွန်မတို့နာမည်တွေကို အော်ခေါ်နေတယ် ဆရာ"

"ကျွန်မလည်း ကြားတယ်။ နှစ်ယောက်လုံးကို လက်စားချေမယ်တဲ့ . . ပြောနေတဲ့အသံ မကြားကြဘူးလား"

"တောက်! . . ငါလည်း မကြားဘူး။ ကျန်တဲ့လူတွေရော ကြားကြသလားဟေ့"

"မကြားကြပါဘူး ဆရာ"

"ဟင်းနော် . . တော်ပြီ။ နင်တို့နှစ်ယောက် ရုံးခန်းလိုက်ခဲ့ကြ . . အမျိုးသမီးရေးရာတွေ ရှိနေလို့ ငါရိုက်မဆုံးမတာ . . ကျောင်းအုပ်ကြီး ဆုံးမလိမ့်မယ်"

ကျောင်းအုပ်ကြီး ရုံးခန်းရောက်သွား၏။ သူမတို့ရဲ့ ဦးလေးဆရာ၊ အဒေါ်ဆရာမတွေကို ခေါ်တွေ့၏။

"ကဲ . . အဲ့သလိုတွေ ဖြစ်နေတယ် ဘယ်လိုလုပ်မလဲ"

ဆရာကြီးက –

"ဟဲ့ . . ခင်မြင့်မူ နင်ပြောတာ တကယ်ပဲလား"

"တကယ်ပါ ဦးလေးရယ်"

"သန်းသန်းမြေ့ နင်ပြောတာကရော"



www.burmeseclassic.com

www.burmeseclassic.com



"အပတ်ပါ ဒေါ်လေးရယ်"

"ကဲ . . ကျောင်းအုပ်ကြီး ကြားတဲ့အတိုင်းပဲ"

"ဩော် . . ကျုပ်က အဲ့ပြဿနာကို ဘယ်လိုရှင်းပေးရမလဲ။ သရဲတစ္ဆေ၊ ကဝေမှင်စာကိစ္စတွေ တရားရုံးမှာ တက်ရှင်းလို့ တရားမဝင်ဘူးဗျ"

"အဲ့ဒါဆို ဆရာကြီးက ဘယ်လိုဖြစ်စေချင်သလဲ"

"ကိုယ့်တူမတွေ ကိုယ် ထိန်းသိမ်းဆုံးမပေါ့"

"ဟုတ်ကဲ့ ဆရာ၊ နားနေခန်းထဲခေါ်သွားပြီး ဆုံးမပါ့မယ်"

ဆရာ၊ ဆရာမနားနေခန်းရဲ့ သီးသန့်ခန်းထဲမှာ အတွင်းကြိတ်ဆူသံတွေ ကြားရ၏။ ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့ ကျောင်းဆင်းခေါင်းလောင်းထိုးတာတောင် အခန်းထဲ ပြန်မရောက်ကြတော့။ ကျောင်းဆင်းတော့မှ သူတို့ပစ္စည်းတွေကို အခြားလူနဲ့ ယူခိုင်းပြီး ပြန်သွားကြတော့၏။

ရွှေမျက်မှန်က အကုန်သိနေ၏။ ဘေးလူတွေက မသိ။

"မိုင်ပိုမတွေ"

"အိုဗာတင်းမတွေ"

"သောက်ပေါမတွေ"

အမျိုးမျိုး ထင်ကြေးပေးကြ၏။ ရွှေမျက်မှန်ကတော့ နောက်အသင်းဖြစ်သော ဘုရင့်နောင်အသင်းက အသင်းခေါင်းဆောင် မျိုးလွင်လွင်ကို သော့အပ်လိုက်ရ၍ စိတ်ပေါ့သွား၏။

အိမ်မှာ ညဘက်အိပ်တော့ ဘုရားရှိခိုးအိပ်၏။ ဘာအိပ်မက်မှ လာမပေးရဲတော့။ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်သည်းကပ်



www.burmeseclassic.com

www.burmeseclassic.com



သောသူတွေအတွက် သေသည့်တိုင်အောင် ရောက်သောဒုက္ခသည် ခဏာတာ။

သုံးလောကထွဋ်ထား မြတ်ဗုဒ္ဓရှင်တော်ဘုရားက တရားနဲ့ ပူဇော်ခြင်းသည် အမြတ်ဆုံးဖြစ်၏ဆိုရာ၌ အခြားသော ကြည်ညို ကိုးကွယ်ရာလူများအတွက်လည်း အကျိုးမနည်းပေ။

"သရဲခြောက် ကြမ်းသည်"ဆိုသောလမ်းကို ဘုရားစာရွတ် ဆိုပြီး ဖြတ်ပါ။ "သင် . . သရဲ ခြောက်မခံရဘူး"ဆိုတာ ရဲရဲကြီး အာမခံနိုင်ပါသည်။

သို့ကြား မူးနေသူ၊ နွားခိုးသူ၊ သူတစ်ပါးသားမယားကို ထိပါး ပြစ်မှားသူ၊ သူတစ်ပါးအသက်သတ်သူ၊ သူတစ်ပါးကို ထိခိုက်နစ်နာ စေမည့် မုသားစကားပြောသူတွေကိုသာ မစောင့်ရှောက်ချင်နေမည်။ ငါးပါးသီလလုံသောသူတွေကို ရတနာသုံးပါး၊ အနန္တော၊ အနန္တငါးပါး က အထူးတလည် စောင့်ရှောက်လိမ့်မည်ပင်။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode (8)

## ပြေးလို့ မလွတ်နိုင် . .

**နောက်**တစ်နေ့ ကျောင်းတက်သောအခါ ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့ မိဘတွေ ကိုယ်စီခေါ်ပြီး ကျောင်းအုပ်ကြီးရုံးခန်း ရောက် လာ၏။

အကျိုးအကြောင်းကို အပြန်အလှန် ပြောဆိုပြီးသောအခါ ခင်မြင့်မူရဲ့မိခင် ဒေါ်ဘဲမက –

"ကျွန်မကတော့ ကျွန်မသမီးကို ကျောင်းက နှုတ်တော့မယ်။ တခြားကျောင်း ပြောင်းထားမယ်"

သန်းသန်းဌေးရဲ့ဖခင် ဦးကရင်ကလည်း –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ကျုပ်သမီးကို ကျောင်းပြောင်းတော့မယ်။ ကျောင်းထွက်လက်မှတ် လုပ်ပေးပါ"

ဒါကို ကျောင်းအုပ်ကြီး ဦးသောင်းကျော်က လက်မခံ။

"လူကြားရင် ရယ်စရာကောင်းပ . . ကျုပ် ကျောင်းအုပ်လုပ်တဲ့ကျောင်းက သရဲအခြောက်ကြမ်းလို့ ကျောင်းသူနှစ်ယောက် ကျောင်းပြောင်းပြေးရတယ်ဆိုတာ လုံးဝမဖြစ်သင့်တဲ့ ကိစ္စပဲ။ ကျုပ် ကျောင်းအုပ်လုပ်လာတဲ့ သက်တမ်းမှာ နာမည်ကောင်းရတာချည့်ပဲ"

"ဒါကတော့ ဆရာကြီးအယူအဆလေ . . ကျုပ်သမီးက ခု စိတ်ဆင်းရဲနေရပြီဗျ"

"ကိုင်းဗျာ . . ကျုပ်စီစဉ်ပေးမယ်။ အဲ့ဒီအခန်းမှာ မနေနဲ့၊ (A)ခန်းကို ပြောင်းထားပေးမယ်။ (A)ခန်းက ရှယ်အခန်း၊ စာတော်တဲ့ လူတွေမှနေရတာ၊ (A)ခန်းအထိ သရဲလိုက်ခြောက်နေမယ် ဆိုရင်တော့ ခင်ဗျားတို့သဘောပေါ့"

တီးတိုး တိုင်ပင်ကုန်ကြ၏။ ဦးလေးဆရာ၊ အဒေါ်ဆရာတွေကလည်း ကျောင်းအုပ်ကြီးမှ မလိုလားမှန်းသိလို့ –

"(A)ခန်းမှာ ပြန်တက်လိုက်ပါ။ ဝိုင်းဝန်း စောင့်ရှောက်ကြမှာပါ"

အဲ့ဒါနဲ့ ဒဿမတန်း (A)ခန်းမှာ ပြန်တက်ခိုင်း၏။ ခင်မြင့်မူနဲ့ သန်းသန်းဌေးက မတက်ချင်။ ခါးခါးသီးသီး ငြင်းဆန်နေကြ၏။ မိဘတွေက မာန်မဲပြီး ရိုက်မောင်းပုတ်မောင်း လုပ်မည် ပြင်သောအခါမှ ငြိမ်ကျသွား၏။

အဲ့ဒီနေ့မှာပင် (A)ခန်းကို မချောနှစ်ယောက် ရွှေ့ပြီးရောက်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ (A)ခန်းဆိုတာ (B)ခန်းနဲ့ ကပ်လျက်သား။

(B)ခန်းကတော့ ပြဿနာမနှစ်ကောင် (A)ခန်း ရောက်သွား၍ ဝမ်းတွေသာနေကြ၏။

"ချီးထုပ်တွေ လွင့်သွားတာကောင်းတယ်"

"(A)ခန်းကတော့ အထာမသိ။ နေရာတွေဘာတွေ သေချာ ဆေးလို့။ နေ့လယ်ပိုင်း ကျောင်းဆင်းတော့ (B)ခန်းရှေ့က ဖြတ်အပြန် မှာ ခင်မြင့်မူ ခလုတ်တိုက်ပြီး ဘိုင်းခနဲ . . လဲ၏။

"ငါ့ကို တစ်ယောက်ယောက် ခြေထိုးခံလိုက်တာ"

"ဘယ်သူလဲ"

"ငါလဲ မတွေ့လိုက်ဘူး"

လှေကားပေါ်ကဆင်းတော့ သန်းသံန်းဌေးကို နောက်က ဆောင့်တွန်းလိုက်၏။ ရှေ့ကဆင်းနေသော ကျောင်းသားတွေ အပေါ် လဲကျသွား၏။

"ဘာဖြစ်တာလဲဟ ဆံပင်လိမ်ကောက်ကွေးနဲ့"

"ဘယ်က ခါးကုန်းမကြီးလဲ"

"ရထားပေါ်က အရူးမကြီးကျနေတာပဲ"

"မတော်လို့ပါဟယ် . . ငါ့ကိုနောက်က တွန်းချလိုက်တာ၊ ခင်မြင့်မူ နင်မဟုတ်လား၊ နင်ငါ့နောက်က ဆင်းတာ"

"ငါ မတွန်းဘူး။ နင့်ဘာသာ ကောင်လေးတွေကို ငမ်းကြော ထပြီး ခုန်ဆင်းသွားတယ်လို့တောင် ငါထင်နေတာ"

"ဟဲ့ . . ငါက မိန်းကလေး အဲ့လိုလုပ်မလား"

"သိဘူးလေ ထင်တာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဆောင့်တွန်းတာပါ"

"မလုပ်ပါဘူးဆိုမှ ရုပ်ဆိုးမသရဲ တွန်းတာ ဖြစ်မှာပေါ့"

သန်းသန်းဌေးက ခင်မြင့်မူကို မသင်္ကာ။ စိတ်ထဲ ခုသွား၏။ ညနေပိုင်း ကျောင်းပြန်တက်သောအခါ ခင်မြင့်မူရဲ့စက်ဘီးကို သန်းသန်းဌေးစက်ဘီးက နောက်မှဝင်တိုက်ပစ်၏။

"ဟဲ့ကောင်မ . . ငါ့ကို ဘာလို့ တမင်တိုက်ရတာလဲ"

"ဟော့အေး . . ငါ့နောက်က အားနဲ့တွန်းလိုက်တာဟ"

"နင် အပိုတွေပြောမနေနဲ့၊ နင့်ကို လေ့ကားပေါ်က တွန်းချတယ်လို့ထင်ပြီး မကျေနပ်တာနဲ့ ငါ့ကိုပြန်လုပ်တာ"

"နင့်ကို အစာမကြေမိတာတော့ ဟုတ်တယ်၊ ခုဟာက တမင်လုပ်တာ မဟုတ်ပါဘူးဟယ် . . ရုပ်ဆိုးမသရဲလုပ်တာ ဖြစ်မှာပါ"

"အေးပါ . . ငါပြောခဲ့တဲ့စကားနဲ့ ငါ့ကို ပြန်နှက်နေတယ်။ ရတယ် . . ရတယ် မှတ်ထား"

အပေါ်ထပ် ရောက်လာ၏။ (B)ခန်းကို ဖြတ်ပြီးမှ (A)ခန်းကို ရောက်ရမည်။ ကျောင်းမတက်ခင်မို့ ကျောင်းသူ၊ ကျောင်းသားတွေ ကျွတ်စီညံနေကြ၏။ (A)ခန်းထဲက ရုတ်တရက် ပြေးထွက်လာသော လှမြင့်စိုးကြောင့် ခင်မြင့်မူတို့ လန့်အော်မိကုန်၏။

"ဘာလဲဟ"

"မသာ . . သေချင်းဆိုး ဘာလို့ ပြေးထွက်လာတာလဲ"

"ဗိုက်နာလို့ အိမ်သာပြေးတာဟ . . ကျောင်းတက်တော့မယ်။ နင်တို့ကို ဘာလုပ်လို့လဲ"

"လုပ်ရဲလုပ်ကြည့်ပါလား၊ အရေခွံဆုတ်ပစ်မယ်။ နင့်



www.burmeseclassic.com

www.burmeseclassic.com


ကြောင့် ငါတို့ လန့်သွားတယ်။ သောက်ရုပ်ဆိုးမသရဲ ဒုက္ခပေးတယ်၊ ဒီတစ်ခါတွေ့ကြည့် . . မကြောက်တော့ဘူး။ ကိုက်ကို ဖြဲပစ်လိုက်မယ် . . ဟွန့်"

နှစ်ယောက်သား ဆူဆောင့်ပြောပြီး (A)ခန်းထဲ ရောက်သွား၏။ သူတို့ထိုင်ခုံနေရာကို လှမ်းကြည့်လိုက်သောအခါ –

"အောင်မလေးတော်! . ."

"ဟဲ့ . . ဟဲ့ . . ဟိုမှာ တို့ထိုင်ခုံမှာထိုင်နေတာ ရုပ်ဆိုးမ"

"အေး . . မျက်ကွင်းညိုကြီးတွေနဲ့ အသားတွေပြာနှမ်းနေတာပဲ။ ဘေးကလူတွေ မသိကြတာ အံ့ရော"

ခင်မြင့်မူနဲ့ သန်းသန်းဋ္ဌေးတို့ ပြာယာခတ်ပြီး ဘေးနားက ကျောင်းသူတွေကို အကူအညီတောင်းကာ ရုပ်ဆိုးမထိုင်နေတဲ့ နေရာကို လက်ညှိုးထိုးပြကြ၏။

"ထိုင်ခုံအလွတ်ကြီးလေ၊ ဘာမှမရှိဘူး"

"နင်တို့ မျက်လုံးတွေ ကန်းနေကြလား။ ဟိုမှာ . . တို့ကို လှမ်းကြည့်နေပြီ အီး"

"မမြင်ပါဘူး"

ခင်မြင့်မူတို့နှစ်ယောက် အပြင်ပြန်ထွက်ပြီး ဆရာ၊ ဆရာမတွေ နားနေခန်းမှာရှိသော ဦးလေးနှင့်အဒေါ်ကို သွားခေါ်လာ၏။

ဦးလေးဆရာနှင့် အဒေါ်ဆရာမကလည်း ဒေါင်းတင်၊ မောင်းတင် လိုက်လာကြ၏။ လက်ထဲမှာ ကြိမ်လုံးတွေနှင့်။

"ဘယ်မှာလဲ ရုပ်ဆိုးမသရဲ မျိုးဖြုတ်ပစ်မယ်"

◻ ◻ ◻


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# Episode (9)

## ခေါင်းပြတ်သရဲ ရုပ်ဆိုးမ

ကို သတ်ပစ်တာ အေးတယ် . . အစိုးရကျောင်းမှာ နေ့ခင်း ကြောင်တောင်ကြီး လာအတင့်ရဲနေတာ”

အခန်းထဲရောက်တော့ ရုပ်ဆိုးမသရဲ မရှိတော့။ ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့သာ အရူးတွေဖြစ်ကုန်၏။

“ဘယ်မှာလဲ . . မတွေ့ဘူးမဟုတ်လား။ နင်တို့စိတ်တွေကိုက စွဲလန်းပြီး အဲ့ဒါပဲထင်နေတာ စိတ်အစွဲတွေ ဖျောက်ပစ်လိုက်”

“အဲ့ဒီအခန်းမှာ မထိုင်ရဲတော့ဘူး”

“လူလဲ ထိုင်ခိုင်းပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မူတို့နှစ်ယောက် အလယ်တန်းကို ရောက်သွား၏။ ရှေ့မှ၊ နောက်မှ ကျောင်းသူတွေနှင့်။ အဲ့ဒီနေ့ ကျောင်းဆင်းချိန်အထိ ဘာမှ ဆက်မဖြစ်တော့။ ဒသမတန်း(A)ခန်းမှာ ခင်မြင့်မူတို့ နှစ်ယောက်က အထူးအဆန်းသဖွယ် ဖြစ်နေ၏။

စာသင်နေလျှင် ဘလက်(ခ်)ဘုတ်ကို မကြည့်။ မျက်လုံးမှိတ်ထား၏။ နားထဲကို ဂွမ်းဆို့ထား၏။ အတန်းပိုင်ဆရာက အကြောင်းသိနေ၍ အသာလွှတ်ထားလိုက်၏။

ဘာသာရပ်ဆရာတွေလည်း ဘာမှမပြော။ တစ်ကျောင်းလုံးက သူတို့အကြောင်းကို သိနေပြီလေ။ ကျောင်းမှာက ရုပ်ဆိုးမသရဲ ဆိုတာကလည်း နာမည်ကြီးနေပြီ။

ကျောင်းသား၊ ကျောင်းသူတွေက "ရုပ်ဆိုးမသရဲ လာပြီ" ဆိုပြီး စကြ၊ နောက်ကြ၏။ ရုပ်ဆိုးမသရဲက သူ့ကို ကြိမ်းဝါးသော ဦးလေးဆရာနဲ့ အဒေါ်ဆရာမ ဆိုသူတွေကို သွားခြောက်လှန့်လိုက်သေး၏။

ဆရာ၊ ဆရာမတွေအတွက် သီးသန့်(Box)လေးတွေ ထားပေး၏။ ကိုယ့်ပစ္စည်းကိုယ် သိမ်းလို့ရအောင် ကိုယ့်သော့နဲ့ကိုယ် ထားပေး၏။ အဲ့ဒီအထဲမှာ ရုပ်ဆိုးမသရဲခေါင်းပြတ်ကြီး ရောက်ရောက်နေ၍ ဦးလေးဆရာ ထလန့်အော်တာ ငယ်သံကိုပါလို့။ အဒေါ်ဆရာမလည်း လန့်ကြောက်လွန်ပြီး မတ်တပ်ကြီးမေ့လို့။

ရုပ်ဆိုးမသရဲကတော့ အပြတ် သောင်းကျန်းနေပြီ။ ဆရာကြီး ဦးသောင်းကျော်လည်း ဘာလုပ်လို့၊ ဘာကိုင်ရမယ်မှန်းမသိ။ ဦးလေးဆရာက ပယောဂကုနိုင်သော ဂိုဏ်းဆရာတစ်ယောက်ကိုခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ကျောင်းလုံး အန္တရာယ်ကင်းအောင် လုပ်ခိုင်း၏။ ဆရာအတု က ဆန်မန်းပေါက်ပေါက်တွေ၊ သဲမန်းတွေပက်ကြဲပြီး ပြန်သွား၏။ ကျောင်းပိတ်ရက်မှာ အပြီးလုပ်ခြင်းဖြစ်၏။ ဒသမတန်း (B)ခန်း ထဲမှာ ဆရာကြီး ဦးသောင်းကျော်ကလည်း အမိန့်ထုတ်ပြန်၏။

"ဒါ အစိုးရကျောင်း ပရလောကသားတွေ နေခွင့်မရှိဘူး။ အခု ချက်ချင်းထွက်သွား . . ကျောင်းအုပ်ကြီး ငါ့အမိန့်၊ မင်းအမိန့်၊ အစိုးရအမိန့်"

ဦးသောင်းကျော် ဟန်မာန် ခပ်ထန်ထန်နှင့် ပြောအပြီးမှာ ခေါင်းပေါ်ကို အိမ်မြှောင်ချီးပါချသွား၏။

ဦးသောင်းကျော်လည်း လုံးဝကို စိတ်လေသွားတော့၏။

အပျော်အပျက်ကနေ ကြောက်လန့်ဖွယ်ရာအသွင်ကို ဆောင်လာ၏။ ဒသမတန်း(B)အခန်းထဲကိုပင် စာမသင်ချင်ကြတော့။ ဆရာ၊ ဆရာမတွေပင် အယုံအစွဲကြီးသူတွေက ကျီးလန့်စာစား။ မယုံသူတွေကတော့ ဘာသိဘာသာ။ ကျောင်းသား၊ ကျောင်းသူတွေ ထဲမှာလည်း ယုံလွယ်သူမိန်းကလေးတွေက အများစု။ မယုံကြည်သူ ကျောင်းသားတွေကတော့ အရေးမစိုက်။

(A)ခန်းထဲမှာ ခင်မြင့်မူနဲ့ သန်းသန်းငွေးတို့ နေ့တိုင်း တစ်နည်း မဟုတ်၊ တစ်နည်းနဲ့ အခြောက်ခံနေရ၏။ ဘေးလူတွေပင် ပါလာကုန်ကြ၏။

အပုပ်နံ့ပေးတာမျိုးဆို တစ်ခန်းလုံး မခံနိုင်။

ဒုန်း ဒုန်း ဒိုင်း ဒိုင်း အသံပေးတာဆို အားလုံးကြားနေရ၏။ တစ်ခါတလေ စာသင်နေရင်းနဲ့ ဘလက်(စ်)ဘုတ်ကြီးကို ဖြန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရိုက်လိုက်သံ ပေါ်လာ၏။ ဘယ်သူမှ မရှိ။ (A)ခန်းနဲ့ (B)ခန်း၊ ဆရာ၊ ဆရာမတွေနားနေခန်းမှာ ပိုအခြောက်များ၏။

ဖြတ်သွားဖြတ်လာ ကျောင်းသူ၊ ကျောင်းသားတွေထဲမှာ ကံနိမ့်နေတဲ့လူတွေဆို ရိပ်ခနဲ၊ ရိပ်ခနဲ ရုပ်ဆိုးမသရဲကို တွေ့လိုက်ကြရကြောင်း ပြောလာကုန်ကြ၏။

သိပ်ကံနိမ့်လွန်းတဲ့ ကျောင်းသားတွေဆို နောက်ကနေ လက်နဲ့ လာကုတ်ခြစ်လိုက်၊ ပါးကို ကုတ်ခြစ်သွားလိုက်နှင့်။ ရွှေမျက်မှန်လည်း နေ့တိုင်း ကြက်ကင်ကျွေးလိုက်၊ ဝက်သားဟင်း၊ ကြက်သားဟင်းကျွေးလိုက်နှင့်။ ကြာတော့ ငွေရေးကြေးရေး မတတ်နိုင်တော့။

ကျောင်းမှာလည်း ထမင်းမစားတော့။ ဝေးသော်လည်း စက်ဘီးနှင့် အိမ်ကို ပြန်စားဖြစ်တော့၏။ တစ်ညမှာတော့ –

"နင် ဘာလို့ ငါ့ကို မကျွေးတော့တာလဲ"

"ပိုက်ဆံမတတ်နိုင်တော့ဘူး"

"တတ်နိုင်သလောက် ကျွေးပေါ့"

"လုံးဝကို မတတ်နိုင်တော့တာ"

"နင်က ဒီလိုကြေးလား"

"ဟုတ်တယ်"

"နင့်ပါ . . ငါ ခြောက်လှန့်ရမှာလား"

"လုပ်ချင်သလိုလုပ်ဟာ . . နင် ဝင်မွှေနေတာ စာသင်တာတွေ ပျက်ကုန်ပြီ။ အစမ်းစာမေးပွဲကြီး လာတော့မှာ . . ငါတို့ကျူရှင်တက်နိုင်တာ မဟုတ်ဘူး။ နင့်ကြောင့် ဆရာမတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



စာကို ဟုတ်တိပတ်တိမသင်တော့ ငါတို့ မတတ်ဘူးပေါ့ဟာ"

"နင်က ပိုဆိုးနေပြီ။ ခင်မြင့်မူနဲ့ သန်းသန်းဋ္ဌေးတင် မဟုတ်ဘူး၊ ဘေးလူတွေပါ အကုန်ပါကုန်ပြီ။ နင်လက်စားချေတာ တောရောပေါ့ . . ခင်မြင့်မူနဲ့ မိသန်းဋ္ဌေးတို့လည်း အရင်လို မစွာတေးကြတော့ဘူး။ အားလုံးနဲ့ သင့်မြတ်အောင် ပြန်နေနိုင်ကြပြီ"

"သူတို့ဘက်က လျှော့လာတိုင်း နင် လိုက်မတင်းသင့်ဘူး နင့်ဘက်ကလည်း နည်းနည်းပြန်လျှော့ဦးမှပေါ့"

"မလျှော့နိုင်ဘူး . . ငါလုပ်ချင်တာ လုပ်ခွင့်ရရင် ပျော်တယ် နင် ငါ့ကို ပြန်ကျွေး၊ မကျွေးနိုင်ရင် နင့်ကိုစားမယ်"

ရွှေမျက်မှန် လန့်နိုးသွား၏။ နောက်နေ့မနက်မှာတော့ ရွှေမျက်မှန်တစ်ယောက် အထက်ဂိုဏ်းဆရာတစ်ဦးထံ သွားမေးမြန်းစုံစမ်းမိ၏။

"သရဲမွေးသလို ဖြစ်နေတာပေါ့ကွ။ သရဲဘဝရောက်သွားရင် တဖြည်းဖြည်းနဲ့ မိစ္ဆာစိတ်ဝင်လာရော၊ မိစ္ဆာစိတ်ဝင်လာရင် ဆွေမျိုးမပြောနဲ့ ညီအစ်ကို မောင်နှမ၊ မိဘတောင် မထားတော့ဘူး သူ့ကိုကျွေးမွေးတဲ့လူက ဆက်မကျွေးနိုင်ရင် အဲ့ဒီလူရဲ့ဝမ်းတွင်း ကလီစာတွေကို စားပစ်တယ်။ မြန်မြန် အဆက်ဖြတ်ပစ်"

ရွှေမျက်မှန်လန့်သွား၏။ ကျောင်းဖွင့်ရက် ကျောင်းတက်ဖြစ်သောအခါ ရင်တထိတ်ထိတ်နှင့်။

◰ ◰ ◰



www.burmeseclassic.com

www.burmeseclassic.com





# Episode (10)

## သင်္ချိုင်းကုန်းဆီသို့ အပြန်

"**အမလေးဗျ** ! . ."

ရွှေမျက်မှန်ရဲ့ ထိုင်ခုံဘေးမှာ ဆံပင်စုတ်ဖွား၊ အသားအရေ ဖြာနှမ်းနှမ်းနှင့် အပုပ်နံ့ထောင်းထောင်း,ထထွက်သွားအောင် လာထိုင်နေသူမှာ ရုပ်ဆိုးမသရဲ။

ဘေးကကောင်တွေက ရွှေမျက်မှန်ကို အလန့်တကြား ကြည့်ကုန်၏။ ရွှေမျက်မှန်လည်း ကြောက်ကြောက်နှင့် ကျောင်းအုပ်ကြီးရုံးခန်းကို လစ်ပြေး၏။

ကျောင်းအုပ်ကြီးနှင့် ဝင်တွေ့၏။ ကျောင်းအုပ်ကြီး ရုံးထိုင်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲအပေါ်ဘက်မှာ ဘုရားစင်ရှိ၏။

ရွှေမျက်မှန် သိပ်ကြောက်နေပြီ။ နေ့ခင်း ထမင်းစားချိန်မှာ အစာလာချပေးရန် သတိပေးတဲ့အနေနဲ့ ရုပ်ဆိုးမသရဲက ကိုယ်ထင်ပြခြင်း ဖြစ်မည်။

ကတိတည်နေ၍ မရတော့။ မကောင်းသောကတိကို စောင့်ထိန်းစရာ မလို။ အကုသိုလ်ကို ပိုမိုမွေးဖွားစေ၏။

ဆရာကြီးကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရတော့၏။ ဆရာကြီးက သေချာနားထောင်ပြီး –

"မင်း တော်တော်မိုက်မဲတဲ့ကောင်ပဲ။ မရှုနိုင်၊ မကယ်နိုင် ဖြစ်မှ လာပြောတယ်။ မင်းကို မထိခိုက်မချင်း မင်းငြိမ်နေတဲ့ကောင်ပဲ၊ မင်းမှာ အပြစ်ရှိတယ်"

"အဲ့ဒီကိစ္စကို မင်းဘာသာ ပြန်ရှင်း၊ အဲ့ဒါ ပြစ်ဒဏ်ခတ်တာ။ ဘာပဲပြောပြော အချိန်မလွန်ခင် လာပြောတာတော့ ကောင်းတယ်။ ဒါမျိုးဆိုတာ အသက်သေတဲ့အထိတွေတောင် ဖြစ်နိုင်တယ်။ အဲ့ဒီသစ်ခက်ကို မင်းဘာသာ သင်္ချိုင်းသွားပြန်ပို့လိုက်"

"ဟုတ် . . ဟုတ်ကဲ့ ဆရာကြီး"

နေ့ခင်းထမင်းစားချိန်မှာ ရွှေမျက်မှန်လည်း မုန့်ဈေးတန်းက ဝက်သားတုတ်ထိုး ငါးရာဖိုးသွားဝယ်ပြီး အခန်းထဲပြန်ကာ ခုံပေါ်တင်ပေးထားလိုက်၏။ ကျောင်းအုပ်ဆရာကြီးရဲ့ကြောင်က လာစား၏။ ပြောပြထား၍ ကျောင်းအုပ်ကြီးလည်း လာကြည့်၏။

"စား . . စား . . တပည့်မ၊ စားပြီးရင် . . ကိုယ်နဲ့ သင်္ချိုင်းတော်ရာမှာ ပြန်နေပါကွယ်။ မကောင်းမှုကံအစွဲကြောင့် ပြိတ္တာဘုံကို



www.burmeseclassic.com

www.burmeseclassic.com



လားရတယ်။ ကျွတ်လွတ်အောင် လုပ်ပေးဆိုလည်း လုပ်ပေးပါ့မယ်"

ကြောင်နက်မလေးက စားနေရာကနေ ဆရာကြီးကို လှမ်းကြည့်နေ၏။

"မောင်ကျောင်းသား"

"ခင်ဗျား"

"သစ်ခက်ကို သွားယူ"

"ဟုတ်ကဲ့"

ဘလက်(စ်)ဘုတ်နောက်က သစ်ခက်ကို ယူလိုက်တော့ ကြောင်နက်ကလေးက တခွီးခွီးနှင့် မာန်တွေဖီပါလေရော။ အတန်းထဲမှာ နေ့လယ်စာစားနေသော ကျောင်းသား၊ ကျောင်းသူတွေပါ ဝိုင်းကြည့်နေကြ၏။

ဆရာကြီးက ဘုရားစာရွတ်ပြီး ကြောင်လေးကို လက်နှင့်ပွတ်သပ်ဖို့ ကြိုးစား၏။ ကြောင်နက်မလေးက ဆရာကြီးရဲ့လက်ကို လှမ်းကုတ်၏။ ဆရာကြီးက မေတ္တာသုတ်ကို ပြောင်းရွတ်ပြီး ကိုင်တော့မှ အသာငြိမ်ကျသွားပြီး ကိုင်တွယ်ပွတ်သပ်ခံတော့၏။

"ကဲ . . သစ်ခက်ဆီ သူပြောင်းသွားပြီ"

သစ်ခက်ခြောက်လေးက ပေါ့နေရာက ပိုလေးသွား၏။

"မင်းသွားပို့တော့ . . နေ့လယ်ပိုင်းပို့တာ အကောင်းဆုံးပဲ၊ အဖော်တစ်ယောက် ခေါ်သွားဦးမလား"

"မခေါ်တော့ပါဘူး ဆရာကြီး . . ကျွန်တော့် မိုက်ကြေး၊ မိုက်ပြစ်ကို ကျွန်တော်ပဲ ဆပ်ပါ့မယ်"

"အေး . . အေး နောက်ဆို မဟုတ်တာမလုပ်ရဘူး။ မလုပ်





www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာလည်း မလုပ်ရဘူး။ ဘေးဒဏ်ပြန်သင့်တတ်တယ်”

“ဟုတ်ကဲ့”

ရွှေမျက်မှန်တစ်ယောက် ကျောင်းနှင့် မနီးမဝေးမှာရှိသော သုသာန်ဆီ သုတ်ခြေတင်ရတော့၏။ လမ်းတစ်လျှောက်လုံး မှတ်မဲ ခိုင်းကြီးက တစီစီနှင့် ရွှေမျက်မှန်ကို လိုက်ထိုး၊ လိုက်ကိုက်နေ၏။

ရွှေမျက်မှန်လည်း မေတ္တာသုတ်အလွတ်ရတာမို့ မေတ္တာ သုတ်ကို ဖိရွတ်လာ၏။ သင်္ချိုင်းထဲရောက်တော့ မှတ်ကောင်ကြီး ပျောက်သွား၏။ အသေအချာကြည့်လိုက်တော့ သစ်ကိုင်းခြောက်မှာ နားနေ၏။

ရုပ်ဆိုးမလေးရဲ့ မြေပုံရှေ့ကို ရောက်တော့ –

“သင်္ချိုင်းစောင့်များခမျာ . . သင်းမြမွှေးကို လာပြန်ပို့ပါ တယ်။ သင်းမြမွှေးအနေနဲ့ ကျွတ်လွတ်ချင်ရင် ဘယ်လို အလှူလုပ် ပေးရမယ်ဆိုတာ သူ့ရဲ့ ကျောင်းအုပ်ဆရာကြီး ဦးသောင်းကျော်ဆီ ကို အိပ်မက်သွားပေးနိုင်ပါစေ။ အဲ့ဒါလေး ခွင့်ပြုပါ”

“အမျှအတန်းပေးဝေတဲ့အခါ သင်္ချိုင်းစောင့်ကြီးကိုပါ . . သေသေချာချာ အမျှအတန်းပေးဝေပေးပါ့မယ်”

သင်းမြမွှေးမြေပုံပေါ်မှာ သစ်ကိုင်းခြောက်ကို ချလိုက်သည် နှင့် မှတ်ကောင်လည်း ပျောက်သွား၏။

ရွှေမျက်မှန်လည်း အမြန်ပြန်လစ်ရတော့၏။ ကျောင်းပြန် ရောက်သောအခါ သင်္ချိုင်းစောင့်ကို ပြောဖြစ်တာတွေ ဆရာကြီးကို ပြန်ပြောပြလိုက်၏။

“ခွီး . . ကောင်လေး ငါ့ကို ထိုးချခဲ့သေးတယ်။ အိပ်မက်က



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုလည်း ပေးလို့ရတဲ့ဉစ္စာ . . ကျောင်းရုံးခန်းမှာ ငါတစ်ယောက်ထဲ အိပ်တာကွ”

“ဆရာကြီးက မကြောက်တတ်ဘူးဆိုလို့ပါ”

“အေး . . မှတ်ထား . . ဘုရား၊ ရဟန္တာကလွဲရင် (၃၁)ဘုံသားအားလုံး အနည်းနဲ့အများ ကြွာတာပဲရှိတယ်။ အကုန်ကြောက်တတ်တယ်။ ခုမှတော့ မတတ်နိုင်ဘူး။ အိပ်မက်လာပေးချင်လည်း ပေးပါစေတော့”

နောက်နေ့မှာ ဆရာကြီး အိပ်မက်ရ၏။ အိပ်မက်အတိုင်း ရုပ်ဆိုးမ သင်းမြွေ့ရဲ့ မိဘတွေနဲ့တိုင်ပင်ကာ ဘုန်းကြီးကျောင်းမှာ အလှူအတန်း ပြုလုပ်ကြ၏။ အတန်းသူ၊ အတန်းသားတွေ အကုန်လိုက်ရ၏။

BURMESE CLASSIC

ခင်မြင့်မူနဲ့ သန်းသန်းဌေးတို့လည်း အကျွတ်တရားရပြီးသူများကို အနိုင်မကျင့်တော့။ အားလုံး လှူဒါန်းမှုအစုစုကို အမျှဝေလိုက်သောအခါ အပုပ်နံ့လိုလိုနံနေရာကနေ အမွှေးနံ့ကို ပြောင်းလဲသွားတော့၏။ သင်းမြွေ့ ကောင်းရာသုဂတိ လားသွားပေပြီ။

ကုန်ကျစရိတ်ကို သင်းမြွေ့မိဘတွေက တစ်ဝက်ခံပေး၏။ ကျန်တစ်ဝက်ကို ကျောင်းအုပ်ကြီးက ခံပေးသလိုလိုနဲ့ ကျောင်းပြန်တက်တဲ့နေ့မှာ ကျောင်းသူ၊ ကျောင်းသားတွေဆီက “စိုက်ထားတဲ့ငွေဖိုး” ပြန်ကောက်ခံ တောင်းယူသွားလေတော့သတည်း။ ။

စေတန်



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

## ၏

# ငါးအုပ်မြောက် သရဲစာအုပ်

---

## ကဝေနဲ့ တစ္ဆေ
## ကလေး သရဲ
## ဗိုက်ပူမ သရဲ

BURMESE CLASSIC

– စေတန်၏ ငါးအုပ်မြောက် စာအုပ်တွင် –

သရဲဝတ္ထု သုံးပုဒ်ပါဝင်မည်ဖြစ်ပြီး "ကဝေနဲ့ တစ္ဆေ"တွင် ဇာတ်လမ်းတွင်းပါ ကဝေရှင် ဆရာဝန်တစ်ဦးနှင့် တစ္ဆေဖြစ်သွားတဲ့ မိန်းကလေးတစ်ဦးတို့ရဲ့ အကြောင်းကို ဆန်းကြယ်စွာ ဖတ်ရှုရမည်။

"ကလေးသရဲ"တွင် လူကြီးအတတ်များကို တတ်နေသော ကလေးငယ်တစ်ဦးသေဆုံးသွားသောအခါ ကလေးသရဲဖြစ်လာပုံနှင့်

"ဗိုက်ပူမ သရဲ"တွင် အလွန်အံ့အားသင့် ထိတ်လန့်ဖွယ်ကောင်းသော မင်္ဂလာဆောင်ချိန်တွင် ဗိုက်ကြီးပူလာသော သတို့သမီးလောင်း၏ အဖြစ်အပျက်များကို ဖတ်ရှုရမည် ဖြစ်ပါကြောင်း။

## မကြာမီ လာမည်• •မျှော်



www.burmeseclassic.com